ကြေးမုံ
The Mirror Daily
၁၉၅၇ ဧပြီ ၁၆ တွင် စတင်တည်ထောင်သည်။ Established in 1957

**လောကကို ရှုကျင့်သူ**

ရေပြင်ကို ရှုမြင်ရသကဲ့သို့လည်းကောင်း၊ တံလျှပ်ကို ရှုမြင်ရသကဲ့သို့ လည်းကောင်း၊ ဤအတူ(ခန္ဓာငါးပါးဟူသော) လောကကို ရှုကျင့်သူကို သေမင်းသည်မမြင်နိုင်။ ဤသို့ ရှုသောသူသည် သေခြင်းကင်းရာ နိဗ္ဗာန်ကို မျက်မှောက်ပြုကြကုန်၏။ ထိုသူတို့အား နောက်တစ်ကြိမ် ပဋိသန္ဓေနေ၍ သေရခြင်းသည် မရှိတော့ပြီ။

လောကဝဂ်(ဓမ္မပဒ-၁၇၀)

၁၃၈၂ ခုနှစ်၊ နယုန်လပြည့်ကျော် ၅ ရက်၊ ဗုဒ္ဓဟူးနေ့။ Wednesday, 10 June 2020 ၁၀၀၃၉

# နိုင်ငံတော်၏အတိုင်ပင်ခံပုဂ္ဂိုလ် ဒေါ်အောင်ဆန်းစုကြည်

## ပုံမှန်ဝင်ငွေမရှိသော အခြေခံလူတန်းစားများ ထောက်ပံ့ပေးမှု အခြေအနေများနှင့်စပ်လျဉ်း၍ အပြန်အလှန်ဆွေးနွေး






Coronavirus Disease 2019 (COVID-19) ကာကွယ်၊ ထိန်းချုပ်၊ ကုသရေး အမျိုးသားအဆင့် ဗဟိုကော်မတီဥက္ကဋ္ဌ၊ နိုင်ငံတော်၏အတိုင်ပင်ခံပုဂ္ဂိုလ် ဒေါ်အောင်ဆန်းစုကြည် ပုံမှန်ဝင်ငွေမရှိသော အခြေခံလူတန်းစားများ ထောက်ပံ့ပေးမှု အခြေအနေများနှင့်စပ်လျဉ်း၍ အပြန်အလှန် ဆွေးနွေးစဉ်။

နေပြည်တော် ဇွန် ၉

Coronavirus Disease 2019 (COVID-19) ကာကွယ်၊ ထိန်းချုပ်၊ ကုသရေး အမျိုးသားအဆင့် ဗဟိုကော်မတီဥက္ကဋ္ဌ၊ နိုင်ငံတော်၏အတိုင်ပင်ခံပုဂ္ဂိုလ် ဒေါ်အောင်ဆန်းစုကြည်သည် ပုံမှန်ဝင်ငွေမရှိသော အခြေခံလူတန်းစားများ ထောက်ပံ့ပေးမှုအခြေအနေများနှင့်စပ်လျဉ်း၍ မကွေးတိုင်းဒေသကြီး ဝန်ကြီးချုပ် ဒေါက်တာအောင်မိုးညို၊ ကော့ပနော‌ကျေးရွာအုပ်စု အုပ်ချုပ်ရေးမှူး ဒေါ်နီနီအောင်၊ လှိုင်သာယာ(အရှေ့ပိုင်း) မြို့နယ်အုပ်ချုပ်ရေးမှူး ဦးကျော်ဆွေတို့နှင့် ယနေ့နံနက်ပိုင်းတွင် နေပြည်တော်ရှိ နိုင်ငံတော်သမ္မတအိမ်တော် အစည်းအဝေးခန်းမ၌ Video Conferencing စနစ်ဖြင့် ချိတ်ဆက်တွေ့ဆုံ၍ အပြန်အလှန် ဆွေးနွေးသည်။

ရှေးဦးစွာ Coronavirus Disease 2019 (COVID-19) ကာကွယ်၊ ထိန်းချုပ်၊ ကုသရေး အမျိုးသားအဆင့် ဗဟိုကော်မတီဥက္ကဋ္ဌ၊ နိုင်ငံတော်၏အတိုင်ပင်ခံပုဂ္ဂိုလ်က နှုတ်ခွန်းဆက်စကား ပြောကြားသည်။

စာမျက်နှာ ၃ ကော်လံ ၁ သို့ ☆

☆ ယခုအကြိမ်တွင် ပစ္စည်းမပေးဘဲ ငွေကြေးသာ ပေးအပ်သွားမည်
☆ အချို့ဒေသများတွင် ရိက္ခာငါးမျိုးမှာ ဝယ်ရ၊ ရှာရသည်မှာခက်ခဲ
☆ အချို့တိုင်းဒေသကြီးနှင့် ပြည်နယ်များမှာ အခြားဒေသများမှ ဝယ်ယူရသည့်အတွက် အချိန်ယူရ
☆ နောက်ပိုင်းတွင် ငွေကြေးသာထောက်ပံ့ပေးတော့မည်

ကြေးမုံ ယနေ့ ဖတ်စရာ

ဇွန်(၁)ရက်မှ (၁၅)ရက်အထိ အိမ်သုံးအမျိုးအစား လျှပ်စစ်ဓာတ်အားသုံးစွဲမှု (၇၅) ယူနစ်အထိ ငွေကြေးကောက်ခံမှု ကင်းလွတ်ခွင့်(အခမဲ့) ထပ်မံပေးသွားမည်

စာမျက်နှာ » ၅

ကျေးလက်နေပြည်သူများအတွက် အလုပ်အကိုင်ဖန်တီးပေးမည့် Cash for Work စီမံကိန်းအကောင်အထည်ဖော်သွားမည်

စာမျက်နှာ » ၉

KBZ BANK
(6) CONSECUTIVE YEARS
'BANK OF THE YEAR IN MYANMAR 2018'
Awarded by Financial Times (The Banker)

ကြေးမုံ

# ကပ်ရောဂါဘေးကင်းဝေးရေး မြဲမြံသောသတိဖြင့် ကြိုးစားအားထုတ်

မြတ်စွာဘုရားရှင် ပရိနိဗ္ဗာန်စံတော်မူခါနီးတွင် အတန်ငယ်အားယူပြီးနောက် နောက်ဆုံးဩဝါဒစကားကို အောက်ပါအတိုင်း မှာကြားမိန့်တော်မူသည်-

**ဟန္ဒ ဒါနိ ဘိက္ခဝေ အာမန္တယာမိဝေါ၊**

**ဝယဓမ္မာ သင်္ခါရာ၊ အပ္ပမာဒေန သမ္ပာဒေထ။**

ချစ်သားတို့ - သင်တို့အား ယခုနောက်ဆုံးစကား မှာကြားပေအံ့။ "ဖြစ်ပေါ်သမျှသဘာဝတို့သည် ပျက်စီးရသည်ချည်းသာတည်း။ မြဲမြံသောသတိဖြင့် သီလ၊ သမာဓိ၊ ပညာ၊ တရားတို့ကို ပြည့်စုံတိုးပွားအောင် ကြိုးစားအားထုတ်ရစ်ကြကုန်လော့" ဟု မိန့်တော်မူခဲ့သည်။

ဤကမ္ဘာလောကကြီးတွင် ဖြစ်ခြင်းတို့နှင့်အတူ ပျက်စီးခြင်းတို့လည်း ဖြစ်ပေါ်လာရသည်မှာ ဓမ္မတာပင်ဖြစ်သည်။ ယင်းကို မြတ်စွာဘုရားရှင်က နောက်ဆုံးသတိပေးခဲ့သည်။ မြဲမြံသောသတိဖြင့် သိက္ခာသုံးပါး အကျင့်တရားတို့ကို ပြည့်စုံတိုးပွားအောင် ကြိုးစားအားထုတ်မှသာ ဒုက္ခဝဋ်ဆင်းရဲအပေါင်းတို့မှ လွတ်မြောက်နိုင်မည် ဖြစ်သည်။ သိက္ခာသုံးပါးကဲ့သို့ ကောင်းမြတ်သောအကျင့်တရားတို့ကို အားမထုတ်နိုင်ကြပါက မည်သည့်လောကလူသားမဆို ဘေးဒုက္ခကြုံတွေ့နိုင်ပုံကို မျက်မှောက်ကာလကပ်ဘေးတို့က အသိပေးနေပါသည်။

ဖောက်ပြန်ချို့ယွင်းခြင်းကိုဆိုလိုသော ဝိပတ္တိကာလတွင် သတ္တဝါတို့ လောဘ၊ ဒေါသ၊ မောဟတရားများနှင့် မေ့လျော့ခြင်းတို့ ကြီးမားလွှမ်းမိုးလာသောကြောင့် ပျက်စီးခြင်းဘေးအမျိုးမျိုးတို့ ပေါ်ပေါက်လာရသည်ဟု ဗုဒ္ဓတရားတွင် ဆိုထားသည်။ ကပ်ရောဂါအသွင်ဖြစ်ပွားသည့် ရောဂါဘေးကြောင့် ကမ္ဘာတစ်ဝန်း၌ လူအပေါင်းတို့ သေကျေပျက်စီးခြင်းသည် အဆုံးမသတ်သေးဘဲ ရှိနေသေးသည်။ လောကလူသားများ ပျက်စီးခြင်းကပ်ဘေးတို့သည် ယခုမှမဟုတ် ရှေးကာလကလည်း ဖြစ်ခဲ့ရသည်။ ယခုကာလတွင်လည်း ပျက်စီးနေသည်။ နောင်ကာလတွင်လည်း ပျက်စီးနေဦးမည် ဖြစ်သည်။

ထို့ကြောင့် ပေါ့ပေါ့ဆဆမနေထိုင်ကြဘဲ မြဲမြံသောသတိတရားကို စွဲမြဲစွာလက်ကိုင်ထား၍ မှန်ကန်သောအကျင့်၊ မြတ်သောတရားတို့ကို ကြိုးစားပွားများအားထုတ်ကြဖို့ လိုပေလိမ့်မည်။ ကိုဗစ်-၁၉ ကပ်ဘေးရောဂါကြောင့် ကမ္ဘာတစ်ဝန်းတွင် ရောဂါကူးစက်ခံရသူ ခုနစ်သန်းကျော်ရှိပြီး ရောဂါကြောင့် သေဆုံးသွားသူ လေးသိန်းကျော်နေပြီ။ ကမ္ဘာပေါ်တွင် ချမ်းသာကြွယ်ဝသော နိုင်ငံများ၌ အများဆုံးကူးစက်ဖြစ်ပွားသေဆုံးနေပြီး ကမ္ဘာ့အချမ်းသာဆုံးနိုင်ငံ၊ အင်အားအကြီးဆုံးနိုင်ငံကြီးတွင် ရောဂါကူးစက်ခံရသူ နှစ်သန်းနီးပါးနှင့် သေဆုံးသူတစ်သိန်းကျော်ရှိနေသည်။ မြန်မာနိုင်ငံတွင် ကိုဗစ်-၁၉ ကူးစက်ခံရသူ ၂၄၆ ဦး၊ သေဆုံးသူ ခြောက်ဦးသာရှိသည်ဆိုသော်လည်း ကပ်ရောဂါဘေး အစုအပြုံလိုက် မကျရောက်လာရေး၊ အခြားဘေးအန္တရာယ်များလည်း ကင်းဝေးရေးအတွက် မြဲမြံသောသတိဝီရိယဖြင့် ကာကွယ်စောင့်ရှောက်ကြရမည်သာမက ကောင်းမြတ်သော အကျင့်တရားများဖြင့်လည်း ဘေးအန္တရာယ်ကင်းဝေးရေးကို အားထုတ်ကြရမည် ဖြစ်သည်။

မြန်မာနိုင်ငံတွင် ကိုဗစ်-၁၉ ရောဂါဖြင့် သေဆုံးသူ ခြောက်ဦးနှင့် ထိန်းထားနိုင်သော်လည်း အခြားဘေးအမျိုးမျိုး၊ ရောဂါအမျိုးမျိုးတို့ကြောင့် လူ့အသက်များ မဆုံးရှုံးမပျက်စီးသင့်ဘဲ မဆုံးရှုံးမပျက်စီးရအောင်လည်း ဂရုစိုက်ဖို့လိုမည် ဖြစ်သည်။ လက်နက်ဘေး၊ ကူးစက်ရောဂါအမျိုးမျိုး၊ မကူးစက်နိုင်သောရောဂါဘေးနှင့် သဘာဝဘေး၊ အန္တရာယ်ဘေးတို့ကိုလည်း သတိထားရမည် ဖြစ်သည်။ ယခုအခါ မြန်မာနိုင်ငံတွင် မိုးကြိုကာလနှင့် မိုးနှောင်းကာလတို့၌ ဖြစ်ပေါ်တတ်သော မိုးကြိုးဘေးအန္တရာယ်သည် အထူးသတိထားရမည့် အချက်ဖြစ်သည်။ ယမန်နှစ်က မိုးကြိုးပစ်ခံရမှုကြောင့် လူ ၁၃၃ ဦး သေဆုံးခဲ့ပြီး ၅၂ ဦး ဒဏ်ရာရရှိခဲ့သည်။ ယခုနှစ်တွင် ဇွန်လ ၆ ရက်နေ့အထိ လူ ၆၂ ဦးသေဆုံးပြီး ၂၆ ဦး ဒဏ်ရာရရှိခဲ့သည်။

သို့ဖြစ်ရာ ဖောက်ပြန်ချို့ယွင်းပျက်စီးတတ်သော ဝိပတ္တိကာလတွင် ရောဂါကပ်ဘေးတို့သာမက အခြားဘေးအမျိုးမျိုးတို့နှင့်လည်း ရင်ဆိုင်ကြုံတွေ့နိုင်သည်ဖြစ်ရာ လောကလူတို့ လိုက်နာအပ်သည့်၊ လိုက်နာရမည့် ဆိုင်ရာဆိုင်ရာတို့၏ အသိပေးထုတ်ပြန်ထားချက်များ၊ လမ်းညွှန်ချက်များအား အလေးအနက်ထားဆောင်ရွက်ကြရမည် ဖြစ်သကဲ့သို့ တစ်ဖက်တွင်လည်း လောကဓမ္မတာအရ ပျက်စီးရမည့်ဘေးတို့မှ လျော့ပါးသက်သာကင်းဝေးရေးအတွက် မြတ်စွာဘုရားရှင် နောက်ဆုံးမှာကြားချက်ဖြစ်သည့် မြဲမြံသောသတိဖြင့် သီလ၊ သမာဓိ၊ ပညာ၊ သိက္ခာသုံးပါးတို့ကို ပြည့်စုံတိုးပွားအောင် ကြိုးစားအားထုတ်သင့်ပါကြောင်း။ ။

MYANMAR Digital News
Presented by NPE
www.mdn.gov.mm

## ကမ္ဘောဇဘဏ်က ဒေသအသီးသီးရှိ အခြေခံပြည်သူများအတွက် စားနပ်ရိက္ခာများ ဖြန့်ဝေလှူဒါန်း

**နေပြည်တော် ဇွန် ၉**

ကိုဗစ်-၁၉ ကပ်ရောဂါကာလအတွင်း မြန်မာနိုင်ငံဒေသအသီးသီးရှိ အခြေခံပြည်သူများအတွက် ကမ္ဘောဇဘဏ်က စားနပ်ရိက္ခာများနှင့် ကာကွယ်ကုသရေး အထောက်အကူပြုပစ္စည်းများ ဖြန့်ဝေလှူဒါန်းလျက်ရှိရာ ယမန်နေ့က နေပြည်တော်ကောင်စီရုံး၌ နေပြည်တော် ပြည်ထောင်စုနယ်မြေအတွင်းရှိ အခြေခံပြည်သူများအတွက် ဆန်အိတ်ပေါင်း ၁၀၀၀ ကို နေပြည်တော်ကောင်စီအတွင်းရေးမှူး ဦးခင်မောင်လေးထံသို့ ပေးအပ်လှူဒါန်းခဲ့သည်။




ထို့အတူ ဇွန် ၆ ရက်က ရန်ကုန်တိုင်းဒေသကြီးအတွင်းရှိ အခြေခံပြည်သူများအတွက် ဆန်အိတ် ၃၀၀၀ ကို တိုင်းဒေသကြီးဝန်ကြီးချုပ် ဦးဖြိုးမင်းသိန်းထံ ပေးအပ်လှူဒါန်းခဲ့သည်။ ကမ္ဘောဇဘဏ်သည် နေပြည်တော် ပြည်ထောင်စုနယ်မြေအပါအဝင် ပြည်နယ်နှင့် တိုင်းဒေသကြီးအားလုံးရှိ အခြေခံပြည်သူများအား ပေးဝေလှူဒါန်းရန်အတွက် ငွေကျပ်သိန်း ၆၀၀၀ ကျော်တန်ဖိုးရှိ ဆန်အိတ် ၂၀၀၀၀ ကျော်ကို ကိုဗစ်-၁၉ ရောဂါထိန်းချုပ်ရေးနှင့် အရေးပေါ်တုံ့ပြန်ရေးကော်မတီသို့ ဧပြီ ၁၃ ရက်တွင် စနစ်တကျ ဖြန့်ဝေလှူဒါန်းခဲ့သည်။

ကူးစက်ရောဂါ ကာကွယ်ကုသရေးအတွက် မြန်မာနိုင်ငံတွင် ရောဂါစတင်မဖြစ်ပွားမီကပင် ကျန်းမာရေး အထောက်အကူပြုပစ္စည်းများ ဝယ်ယူနိုင်ရန် ကျပ်သိန်း ၁၀၀၀ ကနဦး မတည်လှူဒါန်းခဲ့ခြင်းနှင့် ငွေကျပ်သိန်း ၁၄၀၀၀ ကျော်တန်ဖိုးရှိ ကာကွယ်ကုသရေး အထောက်အကူပြုပစ္စည်းများကို ကုန်းလမ်းသာမက MAI စင်းလုံးငှား လေယာဉ်များဖြင့် သယ်ယူလှူဒါန်းခဲ့သည်။ ကမ္ဘောဇဘဏ်သည် ရှမ်းပြည်နယ်အစိုးရနှင့် ပူးပေါင်း၍ ငွေကျပ်သိန်း ၁၀၀၀၀ မတည်ကာ အခြေခံပြည်သူများအတွက် ရိက္ခာထုပ်များနှင့် တိုင်းဒေသကြီးနှင့် ပြည်နယ်အသီးသီးရှိ ပြည်သူ့ဆေးရုံများ၊ တိုက်နယ်ဆေးရုံများ၊ ကျေးလက် ဆေးပေးခန်းများအတွက် ရောဂါကာကွယ်ရေးပစ္စည်း ခြောက်မျိုးကို ရှမ်းပြည်နယ်ဝန်ကြီးချုပ် ဒေါက်တာလင်းထွဋ်၊ ပြည်နယ်လွှတ်တော်ဥက္ကဋ္ဌ ဦးစိုင်းလုံဆိုင်၊ ကမ္ဘောဇဘဏ်လီမိတက် နာယက ဦးအောင်ကိုဝင်းတို့ ဦးဆောင်၍ နေရာအရောက် နေ့စဉ်လှူဒါန်းခြင်းတို့ကို ဆောင်ရွက်လျက်ရှိသည်။

ထို့အပြင် ချင်းပြည်နယ်၊ ကယားပြည်နယ်နှင့် ရခိုင်ပြည်နယ်တို့ရှိ စောင့်ကြည့်လူနာများအနက်မှ အခက်အခဲရှိသူများ၏ နေ့စဉ် စားစရိတ်အတွက် သက်ဆိုင်ရာပြည်နယ်အစိုးရများအား ငွေကျပ်သိန်း ၃၀၀ စီဖြင့် စုစုပေါင်းကျပ်သိန်း ၉၀၀ ကို လှူဒါန်းခဲ့သည်။ ထို့အတူ ကမ္ဘောဇ အာမခံကုမ္ပဏီများဖြစ်သည့် KBZ MS General Insurance နှင့် KBZ Life တို့မှလည်း သိန်း ၁၀၀၀ ကျော်တန်ဖိုးရှိ ကျန်းမာရေးအထောက်အကူပြုပစ္စည်းများကို ရန်ကုန်မြို့ရှိ ပြည်သူ့ဆေးရုံကြီးများသို့ လှူဒါန်းခဲ့ခြင်း၊ ကမ္ဘောဇဘဏ်နှင့်ပူးပေါင်း၍ သိန်း ၁၀၀၀ မတည်လှူဒါန်းခြင်း၊ ကာတွန်းဇာတ်ကောင်များဖြင့် ရောဂါကာကွယ်၊ ကျန်းမာရေး အသိပညာပေးဆောင်ရွက်မှုများ အပါအဝင် စုစုပေါင်း ငွေကျပ်သိန်း ၅၀၀၀ ကို ပါဝင်လှူဒါန်းထားသည်။ ရောဂါရှာဖွေဖော်ထုတ်နိုင်ရေးအတွက် National Health Laboratory တွင် အရေးပေါ်လိုအပ်နေသော ကျပ်သိန်း ၁၂၅၀ တန်ဖိုးရှိ ၅၀၀ ကေဗွီအေ မီးစက်နှင့် ဆက်စပ်ပစ္စည်းများကို အမျိုးသားကျန်းမာရေးဓာတ်ခွဲမှုဆိုင်ရာဌာနသို့ ပေးပို့လှူဒါန်းခဲ့သည်။

**ကိုကျော်**

## ရန်ကုန်စတော့အိတ်ချိန်းဈေးကွက် (၉-၆-၂၀၂၀)

| ကုမ္ပဏီအမည် | အဖွင့်ဈေး (ကျပ်) | အပိတ်ဈေး (ကျပ်) | ရှယ်ယာ စောင်ရေ | ရှယ်ယာတန်ဖိုး (ကျပ်) |
|---|---|---|---|---|
| FMI | ၁၀,၅၀၀ | ၁၀,၅၀၀ | ၃,၆၃၈ | ၃၈,၁၂၄,၀၀၀ |
| MTSH | ၃,၈၀၀ | ၃,၈၅၀ | ၁,၀၁၇ | ၃,၈၉၄,၃၅၀ |
| MCB | ၈,၁၀၀ | ၈,၁၀၀ | ၁၀ | ၈၁,၀၀၀ |
| FPB | ၂၃,၀၀၀ | ၂၃,၀၀၀ | ၂,၇၇၁ | ၆၃,၇၃၄,၀၀၀ |
| TMH | ၂,၈၀၀ | ၂,၈၀၀ | ၂,၀၀၀ | ၅,၆၀၀,၀၀၀ |
| EFR | ၂,၇၀၀ | ၂,၇၀၀ | ၆၄၄ | ၁, ၇၃၈,၈၀၀ |

ရန်ကုန်စတော့အိတ်ချိန်းမှ ရယူသည်။

## ရွှေဈေး၊ စက်သုံးဆီဈေးနှင့် နိုင်ငံခြားငွေလဲလှယ်နှုန်း

နေပြည်တော် ဇွန် ၉

| ရန်ကုန်(ရွှေဈေး) ၁၂၁၃၅၀၀ | မန္တလေး(ရွှေဈေး) ၁၂၁၂၅၀၀ |
|---|---|

| စက်သုံးဆီအမျိုးအစား | | ရန်ကုန် | မန္တလေး |
|---|---|---|---|
| (က) အဆင့်မြင့်ဒီဇယ် | တစ်လီတာ | ၅၂၀/၅၅၅ ကျပ် | ၅၆၀/၅၇၅ ကျပ် |
| (ခ) ဒီဇယ် | တစ်လီတာ | ၅၁၀/၅၄၀ ကျပ် | ၅၅၀/၅၆၀ ကျပ် |
| (ဂ) အောက်တိန်း ၉၅ | တစ်လီတာ | ၅၇၀/၅၉၅ ကျပ် | ၆၄၅/၆၆၀ ကျပ် |
| (ဃ) အောက်တိန်း ၉၂ | တစ်လီတာ | ၄၄၀/၄၈၀ ကျပ် | ၅၂၀/၅၃၀ ကျပ် |

ရန်ကုန် လက်ကားဈေး

| | | |
|---|---|---|
| ဒီဇယ် | တစ်လီတာ | ၄၇၅/၄၉၀ ကျပ် |
| အဆင့်မြင့်ဒီဇယ် | တစ်လီတာ | ၄၉၀/၅၀၀ ကျပ် |
| အောက်တိန်း ၉၂ | တစ်လီတာ | ၄၆၅/၄၈၀ ကျပ် |

(မြန်မာနိုင်ငံ စက်သုံးဆီအသင်း)

| နိုင်ငံခြားငွေလဲလှယ်နှုန်း | | | မြန်မာငွေကျပ် |
|---|---|---|---|
| (က) အမေရိကန် | တစ်ဒေါ်လာ | = | ၁၄၀၁.၃ |
| (ခ) ဥရောပ | တစ်ယူရို | = | ၁၅၇၈.၁ |
| (ဂ) တရုတ် | တစ်ယွမ် | = | ၁၉၇.၇၁ |
| (ဃ) ထိုင်း | တစ်ဘတ် | = | ၄၄.၆၄၂ |
| (င) မလေးရှား | တစ်ရင်းဂစ် | = | ၃၂၇.၇၁ |
| (စ) အိန္ဒိယ | တစ်ရူပီး | = | ၁၈.၅၄၁ |
| (ဆ) သြစတြေးလျ | တစ်ဒေါ်လာ | = | ၉၆၉.၂၀ |
| (ဇ) စင်ကာပူ | တစ်ဒေါ်လာ | = | ၁၀၀၆.၀ |
| (ဈ) ဂျပန် | တစ်ရာယန်း | = | ၁၂၉၈.၁ |
| (ည) တောင်ကိုရီးယား | တစ်ရာဝမ် | = | ၁၁၆.၇၁ |

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် ဗဟိုဘဏ်ဝက်ဘ်ဆိုက်မှ ရယူသည်။

ကြေးမုံ

ခေတ္တ စာတည်းမှူးချုပ် - ဦးစိုးစိုးနိုင်
စာတည်းမှူး - ဦးဝင်းနိုင်
စာတည်းများ - ဦးစန်းအောင်၊ ဦးကျော်ဇေယျာမြင့်၊ ဦးအေဝမ်းစိုး၊ ဒေါ်ခင်ခင်သက်၊ ဒေါ်ယုဝါဝါ၊ ဒေါ်သီသီမင်း
သတင်းထောက်မှူး - ဦးမြင့်စိုး
ဘာသာပြန်စာတည်းများ - ဦးဇော်ဝင်း၊ ဦးအောင်ကျော်ကျော်
အကြီးတန်း သတင်းထောက်များ - ဦးဟိန်းထက်လင်း၊ ဦးနိုင်လင်းကြည်၊ ဒေါ်နေဇာဇာထွန်း၊ ဦးသက်ထွေး၊ ဦးကိုမင်း၊ ဒေါ်စန်းယဉ်ဦး
အငယ်တန်း သတင်းထောက်များ - ဦးအောင်ကျော်ဦး၊ ဦးအောင်ကျော်ဝင်း၊ ဦးသန်းတင်အောင်၊ ဒေါ်ခင်မို့မို့အောင်၊ ဒေါ်ခင်မျိုးနိုင်၊ ဒေါ်ခင်စုစုလှိုင်၊ ဦးအေးမင်းသူ၊ ဒေါ်မာမာစိုး
ဓာတ်ပုံသတင်းထောက် - ဦးခင်မောင်ဝင်း
သုတေသန - ဒေါ်ဇင်မာဝင့်
စာပြင် - ဒေါ်မြသီတာ၊ ဒေါ်ခင်သက်မွန်နှင့်အဖွဲ့
စာမျက်နှာဖွဲ့စည်းမှုနှင့် ဒီဇိုင်း - ဦးကျော်စွာလင်း၊ ဦးချစ်ဇေယျာထွန်းနှင့်အဖွဲ့
အီးမေးလ်နှင့် အွန်လိုင်း - ဒေါ်ဇာရည်မွန်၊ ဦးစည်သူလွင်နှင့်အဖွဲ့

ပုံနှိပ်ခြင်းလုပ်ငန်းအမှတ် (၀၀၆၄၀)၊ ပုံနှိပ်ထုတ်ဝေခွင့်အမှတ်(၀၀၇၇၁)ဖြင့် ကြေးမုံသတင်းစာတိုက်က ထုတ်ဝေသည်။

Gmail themirror.npt@gmail.com
www.facebook.com/themirrordaily

နေပြည်တော် - စာတည်းမှူး ၀၆၇-၃၆၁၂၆၊ စာတည်းအဖွဲ့ ၀၆၇-၃၆၁၂၈၊ ၀၆၇-၃၆၁၃၀၊ ဖက်စ် ၀၆၇-၃၆၁၃၁
ရန်ကုန်ရုံးခွဲ - အမှတ် ၇၇၊ ၅၂ လမ်းနှင့် မဟာဗန္ဓုလလမ်းထောင့်၊ ပုဇွန်တောင်မြို့နယ်၊ ရန်ကုန်မြို့၊ စာတည်းဌာန ၀၁-၂၉၂၈၃၂
မန်နေဂျာ - ၀၁-၈၆၁၀၆၈၅၊ စီမံ/ငွေစာရင်း ၀၁-၂၉၁၄၅၄၊ ဖြန့်ချိရေး ၀၁-၂၉၂၈၃၀၊ ကြော်ငြာ ၀၁-၃၉၇၃၃၀၊ ဖက်စ် ၀၁-၂၀၃၃၅၁

# ပြည်သူသာလျှင် အဓိက

☆ ရှေ့ဖုံးမှ

ထို့နောက် မကွေးတိုင်းဒေသကြီး ဝန်ကြီးချုပ် ဒေါက်တာအောင်မိုးညိုက မကွေးတိုင်းဒေသကြီးအတွင်းရှိ ပုံမှန်ဝင်ငွေမရှိသော အခြေခံလူတန်းစားများအား ထောက်ပံ့ဆောင်ရွက်ပေးခဲ့မှု၊ ထောက်ပံ့ခဲ့ရာတွင် ကျန်ရှိခဲ့သည့် အိမ်ထောင်စုစာရင်းအား ထပ်မံကောက်ယူပြီး ထောက်ပံ့နိုင်ရေးဆောင်ရွက်ထားမှု၊ ဒုတိယအကြိမ် ထောက်ပံ့ရန်အတွက် ကြိုတင်ပြင်ဆင်ဆောင်ရွက်ထားမှု၊ COVID-19 ကာကွယ်၊ ထိန်းချုပ်၊ ကုသရေးလုပ်ငန်းများ ဆောင်ရွက်နေမှုနှင့် မကွေးတိုင်းဒေသကြီးအတွင်းရှိ စီးပွားရေးလုပ်ငန်းများနှင့် ဆက်သွယ်သွားလာရေး ကိစ္စရပ်များကိုလည်းကောင်း၊ ကော့ပနောကျေးရွာအုပ်စု အုပ်ချုပ်ရေးမှူး ဒေါ်နီနီအောင်က အခြေခံလူတန်းစားများအား ထောက်ပံ့နိုင်ရန် စာရင်းကောက်ယူခဲ့မှု၊ စိစစ်ရွေးချယ်ခဲ့မှု၊ အိမ်အရောက်ထောက်ပံ့ခဲ့မှု၊ ထောက်ပံ့ရေးလုပ်ငန်း ဆောင်ရွက်ရာတွင် ကျေးရွာရှိပြည်သူများ၊ NGO များ၊ ရပ်ဖိရပ်ဖများ၊ ရာအိမ်မှူး၊ ဆယ်အိမ်မှူးများ ပူးပေါင်းပါဝင်ဆောင်ရွက်ပေးခဲ့မှု၊ ပျံကျဈေးရောင်းသူများ၊ ရွှေ့ပြောင်းအလုပ်သမားများ၊ အငှားယာဉ်မောင်းများ၊ ကျပန်းအလုပ်သမားများ၊ အလုပ်ကြမ်းသမားများ၊ ကျောထောက်နောက်ခံမရှိသူများ၊ ပြည်ပမှပြန်လည်ဝင်ရောက်လာသူများအား စိစစ်၍ညွှန်ကြားချက်နှင့်အညီ အမှန်တကယ်လိုအပ်နေသူများကို ထောက်ပံ့ခဲ့မှု၊ ထောက်ပံ့ရန်ကျန်ရှိခဲ့သူများ၏ စာရင်းအား ထပ်မံကောက်ယူထားရှိမှု၊ တွေ့ကြုံရသည့်အခက်အခဲများနှင့် တောင်သူများအတွက် ရေအခက်အခဲဖြစ်ပေါ်နေ၍ ချောင်းများပြန်လည်တူးဖော်ပေးရေး ကိစ္စရပ်များကိုလည်းကောင်း၊ လှိုင်သာယာ(အရှေ့ပိုင်း) မြို့နယ်အုပ်ချုပ်ရေးမှူး ဦးကျော်ဆွေက နိုင်ငံတော်က ထောက်ပံ့သည့် အခြေခံပစ္စည်း ငါးမျိုးထောက်ပံ့ပေးနိုင်ရန် စာရင်းကောက်ယူခဲ့မှုနှင့် ထောက်ပံ့ဆောင်ရွက်ခဲ့မှု၊ စာရင်းကောက်ယူရာတွင် အချိန်တိုအတွင်း တောင်းခဲ့သည့်အတွက် တိကျသည့်စာရင်းကောက်ယူရန် ခက်ခဲမှု၊ ဒုတိယအကြိမ်ထောက်ပံ့ရန် ထပ်မံစာရင်း ကောက်ယူထားမှုကိစ္စရပ်များကိုလည်းကောင်း ဆွေးနွေးတင်ပြကြသည်။

ဆွေးနွေးတင်ပြချက်များနှင့်စပ်လျဉ်း၍ နိုင်ငံတော်၏အတိုင်ပင်ခံပုဂ္ဂိုလ်က ယခုအကြိမ်တွင် ပစ္စည်းမပေးဘဲ ငွေကြေးသာ ပေးအပ်သွားမည်ဖြစ်ပါကြောင်း၊ ပစ္စည်းပေးရသည်မှာ အနည်းငယ်ပိုမိုခဲယဉ်းပါကြောင်း၊ ခဲယဉ်းသည်ဆိုသည်မှာ ထောက်ပံ့မည့်ပစ္စည်းများကို လိုက်လံဝယ်ယူရပါကြောင်း၊ မည်သည့်နေရာက ရမလဲ၊ လုံလုံလောက်လောက်ရမလားဆိုသည်ကိုလည်း ညှိရပါကြောင်း၊ အချို့တိုင်းဒေသကြီးနှင့် ပြည်နယ်များမှာ ပစ္စည်းများရရှိဖို့ ခက်ခဲပါကြောင်း၊ စောင့်ဆိုင်းရပါကြောင်း၊ မကွေးတိုင်းဒေသကြီးမှာ ပထမအကြိမ် ပေးပြီးပြီဖြစ်ပါကြောင်း၊ ဒုတိယအကြိမ်မှာ ငွေကြေးပေးအပ်မည်ဖြစ်သည့်အတွက် ယခင်အကြိမ်ထက် လွယ်ကူမည်ဖြစ်ပါကြောင်း၊ ယခုဆိုလျှင် ယခင်စာရင်းကျန်ရှိခဲ့သူများနှင့် နောက်ထပ်စာရင်းသွင်းရမည့် ပြည်သူများပါ ရိက္ခာငါးမျိုးပေးတော့မည် မဟုတ်ပါကြောင်း၊ အချို့ဒေသများတွင် ရိက္ခာငါးမျိုးမှာ ဝယ်ရ၊ ရှာရသည်မှာခက်ခဲပါကြောင်း၊ အချို့တိုင်းဒေသကြီးနှင့် ပြည်နယ်များမှာ အခြားဒေသများမှ ဝယ်ယူရသည့်အတွက် အချိန်ယူရပါကြောင်း၊ နောက်ပိုင်းတွင် ငွေကြေးသာထောက်ပံ့ပေးတော့မည်ဖြစ်ပါကြောင်း။

**ရာသီဥတုပုံစံသစ်နှင့်အညီ လိုက်လျောညီထွေအောင် နေထိုင်**

ရာသီဥတုသည် ပြောင်းလဲသွားပြီဖြစ်ပါကြောင်း၊ ယင်းကို အားလုံးသိရှိနိုင်ရန် ပညာပေးရန် လိုအပ်ပါကြောင်း၊ ရာသီဥတုပုံစံသစ်နှင့်အညီ လိုက်လျောညီထွေဖြစ်အောင် နေထိုင်ကြရမည်ဖြစ်ကြောင်း၊ မိုးရွာသည့်နေ့များ ယခင်ထက်စာလျှင် နည်းသွားပါကြောင်း၊ မိုးရွာသည့်အခါ သည်းထန်စွာ ရွာသွန်းတတ်သည့်အတွက် ရေကြီးခြင်း၊ မြေပြိုခြင်းများရှိပါကြောင်း၊ ယင်းအတွက် အဆင်သင့်ဖြစ်အောင် ပြင်ဆင်ထားရန် လိုအပ်ပါကြောင်း၊ မိုးရွာသည့်ပုံစံနှင့် ဆီလျော်အောင် စိုက်ပျိုးသည့်ပုံစံကို ပြောင်းသင့်လျှင် ပြောင်းလဲရမည် ဖြစ်ပါကြောင်း။

ကိုဗစ်-၁၉ ကိစ္စသည် မည်မျှကြာမည်ကို တွက်ချက်ရန် ခက်ခဲပါကြောင်း၊ မိမိတို့နိုင်ငံသည် ချမ်းသာကြွယ်ဝသည့်နိုင်ငံမဟုတ်သော်လည်း တတ်နိုင်သမျှ ထောက်ပံ့ပေးနေပါကြောင်း၊ ရေရှည်ပံ့ပိုးသွားရန် အင်မတန် ခက်ခဲပါကြောင်း၊ ထို့ကြောင့် လုပ်နိုင်ကိုင်နိုင်ရန်အတွက် အခြေအနေကို ပြန်လည်ပြုပြင်ပေးနေပါကြောင်း၊ တတ်နိုင်သမျှ အလုပ်လုပ်ရမည်ဖြစ်ပါကြောင်း၊ ကျန်းမာရေးဘက်က လုံခြုံအောင်နှင့် မိမိဝမ်းစာ မိမိရှာနိုင်အောင် ယင်းနှစ်ခုကို တစ်ချိန်လုံး ချိန်ဆနေရပါကြောင်း။

## ☆ မိမိတို့ နိုင်ငံအနေဖြင့် အဆင့်မီအောင် စိုက်ပျိုးနိုင်ပြီး စိုက်ပျိုးရေးပစ္စည်းများ ထုတ်လုပ်နိုင်သည်ဆိုလျှင် နိုင်ငံတကာသို့ပို့ဆောင်နိုင်ရန် အလားအလာများ

## ☆ စိုက်ပျိုးရေးကို ခေတ်နှင့်ကိုက်ညီသည့်ပုံစံဖြင့် ဆက်လက်လုပ်ဆောင်မည်ဆိုလျှင် မိမိတို့နိုင်ငံသည် စီးပွားရေးတွင် များစွာတိုးတက်နိုင်

## ☆ တစ်ကမ္ဘာလုံးတွင် လိုအပ်နေသည်မှာ အစားအသောက်လုံခြုံမှုဖြစ်ပြီး အစားအစာ၊ ရိက္ခာလုံခြုံမှုသည် များစွာအရေးကြီး

ယခုအချိန်တွင် စီးပွားရေးသည် တစ်ကမ္ဘာလုံးကျဆင်းနေပါကြောင်း၊ မိမိတို့နိုင်ငံကိုလည်း တတ်နိုင်သမျှ မကျဆင်းအောင် ကြိုးစားနေရပါကြောင်း၊ ပြည်သူများ ဝိုင်းဝန်းကူညီပေးရန် လိုအပ်ပါကြောင်း၊ စီးပွားရေးကို တဖြည်းဖြည်းချင်း ပုံမှန်လည်ပတ်နိုင်ရန် ကြိုးစားကြရမည်ဖြစ်ပါကြောင်း ပြောကြားပြီး နိုင်ငံတော်မှ ဖြည့်ဆည်းပေးမည့် ကိစ္စရပ်များကို ရှင်းလင်းပြောကြားသည်။

**တရားဝင်ဖြစ်နေပြီ**

ထို့နောက် နိုင်ငံတော်၏အတိုင်ပင်ခံပုဂ္ဂိုလ်က နိဂုံးချုပ်အနေဖြင့် ပြောကြားရာတွင် မေလပထမသုံးပတ်၌ ထိုင်းနိုင်ငံမှ ပြန်လည်ဝင်ရောက်သည့် အလုပ်သမားများနည်းပါးခဲ့ပါကြောင်း၊ ထိုသို့နည်းပါးခြင်းမှာ ထိုင်းနိုင်ငံ၏ အခြေအနေများကြောင့်ဖြစ်ပါကြောင်း၊ အစပိုင်းခန့်မှန်းထားသည်မှာ မေလဆန်းမှ စတင်၍ ပြန်လည်ဝင်ရောက်လာမည်ဖြစ်ပါကြောင်း၊ ပြန်လည်ဝင်ရောက်လာသူများအတွက် Quarantine ထားရှိရန်၊ သွားလာရေးကိစ္စများဆောင်ရွက်ရန် ပြင်ဆင်ထားပြီးဖြစ်ပါကြောင်း၊ သို့သော် ထိုင်းနိုင်ငံဘက်မှ ပြန်လာ၍မရသေးသည့်အတွက် ပထမသုံးပတ်တွင် ပြန်လည်ဝင်ရောက်မှု နည်းပါးခဲ့ပါကြောင်း၊ မေ ၂၀ ရက်ဝန်းကျင်တွင် စတင်ဝင်ရောက်လာကြပါကြောင်း၊ ပထမရက်တွင် ရာဂဏန်းခန့်ဝင်ရောက်ခဲ့ပြီး ယခုဆိုလျှင် ပုံမှန်ထောင်ဂဏန်းခန့် နေ့စဉ်ဝင်ရောက်လျက်ရှိပါကြောင်း၊ ပြန်လည်ဝင်ရောက်သူများသည် မည်သည့်တိုင်းဒေသကြီးနှင့် ပြည်နယ်မှဖြစ်သည်ကို တိတိကျကျစာရင်းပေးရန် ထိုင်းနိုင်ငံအနေဖြင့်လည်း ခက်ခဲပါကြောင်း၊ ယခုဆိုလျှင် ထိုင်းနိုင်ငံ၌ အလုပ်လုပ်ကိုင်နေသည့် မြန်မာနိုင်ငံသားအများစုသည် တရားဝင်ဖြစ်သွားပြီဖြစ်ပါကြောင်း၊ ယခင်သုံးနှစ်ခန့်က မြန်မာအလုပ်သမား ၈၀ ရာခိုင်နှုန်းခန့်သည် တရားမဝင်ပါကြောင်း၊ ယခုဆိုလျှင် မြန်မာအလုပ်သမား ၉၀ ရာခိုင်နှုန်းခန့်သည် တရားဝင်ဖြစ်နေပြီဖြစ်ပြီး တရားမဝင်သည့်အလုပ်သမား အင်မတန်နည်းပါးသွားပြီဖြစ်ပါကြောင်း၊ အလုပ်သမားများအားလုံး၏ စာရွက်စာတမ်းများ တရားဝင်ဖြစ်စေရန် ထိုင်းနိုင်ငံအစိုးရနှင့် ညှိနှိုင်းဆောင်ရွက်ထားပြီး ဖြစ်ပါကြောင်း။

ပြန်လည်ဝင်ရောက်လာကြသည့်အခါတွင် တချို့မှာ ၎င်းတို့၏ ပတ်စ်ပို့စာရွက်စာတမ်းပေါ်ရှိ ဒေသသို့မပြန်လိုဘဲ တခြားဒေသသို့ သွားလိုသည့်ပြဿနာများလည်းရှိခဲ့သည်ဟု မြဝတီဘက်မှ အုပ်ချုပ်ရေးပိုင်းဆိုင်ရာများနှင့် ဆွေးနွေးသည့်အခါ သိရှိရပါကြောင်း၊ တခြားမြို့သို့ အရင်သွားရောက်ပြီးနောက်မှ မိမိဒေသသို့ ပြန်မည်ဆိုသည့်ပုံစံမျိုး လုပ်ဆောင်မရပါကြောင်း၊ မိမိရပ်ရွာသို့ ပြန်၍ Quarantine နေထိုင်ရမည်ဆိုသည်ကိုလည်း နားလည်အောင် ပြောရပါကြောင်း။

ယခုဆိုလျှင် စိုက်ပျိုးရေးရာသီ ရောက်ရှိလာပြီဖြစ်ပါကြောင်း၊ စိုက်ပျိုးရေးရာသီရောက်လာပြီဖြစ်သည့်အတွက် မွန်ပြည်နယ်နှင့် မကွေးတိုင်းဒေသကြီးအနေဖြင့် အထူးဂရုစိုက်ရန်လိုအပ်ပါကြောင်း၊ စိုက်ပျိုးရေးကဏ္ဍတွင် မိမိတို့နိုင်ငံအတွက် အလားအလာကောင်းများရှိပါကြောင်း၊ ယခုအချိန်တွင် ဥရောပနိုင်ငံအတော်များများ၌ စိုက်ပျိုးရေး ပစ္စည်းအခက်အခဲများရှိနေပါကြောင်း၊ မိမိတို့နိုင်ငံအနေဖြင့် အဆင့်မီအောင် စိုက်ပျိုးနိုင်ပြီး စိုက်ပျိုးရေးပစ္စည်းများ ထုတ်လုပ်နိုင်သည်ဆိုလျှင် နိုင်ငံတကာသို့ ပို့ဆောင်နိုင်ရန် အလားအလာများလာပါကြောင်း၊ ထို့ကြောင့် မိမိတို့အနေဖြင့် တောင်သူလယ်သမားများကို များစွာအားကိုးရမည်ဖြစ်ပါကြောင်း၊ ယခင်ကတည်းက မိမိတို့နိုင်ငံသည် စိုက်ပျိုးရေးကို အခြေခံသည့်နိုင်ငံဖြစ်ပါကြောင်း၊ ယခုတွင်လည်း စိုက်ပျိုးရေးကို ခေတ်နှင့်ကိုက်ညီသည့်ပုံစံဖြင့် ဆက်လက်လုပ်ဆောင်မည်ဆိုလျှင် မိမိတို့နိုင်ငံသည် စီးပွားရေးတွင် များစွာတိုးတက်နိုင်ပါကြောင်း၊ တစ်ကမ္ဘာလုံးတွင် လိုအပ်နေသည်မှာ အစားအသောက်လုံခြုံမှုဖြစ်ပြီး အစားအစာ၊ ရိက္ခာလုံခြုံမှုသည် များစွာအရေးကြီးပါကြောင်း၊ ဖွံ့ဖြိုးတိုးတက်သည့်နိုင်ငံများတွင် စိုက်ပျိုးရေးကဏ္ဍတွင် နည်းပါးလာပါကြောင်း၊ စိုက်ပျိုးရေးကို မလုပ်ကြသည့်အတွက် စိုက်ပျိုးရေးကုန်ထုတ်လုပ်မှုနည်းပါးလာပြီး စိုက်ပျိုးရေးပစ္စည်းများကို အခြားဒေသမှတင်ပို့ရန် လိုအပ်လာသည့် အခြေအနေသို့ ရောက်ရှိလာကြပါကြောင်း၊ စိုက်ပျိုးရေးသည် ကမ္ဘာကြီးအတွက် အမြဲလိုအပ်နေသည့် ကဏ္ဍတစ်ခုဖြစ်နေမည်ဖြစ်ပါကြောင်း၊ ထို့ကြောင့် မိမိတို့အနေဖြင့် ယခုအချိန်တွင် သေချာစွာ စဉ်းစားချင့်ချိန်၍ မိမိတွင်ရှိသည့်အခွင့်အရေးကို အသုံးပြုမည်ဆိုလျှင် အများကိုအကျိုးပြုရာ ရောက်ပါကြောင်း၊ စားနပ်ရိက္ခာလိုအပ်နေသည့် နေရာများကိုလည်း ပို့ဆောင်ပေးနိုင်မည်ဖြစ်ပါကြောင်း၊ မိမိစီးပွားရေးလည်း ဦးမော့လာအောင် ဆောင်ရွက်ပေးနိုင်ပါကြောင်း။

**တတ်နိုင်သမျှထောက်ပံ့**

လှိုင်သာယာမြို့နယ်တွင် နယ်ဘက်မှ လာရောက်အလုပ်လုပ်ကိုင်သူများ များစွာရှိပါကြောင်း၊ နယ်ဘက်တွင် အလုပ်အကိုင် အခွင့်အလမ်းများလာသည်နှင့်အမျှ လှိုင်သာယာကဲ့သို့နေရာတွင် လာရောက်အလုပ်လုပ်ကိုင်သူ နည်းပါးသွားမည်ဖြစ်ပါကြောင်း၊ လူတိုင်းလူတိုင်းသည် လုပ်ကိုင်စားသောက်ရန် အဆင်ပြေပါက မိမိရပ်ရွာတွင် မိမိမိသားစုနှင့်အတူ နေထိုင်လိုကြပါကြောင်း၊ ထိုသို့နေထိုင်နိုင်ရန် မကွေးတိုင်းဒေသကြီးနှင့် မွန်ပြည်နယ်ကဲ့သို့ ဒေသများက ကြိုးစားကြရမည်ဖြစ်ပါကြောင်း၊ နိုင်ငံတော်အနေဖြင့် ပံ့ပိုးသည့်အခါတွင် ရေရှည်အမြင်ဖြင့် ပံ့ပိုးပါကြောင်း၊ အခြေခံလူတန်းစားများကို တတ်နိုင်သမျှထောက်ပံ့နေသည့်အတွက် ဝမ်းသာပါကြောင်း၊ သို့သော် ထောက်ပံ့ရန်မလိုသည့် အခြေအနေဖြစ်အောင် ဆောင်ရွက်ပေးလိုပါကြောင်း၊ ရေရှည်တွင် ထောက်ပံ့ရန် မလိုသည့် အခြေအနေ၊ ထောက်ပံ့ရန်လိုသည့် အောက်ခြေလူတန်းစားမရှိသည့် စီးပွားရေးအခြေအနေမျိုးကို ဦးတည်ရမည်ဖြစ်ပါကြောင်း၊ ထို့ကြောင့် အားလုံးဝိုင်းဝန်း၍ မိမိရပ်ရွာကို မိမိကဏ္ဍအလိုက်ကူညီကြရန် မေတ္တာရပ်ခံပါကြောင်း ပြောကြားသည်။

သတင်းစဉ်

---

# ဆေးသုတေသနဦးစီးဌာနသို့ Irrawaddy Green Towers Ltd မှ 200 KVA မီးစက်၊ ဆက်စပ်ပစ္စည်းများနှင့် ငွေကျပ် ၁၅ သိန်း လှူဒါန်း

**ရန်ကုန် ဇွန် ၉**

ကျန်းမာရေးနှင့်အားကစားဝန်ကြီးဌာန ဆေးသုတေသနဦးစီးဌာနသို့ 200 KVA မီးစက်၊ ဆက်စပ်ပစ္စည်းများနှင့် ငွေကျပ် ၁၅ သိန်း ပေးအပ်လှူဒါန်းပွဲကို ယနေ့နံနက် ၁၀ နာရီက ရန်ကုန်မြို့ ဒဂုံမြို့နယ်ရှိ ဆေးသုတေသနဦးစီးဌာန (ရုံးချုပ်) အစည်းအဝေးခန်းမ၌ ပြုလုပ်သည်။

ပေးအပ်လှူဒါန်းပွဲတွင် ဆေးသုတေသနဦးစီးဌာန ညွှန်ကြားရေးမှူးချုပ် ပါမောက္ခ ဒေါက်တာဇော်သန်းထွန်းက အမှာစကားပြောကြားပြီး အလှူရှင် Irrawaddy Green Towers Ltd မှ CEO Mr. David Venn က လှူဒါန်းရခြင်းနှင့်စပ်လျဉ်း၍ ရှင်းလင်းပြောကြားသည်။

ထို့နောက် ဆေးသုတေသနဦးစီးဌာန ညွှန်ကြားရေးမှူးချုပ် ပါမောက္ခ ဒေါက်တာ ဇော်သန်းထွန်းထံ အလှူရှင် CEO Mr. David Venn နှင့် တာဝန်ရှိသူများက 200 KVA မီးစက်၊ ဆက်စပ်ပစ္စည်းများနှင့် ငွေကျပ် ၁၅ သိန်းကို ပေးအပ်လှူဒါန်းပြီး ညွှန်ကြားရေးမှူးချုပ် ပါမောက္ခ ဒေါက်တာဇော်သန်းထွန်းက ဂုဏ်ပြုမှတ်တမ်းလွှာပေးအပ်သည်။

**လှူဒါန်း**

ယနေ့ လှူဒါန်းပွဲတွင် Irrawaddy Green Towers Ltd မှ ကိုဗစ်-၁၉ ရောဂါကာကွယ်၊ ထိန်းချုပ်၊ ကုသရေးအတွက် ကြိုးပမ်းဆောင်ရွက်နေသော ကျန်းမာရေးနှင့်အားကစားဝန်ကြီးဌာန ဆေးသုတေသနဦးစီးဌာနတွင် အသုံးပြုရန် ငွေကျပ် ၄၀၈၃၅၄၀၀ တန်ဖိုးရှိ 200 KVA မီးစက်၊ ဆက်စပ်ပစ္စည်းများနှင့် ဆေးသုတေသနဦးစီးဌာန National COVID-19 Call Centre နှင့် Laboratory Team တို့မှ ကျန်းမာရေးဝန်ထမ်းများအား ဂုဏ်ပြုသောအားဖြင့် အစားအစာနှင့် အထွေထွေကုန်ကျစရိတ်များအတွက် ငွေကျပ် ၁၅ သိန်းကို လှူဒါန်းခဲ့ခြင်းဖြစ်ကြောင်း သိရသည်။

မင်းသစ်(MNA)

ဓာတ်ပုံ-ဇော်မင်းလတ်



# ဒုတိယအကြိမ် ပြည်သူ့လွှတ်တော်နှင့် အမျိုးသားလွှတ်တော် ပုံမှန်အစည်းအဝေးများတွင် ကတိဖြစ်ခဲ့သော မေးခွန်းများနှင့်စပ်လျဉ်း၍ ဆောင်ရွက်ထားရှိမှုနှင့် ရှေ့လုပ်ငန်းစဉ်များတင်ပြဆွေးနွေးသည့် အစည်းအဝေးကျင်းပ

**နေပြည်တော် ဇွန် ၉**

ဒုတိယအကြိမ် ပြည်သူ့လွှတ်တော်နှင့် အမျိုးသားလွှတ်တော် ပုံမှန်အစည်းအဝေးများတွင် ကတိဖြစ်ခဲ့သော မေးခွန်းများနှင့်စပ်လျဉ်း၍ ဆောင်ရွက်ထားရှိမှုနှင့် ရှေ့လုပ်ငန်းစဉ်များ တင်ပြဆွေးနွေးသည့် အစည်းအဝေးကို ယနေ့ မွန်းလွဲပိုင်းတွင် နေပြည်တော်ရှိ ကျန်းမာရေးနှင့် အားကစားဝန်ကြီးဌာန အစည်းအဝေးခန်းမ၌ ကျင်းပသည်။



အစည်းအဝေးတွင် ပြည်ထောင်စုဝန်ကြီး ဒေါက်တာမြင့်ထွေးက ပြည်သူ့လွှတ်တော်နှင့် အမျိုးသားလွှတ်တော်တို့တွင် ကိုယ်စားလှယ်များ၏ ကြယ်ပွင့်ပြနှင့် ကြယ်ပွင့်မပြ မေးခွန်းများသည် ပြည်သူ့အသံများဖြစ်ပြီး ပြည်သူများအတွက် အလွန်အကျိုးရှိစေသည့် ကိစ္စရပ်များဖြစ်သဖြင့် ဝန်ကြီးဌာနမှ အထူးအလေးထား ဆောင်ရွက်လျက်ရှိပါကြောင်း၊ ကျန်းမာရေးနှင့် အားကစားဝန်ကြီးဌာနအနေဖြင့် ဒုတိယအကြိမ် ပြည်ထောင်စုလွှတ်တော်၊ ပြည်သူ့လွှတ်တော်နှင့် အမျိုးသားလွှတ်တော်များ၌ သွားရောက်ဖြေကြားခြင်း ၂၂၂ ကြိမ်ရှိပြီး အခြားဝန်ကြီးဌာနများနှင့် ပေါင်းစပ်ဖြေကြားခြင်း ၁၅၇ ကြိမ်နှင့် ကြယ်ပွင့်မပြမေးခွန်း (စာဖြင့်ပြန်လည်ဖြေကြားခြင်း) ၁၄၈၅ ခု ရှိခဲ့ပါကြောင်း၊ ယင်းတို့အနက်မှ ကတိကဝတ်အနေဖြင့် ၈၄၈ ခုရှိပြီး ၄၆၇ ခုအား ဆောင်ရွက်ပြီးစီးခဲ့ကာ ဆောင်ရွက်ဆဲ ၃၈၁ ခု ရှိပါကြောင်း၊ မေးမြန်းမှုတွင် ပါဝင်သောကိစ္စရပ်များတွင် မိမိတို့ဝန်ကြီးဌာန တစ်ခုတည်းမှ လုပ်ဆောင်နိုင်သည့် ကိစ္စရပ်များ၊ နီးနွယ်ဝန်ကြီးဌာနများနှင့် ပူးပေါင်းဆောင်ရွက်ရမည့် ကိစ္စရပ်များဟူ၍ ပါဝင်ပါကြောင်း၊ မိမိတို့အနေဖြင့် ရရှိထားသည့် ဘဏ္ဍာငွေ၊ အချိန်၊ လူ့စွမ်းအားအရင်းအမြစ်၊ နည်းပညာ စသည့် အရင်းအမြစ်များအပေါ်မူတည်၍ ကတိဖြစ်ခဲ့သော မေးခွန်းများနှင့်စပ်လျဉ်း၍ တာဝန်တစ်ရပ်အနေဖြင့် အကောင်အထည်ဖော် ဆောင်ရွက်လျက်ရှိပါကြောင်း၊ ထိုသို့ဆောင်ရွက်ရာတွင် ပြီးစီးခဲ့ပြီးသည့် ကိစ္စရပ်များ၊ ဆောင်ရွက်ဆဲကိစ္စရပ်များနှင့် အကြောင်းအမျိုးမျိုးကြောင့် ကြန့်ကြာမှုရှိနေသည့် ကိစ္စရပ်များနှင့်ပတ်သက်၍ ယခုအစည်းအဝေးတွင် ဆွေးနွေးကြမည်ဖြစ်ပါကြောင်း၊ မိမိတို့ဝန်ကြီးဌာနအနေဖြင့် ကတိကဝတ်များအားလုံးအား ပြီးစီးအောင် ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ပါကြောင်း။

မေးမြန်းမှုများ၌ ပါဝင်သောကိစ္စရပ်များတွင် အဓိကအားဖြင့် ဆေးရုံအဆင့်တိုးမြှင့်ရန်နှင့် ခုတင်တိုးမြှင့်တင်ပေးရန်၊ ကျေးလက်ကျန်းမာရေးဌာနခွဲမှ ကျေးလက်ကျန်းမာရေးဌာနအဖြစ် အဆင့်မြှင့်တင်ပေးရန်၊ ကျေးလက်ကျန်းမာရေးဌာနခွဲအသစ်ဖွင့်လှစ်ပေးရန်၊ ဆေးနှင့်ဆေးပစ္စည်းများ ဖြည့်ဆည်းပေးရန်ကိစ္စရပ်များ၊ အားကစားကွင်း/ ရုံအသစ်ဆောက်လုပ်ပေးရန်နှင့် အဆင့်မြှင့်တင်ပေးရန်၊ ကျန်းမာရေးဝန်ထမ်းများ တာဝန်ချထားပေးရန်ကိစ္စရပ်များ၊ ဝန်ထမ်းအိမ်ရာနှင့် ကျန်းမာရေးအဆောက်အအုံ ဆောက်လုပ်ရေးဆိုင်ရာ ကိစ္စရပ်များနှင့် လုပ်ငန်းဆောင်ရွက်မှု နည်းစနစ်ပိုင်းဆိုင်ရာ ကိစ္စရပ်များ ပါဝင်ပါကြောင်း၊ လွှတ်တော်များတွင် လွှတ်တော်ကိုယ်စားလှယ်များက မေးခွန်းများမေးမြန်း၍ တောင်းဆိုရခြင်း နည်းပါးစေရန်အတွက် သက်ဆိုင်ရာတိုင်းဒေသကြီး/ ပြည်နယ်ဦးစီးဌာနမှူးများက မိမိတို့၏ဒေသအတွင်း အဆင့်မြှင့်တင်ပေးရန်သင့်သော ဆေးရုံများ၊ ကျန်းမာရေးဌာနများနှင့် အားကစားကွင်း/ရုံများ၊ လူ့စွမ်းအားအရင်းအမြစ်နှင့် ဆေးနှင့်ဆေးပစ္စည်း စသည်တို့၏ အခြေအနေများအား ဆန်းစစ်သုံးသပ်မှုများ ကြိုတင်ပြုလုပ်၍ ဗဟိုသို့ အချိန်နှင့်တစ်ပြေးညီ အသိပေးစေလိုပါကြောင်း၊ သို့မှသာ ဗဟိုမှ ဝန်ကြီးဌာန၏ အရင်းအမြစ်များအခြေအနေ၊ မူဝါဒ၊ စည်းမျဉ်းစည်းကမ်းများနှင့်ကိုက်ညီ တိုက်ဆိုင်စိစစ်မှုများ ပြုလုပ်ပြီး စီမံကိန်းများချမှတ်ခြင်း၊ ဘဏ္ဍာငွေနှင့် လူ့စွမ်းအားအရင်းအမြစ် လိုအပ်ချက်များကို ကြိုတင်လျာထား ဆောင်ရွက်ခြင်းများ ပြုလုပ်နိုင်မည်ဖြစ်ပါကြောင်း၊ ယခုလက်ရှိတွင် လွှတ်တော်ကတိကဝတ်အရ ဆောင်ရွက်နေဆဲလုပ်ငန်းများ၏ အခြေအနေများကိုလည်း တိုင်းဒေသကြီးနှင့် ပြည်နယ်အဆင့်မှ တာဝန်ရှိသူများအနေဖြင့် အမြဲတမ်းစောင့်ကြည့်သုံးသပ်မှုများ ပြုလုပ်၍ ဗဟိုသို့ အချိန်နှင့်တစ်ပြေးညီ တင်ပြစေလိုပါကြောင်း ပြောကြားသည်။

ထို့နောက် ကျန်းမာရေးနှင့် အားကစားဝန်ကြီးဌာန ဒုတိယဝန်ကြီး ဒေါက်တာမြလေးစိန်က ကျန်းမာရေးနှင့် အားကစားဝန်ကြီးဌာနသို့ ရောက်ရှိသော မေးခွန်းများ၊ ဖြေကြားချက်အရ ကတိဖြစ်ပေါ်ခဲ့သော မေးခွန်းများ၊ ကတိကဝတ်စာရင်းမှပယ်ဖျက်ပြီး စုစုပေါင်း၊ ဆောင်ရွက်ပြီးစာရင်းမှ မပယ်ဖျက်ရသေးသည့် မေးခွန်းများ၊ ဆောင်ရွက်ဆဲကိစ္စရပ်များနှင့် ပတ်သက်၍ အကျဉ်းချုံးပြောကြားသည်။

ဆက်လက်၍ ပြည်သူ့ကျန်းမာရေးဦးစီးဌာန၊ ကုသရေးဦးစီးဌာန၊ ကျန်းမာရေး လူ့စွမ်းအားအရင်းအမြစ်ဦးစီးဌာန၊ တိုင်းရင်းဆေးပညာဦးစီးဌာန၊ အစားအသောက်နှင့် ဆေးဝါးကွပ်ကဲရေးဦးစီးဌာန၊ အားကစားနှင့် ကာယပညာဦးစီးဌာနတို့မှ တာဝန်ရှိသူများက ကတိဖြစ်ပေါ်ခဲ့သော မေးခွန်းများနှင့် ပတ်သက်၍ ဆောင်ရွက်ထားရှိမှု အခြေအနေများနှင့် ရှေ့လုပ်ငန်းစဉ်များကို တင်ပြဆွေးနွေးကြပြီး အစည်းအဝေးသို့ တက်ရောက်လာကြသည့် ဦးစီးဌာနအသီးသီးမှ တာဝန်ရှိသူများက ဆွေးနွေးမှုများ၊ အကြံပြုမှုများ ဆောင်ရွက်ကြသည်။

အစည်းအဝေးသို့ ကျန်းမာရေးနှင့်အားကစားဝန်ကြီးဌာန အမြဲတမ်းအတွင်းဝန် ပါမောက္ခ ဒေါက်တာသက်ခိုင်ဝင်း၊ ညွှန်ကြားရေးမှူးချုပ် (ပြည်ထောင်စုဝန်ကြီးရုံး) ဒေါက်တာသာထွန်းကျော်၊ ညွှန်ကြားရေးမှူးချုပ်များ၊ ဒုတိယညွှန်ကြားရေးမှူးချုပ်များ၊ ညွှန်ကြားရေးမှူးများ၊ ဒုတိယညွှန်ကြားရေးမှူးများနှင့် တာဝန်ရှိသူများ တက်ရောက်ခဲ့ကြကြောင်း သိရသည်။

**သတင်းစဉ်**

# အဂတိလိုက်စားနိုင်ခြေအန္တရာယ်ရှိမှု ဆန်းစစ်လေ့လာခြင်း အလုပ်ရုံဆွေးနွေးပွဲကျင်းပ

**နေပြည်တော် ဇွန် ၉**

အဂတိလိုက်စားမှုတိုက်ဖျက်ရေး ကော်မရှင်သည် ပြည်ထောင်စုအဆင့်အဖွဲ့အစည်းနှင့် ပြည်ထောင်စုဝန်ကြီးဌာနများမှ အဂတိလိုက်စားမှုတားဆီးကာကွယ်ရေးအဖွဲ့ (CPU) များနှင့် အဂတိလိုက်စားနိုင်ခြေအန္တရာယ်ရှိမှု ဆန်းစစ်လေ့လာခြင်း အလုပ်ရုံဆွေးနွေးပွဲကို ယနေ့ နံနက်ပိုင်းတွင် အဆိုပါကော်မရှင်ရုံး၌ Virtual Workshop on CRA ခေါင်းစဉ်ဖြင့် အွန်လိုင်းမှ ကျင်းပသည်။

အလုပ်ရုံဆွေးနွေးပွဲတွင် CPU ၃၆ ခုမှ အဂတိလိုက်စားမှု တားဆီးကာကွယ်ရေးအတွက် တာဝန်ရှိသူများ ပါဝင်ဆွေးနွေးကြသည်။

အလုပ်ရုံဆွေးနွေးပွဲ ဖွင့်ပွဲတွင် အဂတိလိုက်စားမှုတိုက်ဖျက်ရေးကော်မရှင်ဥက္ကဋ္ဌ ဦးအောင်ကြည်က အဂတိလိုက်စားမှုတားဆီးကာကွယ်ရေးအဖွဲ့များသည် သက်တမ်းတစ်နှစ်ကျော်ခဲ့ပြီဖြစ်ပြီး အထိုက်အလျောက် တိုးတက်မှုများရှိသည်ကို တွေ့ရှိရကြောင်း၊ အဂတိလိုက်စားနိုင်ခြေအန္တရာယ်ရှိမှု ဆန်းစစ်လေ့လာခြင်း (CRA) သည် ဝန်ထမ်းများအား နစ်နာမှုအနည်းဆုံးဖြင့် ရုံး / ဌာနများတွင် အဂတိလိုက်စားမှုကို ထိန်းချုပ်နိုင်သော နည်းလမ်းဖြစ်၍ CPU များက အောင်မြင်စွာအကောင်အထည်ဖော်ရမည့် ရည်မှန်းချက်တာဝန်တစ်ခုဖြစ်ကြောင်း ပြောကြားသည်။



ယင်းနောက် ကော်မရှင်အဖွဲ့ဝင် ဒေါ်မြတ်မြတ်စိုးက အဂတိလိုက်စားနိုင်ခြေအန္တရာယ်ရှိမှု ဆန်းစစ်လေ့လာခြင်းနှင့်ပတ်သက်၍ ပဏာမရှင်းလင်းဆွေးနွေးသည်။

အလုပ်ရုံဆွေးနွေးပွဲကို အဂတိလိုက်စားမှုတိုက်ဖျက်ရေးကော်မရှင်က ဦးဆောင်ပြီး ကုလသမဂ္ဂဖွံ့ဖြိုးမှုအစီအစဉ် (UNDP)နှင့် ကုလသမဂ္ဂ မူးယစ်ဆေးဝါးနှင့် ပြစ်မှုဆိုင်ရာရုံး(UNODC) တို့၏ ကျွမ်းကျင်မှုအကူအညီဖြင့် ဇွန် ၉ ရက်မှ ၁၂ ရက်အထိ အွန်လိုင်းမှ ဆက်လက်ကျင်းပသွားမည်ဖြစ်ကြောင်း သိရသည်။

**သတင်းစဉ်**

# ဒုတိယဝန်ကြီး ဦးအောင်ထူး UNDP မှ Officer-in-charge, Deputy Resident Representative ဖြစ်သူ Ms. Dawn Del Rio နှင့်အဖွဲ့အား Video Conferencing စနစ်ဖြင့် တွေ့ဆုံဆွေးနွေး

**နေပြည်တော် ဇွန် ၉**

စီးပွားရေးနှင့် ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး ဦးအောင်ထူးသည် ယနေ့နံနက် ၁၁ နာရီက United Nations Develop–ment Programme (UNDP) မှ Officer–in–charge, Deputy Resident Representative ဖြစ်သူ Ms. Dawn Del Rio နှင့်အဖွဲ့အား ဝန်ကြီးရုံး အစည်းအဝေးခန်းမမှ Video Conferencing စနစ်ဖြင့် တွေ့ဆုံဆွေးနွေးသည်။



တွေ့ဆုံစဉ် မြန်မာနိုင်ငံ၏ ကုန်သွယ်မှုတိုးတက်လာစေရေးနှင့် အီလက်ထရွန်နစ် ကူးသန်းရောင်းဝယ်ရေးစနစ် ဖွံ့ဖြိုးတိုးတက်စေရေးတို့ကို တွန်းအားပေးဆောင်ရွက်လျက်ရှိရာ လက်ရှိကြုံတွေ့နေရသည့် ကိုဗစ်-၁၉ ကပ်ရောဂါဆိုင်ရာ စိန်ခေါ်မှုများအား အီလက်ထရွန်နစ် ကူးသန်းရောင်းဝယ်ရေးစနစ် ဖွံ့ဖြိုးတိုးတက်လာစေရန်နှင့် Industry 4.0 အား လိုက်ပါဆောင်ရွက်နိုင်စေရန် အခွင့်အလမ်းအဖြစ် ပူးပေါင်း ဆောင်ရွက်သွားနိုင်ရေး၊ Supply Chain တစ်လျှောက် ထိခိုက်မှုများ၊ အသေးစား၊ အငယ်စားနှင့် အလတ်စားစီးပွားရေးလုပ်ငန်းများ၊ အထည်ချုပ်လုပ်ငန်းများတွင် ထိခိုက်နစ်နာမှု၊ အလုပ်အကိုင်များ ဆုံးရှုံးမှုနှင့် အခြားသက်ရောက်မှုများကို ပြန်လည်ကုစားနိုင်ရန်အတွက် စီးပွားရေးပြန်လည်ကုစားမှုအစီအမံပါ ဆောင်ရွက်ရန်အချက်များအား အကောင်အထည်ဖော် ဆောင်ရွက်ရာတွင် UNDP မှ ပံ့ပိုးကူညီဆောင်ရွက်ပေးနိုင်ရေး၊ မြန်မာ့ထုတ်ကုန်များ အထူးသဖြင့် အသေးစား၊ အငယ်စားနှင့် အလတ်စား စီးပွားရေးလုပ်ငန်းများမှ ထုတ်ကုန်များ ကမ္ဘာ့ဈေးကွက်သို့ ယှဉ်ပြိုင်နိုင်စွမ်းရှိစွာ ထိုးဖောက်နိုင်ရေးအတွက် ထုတ်ကုန်များ၏ စံနှုန်းများ ပြည့်မီအောင်ဆောင်ရွက်နိုင်ရန် နည်းပညာဆိုင်ရာ ပူးပေါင်းဆောင်ရွက်ပေးရေးတို့ကို ဆွေးနွေးခဲ့ကြကြောင်း သိရသည်။

**သတင်းစဉ်**

○ ကျောဖုံးမှ

ပြန်လည်ပို့ဆောင်ပေးခဲ့ရာ ညနေ ၃ နာရီခွဲတွင် ရန်ကုန်အပြည်ပြည်ဆိုင်ရာလေဆိပ်သို့ အဆင်ပြေချောမွေ့စွာ ပြန်လည်ရောက်ရှိခဲ့ကြသည်။

၎င်းတို့ ရန်ကုန်အပြည်ပြည်ဆိုင်ရာလေဆိပ်သို့ ရောက်ရှိချိန်တွင် လူဝင်မှုကြီးကြပ်ရေး၊ ကျန်းမာရေးစစ်ဆေးရေးနှင့် ၂၁ ရက်တာ အသွားအလာကန့်သတ်နေထိုင်ရေးတို့ကို အလုပ်သမား၊ လူဝင်မှုကြီးကြပ်ရေးနှင့် ပြည်သူ့အင်အားဝန်ကြီးဌာန၊ ကျန်းမာရေးနှင့် အားကစားဝန်ကြီးဌာနနှင့် ရန်ကုန်တိုင်းဒေသကြီး အစိုးရအဖွဲ့တို့က သက်ဆိုင်ရာ အခန်းကဏ္ဍအလိုက် တာဝန်ယူဆောင်ရွက်ပေးခဲ့ကြောင်း နိုင်ငံခြားရေးဝန်ကြီးဌာနမှ သတင်းရရှိသည်။

**သတင်းစဉ်**

# ဇွန် (၁) ရက်မှ (၁၅) ရက် အထိ အိမ်သုံးအမျိုးအစား လျှပ်စစ်ဓာတ်အားသုံးစွဲမှု (၇၅) ယူနစ်အထိ ငွေကြေးကောက်ခံမှု ကင်းလွတ်ခွင့် (အခမဲ့) ထပ်မံပေးသွားမည်

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်အစိုးရ
လျှပ်စစ်နှင့်စွမ်းအင်ဝန်ကြီးဌာန

## ပြည်သူသို့ အသိပေးတင်ပြချက်

၁၃၈၂ ခုနှစ်၊ နယုန်လပြည့်ကျော် ၄ ရက်
(၂၀၂၀ ပြည့်နှစ်၊ ဇွန် လ ၉ ရက်)

၁။ Coronavirus Disease 2019 (COVID-19) ကာကွယ်၊ ထိန်းချုပ်၊ ကုသရေး အမျိုးသားအဆင့်ဗဟိုကော်မတီမှ (COVID-19) ရောဂါပိုးကူးစက်ပျံ့နှံ့မှုကို ဆက်လက်ထိန်းချုပ်ဆောင်ရွက်ရန် လိုအပ်ပါသဖြင့် ပြည်ထောင်စုအဆင့် အဖွဲ့အစည်းများ၊ ပြည်ထောင်စုဝန်ကြီးဌာနများမှ Coronavirus Disease 2019 (COVID-19) ကာကွယ်၊ ထိန်းချုပ်၊ တားဆီးရေးအတွက် (၃၁-၅-၂၀၂၀)ရက်နေ့အထိ ထုတ်ပြန်ထားသော အမိန့်၊ အမိန့်ကြော်ငြာစာ၊ ပြည်သူသို့ ပန်ကြားချက်၊ ညွှန်ကြားချက်များ (ဖြေလျှော့ပေးရန် လမ်းညွှန်ထားသော ကိစ္စရပ်များမပါ) အား (၁၅-၆-၂၀၂၀) ရက်နေ့အထိ ရက်တိုးမြှင့်သတ်မှတ်ဆောင်ရွက်သွားရန် ၂၀၂၀ ပြည့်နှစ်၊ မေလ (၂၈) ရက်နေ့တွင် သတင်းထုတ်ပြန်ခဲ့ပါသည်။

၂။ COVID-19 ရောဂါကာကွယ်ထိန်းချုပ်ရေး တိုးမြှင့်ခဲ့သည့် ဇွန်လ(၁)ရက်မှ (၁၅)ရက် အထိ ကာလအတွင်း ပြည်သူများ၊ ဘာသာရေးအဖွဲ့အစည်းများနှင့် ပြည်တွင်းလူမှုရေး အဖွဲ့အစည်းများ **(သံရုံးများ၊ ကုလသမဂ္ဂနှင့် နိုင်ငံတကာ အဖွဲ့အစည်းများ(မပါ))** အတွက် အိမ်သုံးအမျိုးအစား လျှပ်စစ်ဓာတ်အားသုံးစွဲမှု (၇၅) ယူနစ်အထိ ငွေကြေးကောက်ခံမှု ကင်းလွတ်ခွင့် (အခမဲ့) ကို ထပ်မံပေးသွားမည်ဖြစ်ပါသည်။

၃။ သို့ပါ၍ သုံးစွဲခဲ့သော လျှပ်စစ်ဓာတ်အားသုံးစွဲမှုယူနစ်များအနက်မှ လျှပ်စစ်ဓာတ်အားသုံးစွဲမှု (၁) ယူနစ်မှ(၇၅) ယူနစ်အထိ သုံးစွဲသူများကို သုံးစွဲယူနစ်အလိုက် ဓာတ်အားခကျသင့်ငွေ ကင်းလွတ်ခွင့် (အခမဲ့) ရရှိမည်ဖြစ်ပါသည်။

၄။ အိမ်သုံးအမျိုးအစား၌ လျှပ်စစ်မီးသုံးစွဲသူများမှ (၇၆) ယူနစ်နှင့်အထက် သုံးစွဲမှုများအား အလွှာလိုက် သတ်မှတ်ချက်နှုန်းထားများအတိုင်း ပေးဆောင်ရမည်ဖြစ်ပါသည်။ အထူးကိစ္စတစ်ရပ်အနေဖြင့် ကင်းလွတ်ခွင့်ပြုခဲ့သော အိမ်သုံးမဟုတ်သည့် အမျိုးအစားတွင် ပါဝင်သည့် အစိုးရမဟုတ်သော အဖွဲ့အစည်းများအုပ်စုမှ ပြည်တွင်းလူမှုရေး အဖွဲ့အစည်းများမှအပ ကျန်သုံးစွဲသူများအားလုံးသည် ယခင်သတ်မှတ်နှုန်းထားများအတိုင်း ပေးဆောင်ရမည် ဖြစ်ပါသည်။

**လျှပ်စစ်နှင့်စွမ်းအင်ဝန်ကြီးဌာန**

# COVID -19 ဆိုင်ရာ ခရီးသွားလုပ်ငန်း ကုစားမှုအစီအစဉ် အကောင်အထည်ဖော်ရေး ချပြလမ်းညွှန်မှုအခမ်းအနား ကျင်းပ

**နေပြည်တော် ဇွန် ၉**

COVID-19 ဆိုင်ရာ ခရီးသွားလုပ်ငန်း ကုစားမှုအစီအစဉ် အကောင်အထည်ဖော်ရေး ချပြလမ်းညွှန်မှု အခမ်းအနားကို ယနေ့နံနက် ၁၀ နာရီက နေပြည်တော်ရှိ ဟိုတယ်နှင့် ခရီးသွားလာရေးဝန်ကြီးဌာန အစည်းအဝေးခန်းမ၌ ကျင်းပသည်။

အခမ်းအနားတွင် ဟိုတယ်နှင့် ခရီးသွားလာရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးအုန်းမောင်က COVID-19 ကပ်ရောဂါကူးစက်မှုကို ကာကွယ်ရန် လေကြောင်းလိုင်းများရပ်နားထားခြင်း၊ ပြည်ဝင်ခွင့်များရပ်နားထားခြင်း၊ မဖြစ်မနေ နိုင်ငံကူးခရီးသွားရမည့်သူများကို quarantine ၁၄ ရက်၊ ၂၁ ရက် ထားရှိခြင်းများကြောင့် ကမ္ဘာတစ်ဝန်းတွင် ခရီးသွားလုပ်ငန်းများ လုံးဝနီးပါး ရပ်တန့်သွားသည့် အနေအထားကို ရောက်ရှိခဲ့ပါကြောင်း။



### ပြည်ပခရီးသွားဝင်ရောက်မှု ရပ်တန့်သွားခဲ့

မြန်မာနိုင်ငံတွင် COVID-19 ကပ်ရောဂါကူးစက်မှုကို ကာကွယ်ရန် ပြည်ဝင်ခွင့် ဗီဇာယာယီပိတ်ထားခြင်း၊ လေကြောင်းလိုင်းများ ခေတ္တရပ်နားထားရခြင်းတို့ကြောင့် ပြည်ပခရီးသွားဝင်ရောက်မှု ရပ်တန့်သွားခဲ့ပါကြောင်း။ ဧပြီလ၌ Stay Home ကာလ စတင်လိုက်သည့် အချိန်တွင် ပြည်တွင်းခရီးသွား လုပ်ငန်းပါရပ်တန့်သွားပြီး ဟိုတယ်၊ တည်းခိုခန်းများ၊ ခရီးသွားကုမ္ပဏီများ၊ စားသောက်ဆိုင်များ ပိတ်သိမ်းထားရခြင်းကြောင့် အလုပ်လက်မဲ့များစွာ ဖြစ်ပေါ်ကာ စီးပွားရေး၊ လူမှုရေး ကဏ္ဍစုံကိုသိသာစွာ သက်ရောက်မှုဖြစ်ခဲ့ရပါကြောင်း။

မြန်မာနိုင်ငံသို့ ၂၀၁၉ ခုနှစ်တွင် ခရီးသည် ၄ ဒသမ၃၆ သန်းဝင်ရောက်ပြီး၊ ၂၀၂၀ ပြည့်နှစ် ဇန်နဝါရီလ တစ်လအတွင်း ခရီးသွားလေးသိန်းဝင်ရောက်ခဲ့ရာမှ ၂၀၂၀ပြည့်နှစ် ဧပြီလတွင် ခရီးသည် အယောက် ၁၀၀ မပြည့်သည်အထိ ကျဆင်းသွားခဲ့သော ထိခိုက်မှုကိုကျော်လွှားပြီး မြန်မာ့ခရီးသွားလုပ်ငန်း ပြန်လည်ဦးမော့လာစေရန်အတွက် နိုင်ငံတော်အဆင့်ရေးဆွဲ အတည်ပြုထားသည့် CERP (COVID-19 Economic Relief Plan) ၏ နောက်ဆက်တွဲအနေဖြင့် ကမ္ဘာ့ခရီးသွားအဖွဲ့ချုပ်ဖြစ်သည့် UNWTO နှင့် အာရှ-ပစိဖိတ် ခရီးသွား အဖွဲ့ချုပ်ဖြစ်သည့် PATA တို့၏ Tourism Crisis Management Guidelines များကို အခြေခံကာ ခရီးသွားအသင်းအဖွဲ့များ၏ အကြံပြုချက်များနှင့် ပေါင်းစပ်ပြီး ဝန်ကြီးဌာနမှ အဓိက မဟာဗျူဟာ (၃) ရပ်ပါဝင်သည့် COVID-19 Tourism Relief Plan ကို ရေးဆွဲခဲ့ပြီး ဖြစ်ပါကြောင်း။

ယင်း Tourism Relief Plan ကို ဝန်ကြီးဌာန၏ COVID- 19 Myanmar Tourism Strategic Roadmap အဖြစ် အသုံးပြု အကောင်အထည်ဖော်သွားမည်ဖြစ်ပါကြောင်း။

ယင်းမဟာဗျူဟာ (၃)ရပ်မှာ Survival-ဆက်လက်ရပ်တည်နိုင်ရေး၊ Reopening-ပြန်လည်ဖွင့်လှစ်နိုင်ရေးနှင့် Relaunching-ပြန်လည်မိတ်ဆက်ခြင်း တို့ဖြစ်ပါကြောင်း။ ယင်း မဟာဗျူဟာ(၃)ရပ်၏ အဆင့်တစ်ဆင့်ချင်းစီတွင် လုပ်ငန်းစဉ်လေးခုပါရှိမည် ဖြစ်ပါကြောင်း။

Survival အဆင့်တွင် ဟိုတယ်နှင့်ခရီးသွားလုပ်ငန်းဆိုင်ရာ လုပ်ငန်းများအတွက် အခွန်ဖြေလျှော့ခြင်း၊ လိုင်စင်ကြေးလျှော့ပေါ့ခြင်းနှင့် ငှားရမ်းခများ ရွှေ့ဆိုင်းပေးခြင်း၊ ချေးငွေများထုတ်ချေးပေးခြင်းကဲ့သို့သော အစီအစဉ်များ၊ ခရီးသွားလုပ်ငန်းဆိုင်ရာ ပညာရှင်များနှင့် ခရီးသွားလုပ်ငန်းဝန်ထမ်းများအပေါ် သက်ရောက်မှုဖြေလျှော့ခြင်းဆိုင်ရာ Online Training Program များပို့ချခြင်းနှင့် Training ကာလအတွင်း ထောက်ပံ့မှုဆိုင်ရာကိစ္စရပ်များ၊ ခရီးစဉ်ဒေသများနှင့် ခရီးသွားလုပ်ငန်းဆိုင်ရာ ဈေးကွက်အခြေအနေကို စစ်ဆေးအကဲဖြတ်ခြင်းစသည့် ကဏ္ဍများပါဝင်ပြီး ယင်းလုပ်ငန်းစဉ်များကို ဝန်ကြီးဌာနအနေဖြင့် ဧပြီ၊ မေနှင့် ဇွန်လများတွင် ဆောင်ရွက်ခဲ့သကဲ့သို့ ဆက်လက်ဆောင်ရွက်ဆဲဖြစ်ပါကြောင်း။

ဇွန်၊ ဇူလိုင်နှင့် ဩဂုတ်လတွင် ဆောင်ရွက်ရန် ရည်ရွယ်သည့် Reopening အဆင့်တွင် ခရီးသွားများနှင့်ဝန်ထမ်းများ၏ ကျန်းမာရေးဆိုင်ရာ ဘေးကင်းလုံခြုံမှု ရှိစေရေးအတွက် Standard Operating Procedure (SOP) များ ရှာဖွေဖော်ထုတ်ရေး လုပ်ငန်းစဉ်များ၊ ဟိုတယ်နှင့်ခရီးသွားလုပ်ငန်းနယ်ပယ်အတွင်း အခြေခံအကျဆုံး ပါဝင်လုပ်ကိုင်ဆောင်ရွက်နေကြသည့် အနေ့ယာဉ်လုပ်သားများ၊ ဈေးရောင်းသူများအတွက် ဌာနမှနေ့တွက်ထောက်ပံ့ပေးသည့် သင်တန်းအစီအစဉ်များ၊ ပုံမှန်အခြေအနေသစ် (New Normal)တွင် ဆောင်ရွက်ရမည့် ဈေးကွက်မြှင့်တင်ရေး လုပ်ငန်းစဉ်များ၊ E-commerce Platform နှင့် Digital Platform နှင့် ပြည်တွင်း Digital ငွေပေးချေမှုစနစ်အား အားပေးမြှင့်တင် ဆောင်ရွက်ရေးကိစ္စများ ပါဝင်ပါကြောင်း။

ဩဂုတ်လတွင် စတင်မည့် နောက်ဆုံးအဆင့် Relaunching အနေဖြင့် နိုင်ငံတကာခရီးသွားဧည့်သည်များကို ပြန်လည်ဆွဲဆောင်နိုင်စေရေးအတွက် Communication & Marketing Campaign များအား မိတ်ဆက်ခြင်း အစီအစဉ်များ၊ Travel Facilitation ခရီးသွားလာမှု လွယ်ကူချောမွေ့ရေးဆိုင်ရာ ပြည်ဝင်ခွင့်ဗီဇာနှင့် ကန့်သတ်နယ်မြေများ ဖြေလျှော့မှုကိစ္စများ၊ ရင်းနှီးမြှုပ်နှံမှုအတွက် မက်လုံးပေးဆွဲဆောင်သော အစီအစဉ်များ၊ ဖွံ့ဖြိုးမှုမိတ်ဖက်အဖွဲ့အစည်းများမှ ထောက်ပံ့ကြေးနှင့် ချေးငွေများရယူခြင်း၊ ရန်ပုံငွေတစ်ရပ် ထူထောင်ခြင်းစသည့် ခရီးသွားလုပ်ငန်းမြှင့်တင်ရေးအတွက် ရေရှည်စီမံကိန်းချမှတ်ဆောင်ရွက်ခြင်းများ ပါဝင်ပါကြောင်း။

ယခု ဇွန်လအတွင်း ဟိုတယ်နှင့်တည်းခိုခန်းများ၊ စားသောက်ဆိုင်များ၊ အဝေးပြေးကားလိုင်းများ၊ အငှားကားများ ပြန်လည်ပြေးဆွဲနိုင်ရန် ကျန်းမာရေးနှင့် အားကစားဝန်ကြီးဌာနက ထုတ်ပြန်ထားသည့် Guidelines များနှင့် လေကြောင်းလိုင်းများ၊ လေဆိပ်များ ပြန်လည်စတင်နိုင်ရန် ပို့ဆောင်ရေးနှင့်ဆက်သွယ်ရေးဝန်ကြီးဌာနက ထုတ်ပြန်ထားသည့် Guidelines များစုပေါင်းပြီး Tourism National Guidelines အဖြစ် ထုတ်ပြန်သွားမည် ဖြစ်သကဲ့သို့ COVID-19 အလွန် ပြည်တွင်း ခရီးသွားလုပ်ငန်းများ ပြန်လည်စတင်နိုင်ရန် ဘုရား၊ စေတီပုထိုးများ၊ ပြတိုက်နှင့် ပန်းခြံများအား ကျန်းမာရေးညွှန်ကြားချက်များနှင့်အညီ ပြန်လည်ဖွင့်လှစ်သွားနိုင်ရေးအတွက် ပြည်တွင်းခရီးသွားများ လိုက်နာရမည့် ခရီးသွားညွှန်ကြားချက်များကိုလည်း ကျန်းမာရေးနှင့် အားကစားဝန်ကြီးဌာနနှင့် ညှိနှိုင်းထုတ်ပြန်သွားမည်ဖြစ်ပါကြောင်း၊ ထို့ပြင် လည်ပတ်နိုင်သည့် ခရီးစဉ်အသစ်များ ဖော်ဆောင်နိုင်သည့် အစီအစဉ်များကိုလည်း ဆောင်ရွက်သွားမည်ဖြစ်ပါကြောင်း။

### ရာနှုန်းပြည့် ပြန်လည်စတင်မည်

COVID-19 ရောဂါ ဘေးကင်းရန် လိုက်နာရမည့် SOP များနှင့် ပြည်တွင်းခရီးသွားလုပ်ငန်းကို တစ်ဆင့်ချင်း ပြန်လည်စတင်၍ အသားကျလာသည့်အခါ အာရှဒေသတွင်း ခရီးသွားလုပ်ငန်း ပြန်လည်စတင်နိုင်ရန် Target Market အဖြစ် အိမ်နီးချင်းနိုင်ငံများဖြစ်သည့် ထိုင်း၊ ကမ္ဘောဒီးယား၊ လာအို၊ ဗီယက်နမ်နိုင်ငံတို့နှင့် Travel Bubble ဆောင်ရွက်နိုင်ရန်နှင့် ထိုမှတစ်ဆင့် ဂျပန်၊ ကိုရီးယားနှင့် တရုတ်နိုင်ငံများနှင့် အာရှခရီးသွားလုပ်ငန်းများ ပြန်လည်စတင်နိုင်ရန် တိုးချဲ့လုပ်ဆောင်သွားမည် ဖြစ်ပါကြောင်း၊ အာရှနိုင်ငံများမှ ခရီးသွားများကို COVID -19 ရောဂါ ဘေးကင်းရန် လိုက်နာရမည့် SOP များနှင့် ဝန်ဆောင်မှုပေးရာတွင် အသားကျပါက နိုင်ငံတကာခရီးသွားများကို ဖိတ်ခေါ်လက်ခံကြိုဆိုပြီး မြန်မာ့ခရီးသွားလုပ်ငန်းကို ရာနှုန်းပြည့် ပြန်လည်စတင်မည် ဖြစ်ပါကြောင်း။

COVID-19 အလွန်ကာလ ခရီးသွားလုပ်ငန်းများသည် ယခင်နှင့်မတူဘဲ ပြောင်းလဲသွားမည်ဖြစ်ပါကြောင်း၊ New Normal ဆိုသည့် အခြေအနေသစ်တွင် ပြည်သူလူထု၏ ဘေးကင်းလုံခြုံရေးကို မထိခိုက်စေဘဲ ခရီးသွားလုပ်ငန်းကို တစ်ဆင့်ပြီးတစ်ဆင့် ပြန်လည်စတင်သွားရန် ဝန်ကြီးဌာနက ချမှတ်ထားသည့် လမ်းညွှန်မြေပုံနှင့်အညီ ခရီးသွားလုပ်ငန်း အသင်းအဖွဲ့များနှင့် နီးနီးကပ်ကပ် ပူးပေါင်းလုပ်ဆောင်သွားမည်ဖြစ်ကြောင်း ပြောကြားသည်။

ထို့နောက် အခမ်းအနားသို့ တက်ရောက်လာကြသည့် တာဝန်ရှိသူများ၏ Reopening အပိုင်းတွင် ပါဝင်သည့်SOP များကို အကောင်အထည်ဖော် လိုက်နာနိုင်ရန်နှင့် ပတ်သက်၍ လုပ်ငန်းရှင်များနှင့် ခရီးသည်များအနေဖြင့် မည်သို့ ပြင်ဆင်ဆောင်ရွက်ရန် လိုအပ်မည်နှင့် မည်သို့အရေးကြီးသည် ဆိုသည့်မေးခွန်း၊ COVID -19 ကာလအလွန် ခရီးသွားဧည့်သည်များ ပြန်လည်ဝင်ရောက်လာမည့် အချိန်တွင် ရောဂါကူးစက်မှုထိန်းချုပ်ရေးအတွက် ဝန်ကြီးဌာနအနေဖြင့် မည်သို့ စီမံဆောင်ရွက်သွားမည်ကို သိရှိလိုသည့်မေးခွန်း၊ လက်ရှိအချိန်တွင် ဟိုတယ်နှင့် ခရီးသွားကဏ္ဍအတွင်းရှိ လုပ်ငန်းရှင်များနှင့် ဝန်ထမ်းများအတွက် ဝန်ကြီးဌာနအနေဖြင့် မည်ကဲ့သို့ ပံ့ပိုးဆောင်ရွက်နေသည်ကို သိရှိလိုသည့် မေးခွန်းနှင့် COVID -19 အလွန်တွင် Tourism Road Map နှင့် အနာဂတ်တွင် ဆက်လက်ဆောင်ရွက်သွားမည့် အစီအစဉ်များနှင့် ပတ်သက်၍ သိရှိလိုသည့် မေးခွန်းတို့အပေါ် ဒုတိယဝန်ကြီး ဦးတင်လတ်နှင့် ညွှန်ကြားရေးမှူးချုပ် ဦးမောင်မောင်ကျော်တို့က ပြန်လည်ရှင်းလင်း ဖြေကြားကြသည်။

**သတင်းစဉ်**

**❖ ထိုင်းနိုင်ငံမှ**

“နေရပ်ပြန်များကို လက်ရှိကန့်သတ်စောင့်ကြည့်ရေးစခန်းများမှာပဲ အသွားအလာ ကန့်သတ်၍ စောင့်ကြပ်ကြည့်ရှုကာ ကျန်းမာရေးစောင့်ရှောက်မှုပေးသွားမှာဖြစ်ပြီး ၎င်းတို့အားလုံးကို ကျန်းမာရေးဌာနမှ ဓာတ်ခွဲနမူနာရယူ၍ ဓာတ်ခွဲနမူနာတွေကို ကိုဗစ်-၁၉ ရောဂါပိုးရှိ၊ မရှိ စစ်ဆေးမှာဖြစ်ပါတယ်” ဟု မြို့နယ် ကိုဗစ်-၁၉ ထိန်းချုပ်ရေးနှင့် အရေးပေါ်တုံ့ပြန်ရေးကော်မတီဥက္ကဋ္ဌ မြို့နယ်အုပ်ချုပ်ရေးမှူး ဦးဝင်းသူအောင်က ပြောသည်။

နေရပ်ပြန် ရွှေ့ပြောင်းလုပ်သားများ မြိတ်မြို့သို့ရောက်ရှိရာတွင် အမျိုးသားလွှတ်တော်ကိုယ်စားလှယ် ဦးဥက္ကာမင်း၊ ခရိုင် ကိုဗစ်-၁၉ ထိန်းချုပ်ရေးနှင့် အရေးပေါ်တုံ့ပြန်ရေးကော်မတီဥက္ကဋ္ဌ ခရိုင်အုပ်ချုပ်ရေးမှူး ဦးအောင်ကျော်ဦးနှင့် ခရိုင်/မြို့နယ် ကိုဗစ်-၁၉ ထိန်းချုပ်ရေးနှင့် အရေးပေါ်တုံ့ပြန်ရေးကော်မတီဝင်ဌာနဆိုင်ရာ တာဝန်ရှိသူများက ကြိုဆိုခဲ့ကြကာ ကန့်သတ်စောင့်ကြည့်ရေးစခန်းများတွင် စနစ်တကျနေရာချထား ဆောင်ရွက်ခဲ့ကြသည်။

### ကျန်းမာရေးစောင့်ရှောက်မှုပေးလျက်ရှိ

နေရပ်ပြန်များအတွက် မြိတ်ဒေသ ကိုဗစ်-၁၉ ကာကွယ်၊ ထိန်းချုပ်၊ ကုသရေး အထောက်အကူပြုကော်မတီမှ အမျိုးသားလွှတ်တော်ကိုယ်စားလှယ် ဦးဥက္ကာမင်းနှင့် ဦးတင်အောင်ဝင်း(ဝိုင်းဆေးခန်း)မှ အလှူငွေကျပ် ငါးသိန်းကို လှူဒါန်းခဲ့ကြရာ ကန့်သတ်စောင့်ကြည့်ရေးစခန်းတာဝန်ခံ ဦးတိုးလွင်က လက်ခံရယူခဲ့သည်။ မြိတ်မြို့တွင် ကန့်သတ်စောင့်ကြည့်ရေးစခန်းများ၌ နေရပ်ပြန် စုစုပေါင်း ၂၉၀ အား အသွားအလာကန့်သတ်၍ စောင့်ကြပ်ကြည့်ရှုကာ ကျန်းမာရေးစောင့်ရှောက်မှုပေးလျက်ရှိကြောင်း မြို့နယ် ကိုဗစ်-၁၉ ထိန်းချုပ်ရေးနှင့် အရေးပေါ်တုံ့ပြန်ရေးကော်မတီမှ သိရ သည်။

**ခိုင်ထူး (ပြန်/ဆက် )**

# ကိုဗစ် – ၁၉ နှင့် မသန်စွမ်းသူများ

## ကြည်ထွန်း (လူမှု)

**မသန်စွမ်းသူများသည် အခြားသူများနှင့် နှိုင်းယှဉ်ပါက လူမှုရေး၊ ကျန်းမာရေးနှင့် စီးပွားရေးအခြေအနေတို့သည် အဆိုးရွားဆုံးပုံစံများဖြင့် ရင်ဆိုင်ကြုံတွေ့နေရသူများဖြစ်။ မသန်စွမ်းသူအများစုသည် ထိခိုက်လွယ်သော အခြေအနေတွင်ရှိခြင်း၊ ရောဂါကူးစက်နိုင်ခြေပိုများခြင်းတို့ကြောင့် ၎င်းတို့၏ကိုယ်ခံအားစနစ်ကောင်းမွန်စေရန်နှင့် ရောဂါကို ခုခံတွန်းလှန်နိုင်ရန် လုံလောက်သည့် အာဟာရမျှတစွာရရှိအောင် ဝိုင်းဝန်းကူညီဖြည့်ဆည်း ဆောင်ရွက်ပေးဖို့လို။**

ကမ္ဘာလုံးဆိုင်ရာကပ်ရောဂါဖြစ်သည့် ကိုဗစ် – ၁၉ ရောဂါကို ကမ္ဘာတစ်ဝန်း ရင်ဆိုင်ခံစားနေကြရသည်။ ကမ္ဘာ့နိုင်ငံများနည်းတူ မြန်မာနိုင်ငံသည် ရောဂါကူးစက်ပြန့်ပွားမှုကို ထိန်းချုပ်ရန်၊ ပြည်သူများ၏ အသက်အိုးအိမ်များကို ကာကွယ်ပေးရန်နှင့် လူမှုစီးပွားဘဝများ ထိခိုက်လာနိုင်မှုကို လျှော့ချပေးရန်အတွက် နိုင်ငံတော်၏အတိုင်ပင်ခံပုဂ္ဂိုလ်ဦးဆောင်သော အမျိုးသားအဆင့် ဗဟိုကော်မတီ၏ လမ်းညွှန်မှုဖြင့် နိုင်ငံ၏အရင်းအမြစ် အကန့်အသတ်များကြားမှ ကြိုးပမ်းဆောင်ရွက်လျက်ရှိသည်။

**မသန်စွမ်းသူများ၏ အခန်းကဏ္ဍ**

ဤသို့ ကိုဗစ်–၁၉ ရောဂါ၏ အန္တရာယ်ရန်စွယ်ဟူသမျှကို တစ်မျိုးသားလုံး တွန်းလှန်ကာကွယ်ရာတွင် ထိခိုက်လွယ်အုပ်စုဝင် မသန်စွမ်းသူများကလည်း ထက်ကြပ်မကွာ လိုက်နာဆောင်ရွက်ကြဖို့ လိုသည်။ ကျန်းမာရေးနှင့် အားကစားဝန်ကြီးဌာနက အကြိမ်ကြိမ်အထပ်ထပ် ညွှန်ကြားထားပြီးဖြစ်သည့် တစ်ဦးနှင့်တစ်ဦး ခပ်ဝေးဝေးနေရန်၊ နှာခေါင်းစည်းတပ်ရန်၊ လက်ဆေးရန်စသည့် အခြေခံအချက်များကို တိကျစွာလိုက်နာဆောင်ရွက်ဖို့လိုသည်။ ထို့ပြင်မက အောက်ပါအချက်များကိုလည်း လိုက်နာဆောင်ရွက်ရန် တိုက်တွန်းအကြံပြုလိုပါသည်–

- မသန်စွမ်းသူများ အသုံးပြုနေသော ဝှီးချဲလ်၊ ချိုင်းထောက်၊ လက်ထောက်၊ တုတ်ထောက်၊ ခြေတု၊ လက်တု၊ လမ်းလျှောက်တုတ်၊ နားကြားကိရိယာ၊ မျက်မှန်အစရှိသည့် အထောက်အကူပြုပစ္စည်းများသည် ရောဂါပိုးခိုအောင်းရာ နေရာများဖြစ်သဖြင့် အပြင်မှပြန်လာတိုင်း (သို့မဟုတ်) အသုံးပြုပြီးတိုင်း သန့်ရှင်းရေးပြုလုပ်ပါ။
- ထိုင်ခြင်း၊ ထခြင်း၊ စားသောက်ခြင်း၊ ရေချိုးခြင်း၊ ရေအိမ်အသုံးပြုခြင်း၊ တစ်နေရာမှ တစ်နေရာသို့ ရွှေ့လျားခြင်းများပြုလုပ်ရာတွင် တစ်ပါးသူအပေါ် မှီခိုလုပ်ဆောင်နေရမှုများကို အတတ်နိုင်ဆုံး အနည်းဆုံးဖြစ်အောင် လျှော့ချပါ။
- ချီခြင်း၊ မခြင်း၊ ထမ်းပိုးခြင်း၊ တွဲခေါ်ခြင်းစသည့် လူအချင်းချင်းထိတွေ့ အကူအညီရယူမှုများကို မလွှဲမရှောင်သာပြုလုပ်ရပါက လုပ်ဆောင်မှုပြီးတိုင်း မိမိကိုယ်တိုင်ရော ကူညီပေးသူပါ လက်ဆေးပါ။ ထိတွေ့သည့်ကိုယ်အင်္ဂါအစိတ်အပိုင်းနေရာများကိုလည်း သန့်ရှင်းရေးပြုလုပ်ပါ။
- လက်ဖဝါး၊ တံတောင်ဆစ်၊ ဒူးခေါင်းအစရှိသည်တို့ကို ကြမ်းပြင်နှင့် ထိတွေ့ပြီး လှုပ်ရှားသွားလာရသော မသန်စွမ်းသူများအနေဖြင့် ကြမ်းခင်း၊ နံရံနှင့် ထိတွေ့မှုပြုရသည့် မိမိတို့၏ ကိုယ်အင်္ဂါအစိတ်အပိုင်းများကို သန့်ရှင်းရေးပြုလုပ်ပါ။
- မိမိတို့အသုံးပြုလေ့ပြုထရှိသော အိမ်အတွင်းရှိကြမ်းခင်း၊ နံရံ၊ ကိုင်စရာနေရာနှင့် နေရာထိုင်ခင်းများကို မကြာခဏ သန့်ရှင်းရေးပြုလုပ်ပေးပါ (သို့မဟုတ်) ယင်းသို့ပြုလုပ်ပေးရန် မိသားစုကို ပြောပါ။
- နေရောင်နှင့် အလင်းရောင်ရသည့်နေရာတွင် မကြာခဏ ထိတွေ့နေထိုင်ပါက ပိုမိုကောင်းမွန်ပါသည်။
- လေကောင်းလေသန့် ရှူရှိုက်ပါ။ အသက်ရှူလေ့ကျင့်ခန်းနှင့် ကာယလေ့ကျင့်ခန်း ပုံမှန်ပြုလုပ်ပါ။
- အာဟာရ လုံလောက်မျှတအောင် စားသောက်ပါ။ ကိုယ်ခံအားကောင်းမွန်အောင် တည်ဆောက်ပါ။
- အတတ်နိုင်ဆုံး အိမ်ထဲမှာနေပါ။ အိမ်အပြင်ထွက်ခြင်း၊ လူစုလူဝေးနေရာများသို့ သွားလာခြင်းကို ရှောင်ကြဉ်ပါ။
- နိုင်ငံရပ်ခြား (သို့မဟုတ်) အခြားမြို့ရွာများမှ ပြန်လာသော မသန်စွမ်းသူများအနေဖြင့် အခြားသူများနည်းတူ ကျန်းမာရေးဌာနနှင့် ဒေသန္တရ ညွှန်ကြားချက်များကို လိုက်နာပါ။
- ကန့်သတ်စောင့်ကြည့်စင်တာများတွင် ရောက်ရှိနေသော နေရပ်ပြန် မသန်စွမ်းသူများအနေဖြင့် မိမိမသန်စွမ်းဖြစ်ခြင်းကို အကြောင်းပြု၍ အထူးအခွင့်အရေးတောင်းဆိုခြင်းကို ရှောင်ကြဉ်ပါ။
- မိမိရောက်ရှိနေသော ကန့်သတ်စောင့်ကြည့်စင်တာတွင် နေထိုင်စဉ် မိမိ၏ မသန်စွမ်းမှုဆိုင်ရာ အခက်အခဲများကို တာဝန်ရှိသူများအား ပြောပြပြီး အတတ်နိုင်ဆုံးအဆင်ပြေနိုင်မည့် နေရာချထားမှု၊ စီမံဖြည့်ဆည်းမှု ပြုလုပ်ပေးရန် တင်ပြတိုက်တွန်းပါ။
- မိမိတွင် ကိုဗစ် – ၁၉ ရောဂါ ကူးစက်ခံရပြီဟု သံသယရှိပါက (သို့မဟုတ်) ကူးစက်ခံရပါက သက်ဆိုင်ရာသို့ ချက်ချင်းအမြန် ဆက်သွယ်အကြောင်းကြားပါ။

**စေတနာ့ဝန်ထမ်းများ၏ အခန်းကဏ္ဍ**

ကိုဗစ်–၁၉ ရောဂါတုံ့ပြန်ဆောင်ရွက်ရာတွင် စေတနာ့ဝန်ထမ်းအဖြစ် ပါဝင်ဆောင်ရွက်သူများအနေဖြင့်လည်း မိမိတို့နှင့်မိမိတို့က အကူအညီပေးအပ်မည့် သူများအကြား တာဝန်ရှိမှုများ၊ ကျင့်ဝတ်များကို အပြန်အလှန်နားလည်သဘောပေါက်ကာ ထိရောက်အကျိုးရှိပြီး စနစ်ကျသော ဝန်ဆောင်မှုများပေးရန် လိုအပ်ပါသည်။ အထူးသဖြင့် မသန်စွမ်းသူများ၏ ခံစားချက်နှင့် ၎င်းတို့၏ မသန်စွမ်းမှုအလိုက် လိုအပ်ချက်များကို စာနာဆပွား အလေးထား၍ သိမြင်ခံစားနိုင်ရန် အရေးကြီးလှသည်။ စေတနာ့ဝန်ထမ်းသင်တန်းလက်စွဲစာအုပ်တွင် ပြဋ္ဌာန်းထားသော ကိုယ်အင်္ဂါမသန်စွမ်း၊ အကြားအာရုံမသန်စွမ်း၊ အမြင်အာရုံမသန်စွမ်း၊ ဉာဏ်ရည်မသန်စွမ်းဟူသည့် မသန်စွမ်းမှု အမျိုးအစားအလိုက် ထိတွေ့ဆက်ဆံရာတွင်လိုက်နာအပ်သည့်ကျင့်ဝတ်များနှင့်အညီ ပြောဆိုဆက်ဆံရမည် ဖြစ်ပါသည်။

မသန်စွမ်းသူအားလုံးနှင့် ပြောဆိုဆက်သွယ်ရာတွင် အောက်ပါအချက်များကို သိရှိထားပြီး သတိပြုလိုက်နာရန် တိုက်တွန်းပါသည်။

- မသန်မစွမ်းဟု ခေါ်ဆိုသုံးနှုန်းခြင်းမပြုရပါ။ "မသန်စွမ်း" ဟုသာ ခေါ်ဆိုရပါမည်။
- မသန်စွမ်းမှုအမျိုးအစားအလိုက် ခေါ်ဆိုရာတွင် အမြင်အာရုံမသန်စွမ်းသူ၊ အကြားအာရုံ မသန်စွမ်းသူ ကိုယ်အင်္ဂါမသန်စွမ်းသူ၊ ဉာဏ်ရည်မသန်စွမ်းဟူ၍ ခေါ်ဝေါ်သုံးစွဲရပါမည်။ (အကျိုး၊ အကန်း၊ မျက်မမြင်၊ နားမကြား၊ ဉာဏ်ရည်နိမ့်စသည်ဖြင့် ခေါ်ဝေါ်ခြင်းမှ ရှောင်ကြဉ်ရမည်။)
- မိမိက စတင်ပြောဆိုခြင်းထက် မသန်စွမ်းသူ၏ လိုအပ်ချက်ကို အရင်မေးပါ။
- မသန်စွမ်းသူတို့ လိုအပ်မည့် အထောက်အကူပြုကိရိယာရရှိသုံးစွဲရေးအတွက် သေချာစေရန် လုပ်ဆောင်ပေးပါ။
- မသန်စွမ်းသူများအပေါ် ခွဲခြားဆက်ဆံခြင်း မပြုဘဲ အများနည်းတူ ပြုစုစောင့်ရှောက်မှုပေးပါ။
- စောင့်ကြည့်ကြီးကြပ်ခံသူများထဲမှ မသန်စွမ်းသူများအား ရှာဖွေဖော်ထုတ်ရေး၊ မှတ်တမ်းတင်ရေးနှင့် နောက်ဆက်တွဲ စောင့်ရှောက်မှုပေးရေးတို့ကို သေချာစေရပါမည်။
- အခက်အခဲနှင့် အထူးလိုအပ်ချက်များကို မေးမြန်းဆောင်ရွက်ရပါမည်။
- မသန်စွမ်းသူနှင့် ညှိနှိုင်းတိုင်ပင်ရပါမည်။
- မသန်စွမ်းမှုအလိုက် သတင်းအချက်အလက်ရရှိမှု သေချာစေရေးဆောင်ရွက်ရပါမည်။
- ကျန်းမာရေးစောင့်ရှောက်မှုနှင့် အာဟာရပြည့်ဝမှုရှိစေရန် ဆောင်ရွက်ရပါမည်။
- တစ်ကိုယ်ရေသန့်ရှင်းရေးအတွက် လိုအပ်သည်တို့ကို ဆောင်ရွက်ပေးရပါမည်။
- မသန်စွမ်းအမျိုးသမီးနှင့် ကလေးသူငယ်တို့ကို ပိုမိုဂရုစိုက်ကာကွယ်ပေးရပါမည်။
- အခြေခံစားရေးနေရေး လိုအပ်ချက်တို့ကို ဖြည့်ဆည်းဆောင်ရွက်ပေးရပါမည်။
- ပညာသင်ကြားနေသော မသန်စွမ်းသူများ၏ ပညာရေးကိုလည်း ဖြည့်ဆည်းဆောင်ရွက်ပေးရပါမည်။
- မသန်စွမ်းသူ၏ မိသားစုဝင်များ၏ လိုအပ်ချက်တို့ကိုလည်း ဆောင်ရွက်ရပါမည်။

**ဝိုင်းဝန်းကူညီဖြည့်ဆည်း**

မသန်စွမ်းသူများသည် အခြားသူများနှင့် နှိုင်းယှဉ်ပါက လူမှုရေး၊ ကျန်းမာရေးနှင့် စီးပွားရေးအခြေအနေတို့သည် အဆိုးရွားဆုံးပုံစံများဖြင့် ရင်ဆိုင်ကြုံတွေ့နေရသူများ ဖြစ်ပါသည်။ မသန်စွမ်းသူအများစုသည် ထိခိုက်လွယ်သော အခြေအနေတွင်ရှိခြင်း၊ ရောဂါကူးစက်နိုင်ခြေပိုများခြင်းတို့ကြောင့် ၎င်းတို့၏ ကိုယ်ခံအားစနစ်ကောင်းမွန်စေရန်နှင့် ရောဂါကို ခုခံတွန်းလှန်နိုင်ရန် လုံလောက်သည့် အာဟာရမျှတစွာရရှိအောင် ဝိုင်းဝန်းကူညီဖြည့်ဆည်း ဆောင်ရွက်ပေးဖို့လိုပါသည်။

ဤသို့ဖြင့် နိုင်ငံတော်အစိုးရ၏ ဦးဆောင်လမ်းညွှန်မှု၊ မသန်စွမ်းသူများအပါအဝင် ပြည်သူတစ်ရပ်လုံး၏ ကျန်းမာရေးအသိ၊ ကျန်းမာရေးသတိရှိမှု၊ စေတနာရှင်ပြည်သူများ၏ ပံ့ပိုးလှူဒါန်းမှု၊ စေတနာ့ဝန်ထမ်းသမားများ၏ ကူညီစောင့်ရှောက်မှုတို့ဖြင့် ကိုဗစ်–၁၉ ရောဂါကျော်လွှားရေး စီမံကိန်းကြီးတွင် အားလုံးပူးပေါင်းဆောင်ရွက်ကြရမည်သာ ဖြစ်ပါသည်။ ။

# လက်ဝါးဖြန့်ပြရုံဖြင့် ခန္ဓာကိုယ်အပူချိန်ကို ကိုယ်တိုင်မြင်တွေ့နိုင်မည့် အပူချိန်တိုင်းကိရိယာ လှူဒါန်း

**ရန်ကုန် ဇွန် ၉**

လတ်တလော ကြုံတွေ့နေရသည့် ကိုဗစ် – ၁၉ ရောဂါနှင့်ပတ်သက်၍ ရုံးဌာနနှင့် အများပြည်သူဝင်၊ ထွက်သွားလာကြသည့် နေရာများတွင် တာဝန်ရှိသူတို့က စောင့်ကြပ်၍ ကိုယ်အပူချိန်တိုင်းကိရိယာဖြင့် ကျန်းမာရေးစစ်ဆေးမှုများပြုလုပ်လျက်ရှိရာ ယခုအခါ ခန္ဓာကိုယ်၏အပူချိန်ကို မိမိလက်ဝါး ဖြန့်ပြရုံဖြင့် မိမိကိုယ်တိုင်မြင်တွေ့နိုင်သည့် ခန္ဓာကိုယ်အပူချိန်တိုင်းကိရိယာ (Non contacted thermometer) ကို တောင်ဥက္ကလာပမြို့နယ်မှ ကိုကျော်နန္ဒနှင့်အဖွဲ့က စမ်းသပ်ပြုလုပ်ခဲ့သည်။

ယင်းသို့စမ်းသပ်ပြုလုပ်ထားသည့် ခန္ဓာကိုယ်အပူချိန်တိုင်းကိရိယာကို ဇွန် ၈ ရက်က တောင်ဥက္ကလာပမြို့နယ် ကိုဗစ်–၁၉ ရောဂါ ကြိုတင်ကာကွယ်၊ တားဆီးရေးကော်မတီသို့ ကိုကျော်နန္ဒနှင့်အဖွဲ့က လာရောက်လှူဒါန်းခဲ့သည်။

အဆိုပါ ကိရိယာသည် ခန္ဓာကိုယ်အပူချိန် ပုံမှန်ထက်များနေပါက မီးနီလင်းကာ အချက်ပေးသံထွက်ပေါ်လာမည်ဖြစ်ပြီး အပူချိန်တိုင်းကိရိယာတွင် လက်ဝါးဖြန့်ရုံဖြင့် အလိုအလျောက် လက်သန့်ဆေးရည် ထုတ်ပေးသည့်စနစ်လည်း ပူးတွဲပါရှိကြောင်း သိရသည်။

အဆိုပါ အပူချိန်တိုင်းကိရိယာမှာ လျှပ်စစ်ဖြင့် သုံးစွဲရမည်ဖြစ်ပြီး လျှပ်စစ်ဓာတ်အား ပြတ်တောက်သည့်အခါ အင်ဗာတာဖြင့်လည်း သုံးစွဲနိုင်မည်ဖြစ်ကြောင်း၊ တောင်ဥက္ကလာပမြို့နယ်ရှိ အထက်တန်းကျောင်းများတွင် သုံးစွဲနိုင်ရန် ဆောင်ရွက်သွားမည်ဖြစ်ကြောင်း သိရသည်။ **အောင်သူရ**



# ကံမမြို့နယ်၌ ကန့်သတ်စောင့်ကြည့်ရေးစခန်းဝင်ရောက်နေသူများအား ကိုယ်ကာယလှုပ်ရှားမှု လေ့ကျင့်ပေး

**ကံမ ဇွန် ၉**

မကွေးတိုင်းဒေသကြီး သရက်ခရိုင် ကံမမြို့တွင် ပြည်ပမှနေရပ်ပြန်လာသူများအား ကိုဗစ်–၁၉ ရောဂါ ကြိုတင်ကာကွယ်ရေးအတွက် ၂၁ ရက် ကန့်သတ်စောင့်ကြည့်ရေးစခန်းကို မြို့နယ်ခန်းမနှင့် သာသနာ့ဗိမာန်တွင် ဖွင့်လှစ်ထားရှိပြီး အဆိုပါနေရပ်ပြန်ပြည်သူများအား ကျန်းမာကြံ့ခိုင်စေရန်အတွက် မြို့နယ်အားကစားနှင့် ကာယပညာဦးစီးဌာနမှ ဝန်ထမ်းများက ကိုယ်လက်လှုပ်ရှားဆေးတစ်ပါးအနေဖြင့် ကိုယ်ကာယလှုပ်ရှားမှု လေ့ကျင့်ခြင်းကို ယမန်နေ့ညနေက ဆောင်ရွက်ပေးခဲ့ကြောင်း သိရသည်။

အဆိုပါ နေရပ်ပြန်ပြည်သူများအား မြို့နယ်ပြည်သူ့ကျန်းမာရေးဦးစီးဌာနက ကျန်းမာရေးစောင့်ရှောက်မှုများ နေ့စဉ်ဆောင်ရွက်ပေးလျက်ရှိပြီး ကံမမြို့နယ်တွင် ပြည်ပမှ နေရပ်ပြန်လည်ရောက်ရှိသူ ၈၃ ဦး ရှိကြောင်း သိရသည်။

**ကိုကိုကျော်(ကံမ)**

# JMC-U နှင့် JPF နှစ်ဖက်ကိုယ်စားလှယ်များ အစည်းအဝေးကျင်းပ



**ရန်ကုန် ဇွန် ၉**
ပြည်ထောင်စုအဆင့် ပစ်ခတ်တိုက်ခိုက်မှုရပ်စဲရေးဆိုင်ရာ ပူးတွဲစောင့်ကြည့်ရေးကော်မတီ (JMC-U) နှင့် ငြိမ်းချမ်းရေးပူးပေါင်းရန်ပုံငွေ (Joint Peace Fund – JPF) အဖွဲ့မှ ကိုယ်စားလှယ်အဖွဲ့ဝင်များသည် ယနေ့တွင် ရန်ကုန်မြို့ ရွှေလီလမ်းရှိ NRPC ခန်းမတွင် အစည်းအဝေး ကျင်းပသည်။

အဆိုပါအစည်းအဝေးသည် မေ ၁၉ ရက်တွင် အွန်လိုင်း Video Conferencing ဖြင့် ပြုလုပ်ခဲ့သည့် အစည်းအဝေး၏ နောက်ဆက်တွဲဖြစ်ပြီး ယခင်အစည်းအဝေးထက် ပိုမိုအသေးစိတ်ဆွေးနွေးနိုင်ခဲ့ကြောင်း သိရသည်။

ကနဦးတွင် လက်ရှိ JPF ၏ ဒုတိယဥက္ကဋ္ဌဖြစ်ပြီး မကြာမီ ဥက္ကဋ္ဌတာဝန်လွှဲပြောင်းရယူမည်ဖြစ်သည့် မြန်မာနိုင်ငံဆိုင်ရာ ဆွစ်ဇာလန်သံအမတ်ကြီး Mr. Tim Enderlin က လက်ရှိဖြစ်ပေါ်တိုးတက်နေသည့် မြန်မာ့ငြိမ်းချမ်းရေးဆိုင်ရာ ဖြစ်စဉ်များနှင့်ပတ်သက်ပြီး ၎င်း၏အမြင်ကို တင်ပြဆွေးနွေးကာ သိရှိလိုသည်များကို မေးမြန်းခဲ့သည်။

JMC–U ၏ ဥက္ကဋ္ဌ ဒုတိယဗိုလ်ချုပ်ကြီးရာပြည့်က ငြိမ်းချမ်းရေးဖြစ်စဉ်ဆိုင်ရာကိစ္စများ၊ ကိုဗစ်–၁၉ အလွန်ကာလတွင် ပြန်လည်ကျင်းပမည့်ဆွေးနွေးပွဲများနှင့် ဖြစ်ပေါ်တိုးတက်လာနိုင်သည့် အခြေအနေများကို အသေးစိတ်ပြန်လည်ဆွေးနွေးခဲ့ပြီး သံအမတ်ကြီး၏ သိလိုသည်များကိုပါ တစ်ပါတည်း ရှင်းပြခဲ့သည်။

ဆက်လက်ပြီး JMC–U အတွင်းရေးမှူး(၁) ဒေါက်တာရွှေခါးရဲက ငြိမ်းချမ်းရေးဖြစ်စဉ်ဆိုင်ရာ အခြေအနေများနှင့် ၎င်း၏သုံးသပ်ချက်ကို အသေးစိတ်တင်ပြဆွေးနွေးခဲ့ပြီး မူဝါဒဆိုင်ရာကိစ္စများ ဖြစ်ပေါ်ပြောင်းလဲတိုးတက်မှုများကိုလည်း ရှင်းလင်းပြောကြားသည်။

ထို့နောက် JMC–U ကော်မတီဝင် အရပ်သားကိုယ်စားလှယ် ဦးမောင်မောင်ငြိမ်းက JMC မှ အကောင်အထည်ဖော်ရန် လျာထားသည့် ဒေသခံအရပ်သား စောင့်ကြည့်သူ (LCM)များ ထားရှိခြင်းနှင့်ပတ်သက်၍ ကျင့်သုံးမည့်နည်းနာများ၊ ပို့ချမည့် သင်တန်းလက်စွဲများ စသည်တို့ကို အနှစ်ချုပ် ရှင်းလင်းတင်ပြခဲ့ပြီး JPF ညွှန်ကြားရေးမှူး Mr. Paul F. Randolph က ဖြည့်စွက်တင်ပြဆွေးနွေးသည်။

အစည်းအဝေးသို့ JMC–U ဘက်မှ ဥက္ကဋ္ဌ ဒုတိယဗိုလ်ချုပ်ကြီး ရာပြည့်၊ ဒုတိယဥက္ကဋ္ဌ(၂) သိက္ခာတော်ရဆရာတော် စောမက်သယူးအေး၊ အတွင်းရေးမှူး(၁) ဒေါက်တာရွှေခါးရဲ၊ အတွင်းရေးမှူး(၂) ဗိုလ်မှူးကြီးဝဏ္ဏအောင်၊ ကော်မတီဝင်အရပ်သားကိုယ်စားလှယ် ဦးမောင်မောင်ငြိမ်းနှင့် နည်းပညာအထောက်အကူပြုရုံးအဖွဲ့မှ အလုပ်အမှုဆောင် ညွှန်ကြားရေးမှူး ဦးစိန်ထွန်းလှတို့ တက်ရောက်ပြီး JPF ဘက်မှ ဒုတိယဥက္ကဋ္ဌ ဆွစ်ဇာလန်သံအမတ်ကြီး Mr. Tim Enderlin၊ JPF Technical Secretariat Director, Mr. Paul F. Randolph၊ ဆွစ်ဇာလန်သံရုံးမှ Peace Advisor, Mr. Thomas Meier–Nidecker နှင့် JPF Technical Secretariat မှ Communication Coordinator, ဒေါ်မိုးမိုးဦးတို့ ပါဝင်တက်ရောက်ခဲ့ကြကြောင်း သတင်းရရှိသည်။

ထက်လျှံ

## တောင်သူလယ်သမားများသို့ အကြံပြုနှိုးဆော်ချက်

မိုးလေဝသနှင့်ဇလဗေဒဦးစီးဌာနမှ ခန့်မှန်းချက်များအရ ယခုနှစ်တွင် မုတ်သုန်လေဝင်ရောက်မှု နောက်ကျပြီး၊ မိုးရွာသွန်းမှုလျော့နည်းနိုင်သည့်အတွက် စိုက်ပျိုးရေရရှိမှုနည်းပါးနိုင်ကြောင်း သိရှိရပါသည်။ သို့ပါ၍ ရာသီဥတုပြောင်းလဲမှု အခြေအနေများပေါ်မူတည်၍ တုံ့ပြန်ဆောင်ရွက်နိုင်မည့် အောက်ပါနည်းလမ်းများကို ဆောင်ရွက်ကြရန် အသိပေးထုတ်ပြန်အပ်ပါသည်။

၁။ ရေလိုအပ်ချက်နည်း၍ ဒေသနှင့်ကိုက်ညီသည့် ဈေးကွက်ဝင် သက်တမ်းတိုစပါးမျိုးများနှင့် ရေငတ်ဒဏ်ခံစပါးမျိုးများ ပြောင်းလဲစိုက်ပျိုးကြရန်ဖြစ်ပါသည်။

၂။ အောက်ပါရေလိုအပ်ချက်လျော့နည်းသည့် စိုက်ပျိုးရေးနည်းစနစ်များ ပြောင်းလဲစိုက်ပျိုးကြရန် ဖြစ်ပါသည်။
- (က) ပျိုးသက်နုကောက်ကွက်ကြဲ(SRI)စနစ်၊
- (ခ) တိုက်ရိုက်အစေ့ချ စိုက်ပျိုးနည်းစနစ်(အခြောက်/အစို)၊
- (ဂ) Drum Seeder ဖြင့် စိုက်ပျိုးခြင်းစနစ်၊
- (ဃ) ကြဲခင်းစနစ်၊

၃။ လုပ်သားအင်အားရရှိနိုင်မှုပေါ်မူတည်၍ –
- (က) လုပ်သားအင်အားရရှိနိုင်ပါက ပျိုးသက်နုကောက်ကွက်ကြဲ (SRI)စနစ်ကို အသုံးပြုရန်၊
- (ခ) လုပ်သားအင်အား အကန့်အသတ်ရှိပါက တိုက်ရိုက်အစေ့ချ စိုက်ပျိုးနည်းစနစ် (အခြောက်/အစို)၊ Drum Seeder ဖြင့် စိုက်ပျိုးခြင်းစနစ်နှင့် ကြဲခင်းစနစ်များကို အသုံးပြုစိုက်ပျိုးရန်၊

၄။ လယ်ယာလုပ်ငန်းခွင်နှင့်ပတ်သက်၍ အခက်အခဲများကြုံတွေ့ပါက နီးစပ်ရာ စိုက်ပျိုးရေးဦးစီးဌာနရုံးများ၊ စက်မှုလယ်ယာဦးစီးဌာနရုံးများနှင့် ရုံးချုပ်(ဖုန်း–၀၆၇–၃၄၁၀၅၂၆) သို့ ဆက်သွယ်ဆောင်ရွက်ကြပါရန် အသိပေးနှိုးဆော်အပ်ပါသည်။

**စိုက်ပျိုးရေး၊ မွေးမြူရေးနှင့်ဆည်မြောင်းဝန်ကြီးဌာန**

## ငါးမွေးမြူရေးကန်များ ရေကြီးနစ်မြုပ်မှုမှ ကြိုတင်ကာကွယ်ရေး သတိပေးနှိုးဆော်ချက်

နိုင်ငံတော်စားနပ်ရိက္ခာဖူလုံရေးနှင့် ပြည်ပတင်ပို့ခြင်းဖြင့် နိုင်ငံခြားဝင်ငွေရရှိရေးအတွက် နိုင်ငံအနှံ့အပြားတွင် ငါးမွေးမြူရေးကန်များဖြင့်မွေးမြူဆောင်ရွက်လျက်ရှိရာ မိုးအလွန်အကျွံရွာသွန်းခြင်းနှင့် မြစ်ရေကြီးခြင်းများကြောင့် ငါးမွေးမြူရေးကန်များ ရေကြီးနစ်မြုပ်ခြင်းမှ ကြိုတင်ကာကွယ်ရန်နှင့် ဆုံးရှုံးမှုလျော့နည်းစေရေးအတွက် အောက်ဖော်ပြပါအချက်များကို ငါးပုစွန်မွေးမြူရေးကန်များ၌ လိုက်နာဆောင်ရွက်ကြပါရန် သတိပေးနှိုးဆော်အပ်ပါသည် –

- ငါးမွေးမြူရေးကန်များ၏ ကန်ပေါင်များခိုင်ခံ့ရန်အတွက် ကန်ပေါင်ပါးသော၊ နိမ့်သောနေရာများတွင် သဲအိတ်များဖို့၍ ကန်ပေါင်ခိုင်ခံ့အောင်ပြုလုပ်ထားရန်၊
- အကယ်၍ ရေကြီးရေလျှံလာပါက ငါးများလွတ်ထွက်မှုမရှိစေရေးအတွက် ဇာပြာပိုက်များဖြင့်ကာရံထားရန်၊
- ရေစီးကြောင်းနှင့်နီးသောငါးကန်များတွင် ရေတိုက်စားမှုကာကွယ်ရန်အတွက် တုတ်ရိုက်ကာ ဝါးထရံများဖြင့်ကာရံ၍ သဲအိတ်များဖို့ထားရန်၊
- လိုအပ်ပါက ငါးများရွှေ့ပြောင်းနိုင်ရန်အတွက် ငါးဖမ်းပိုက်များ၊ စက်လှေများနှင့် စက်ပစ္စည်းများအား ကြိုတင်ပြင်ဆင်ထားရန်နှင့် အထူးသဖြင့် မျိုးငါးကြီးများအား ဦးစားပေးရွှေ့ပြောင်းထားရန်၊
- သိုလှောင်ထားသော ငါးအစာနှင့်လုပ်ငန်းသုံးပစ္စည်းများအား ရေလွတ်သောနေရာသို့ ရွှေ့ပြောင်းထားရန်၊
- ပုံမှန်အစာကျွေးခြင်းဖြင့် ငါးများလွတ်ထွက်မသွားစေရေး ဆောင်ရွက်ထားရန်၊
- မွေးမြူရေးကန်၏ ရေထွက်/ရေလျှံပေါက်များ၊ ရေကျော်မည့်နေရာများအား အစဉ်ဂရုတစိုက်စစ်ဆေးနေရန်၊
- ထူးခြားသည့်အခြေအနေများ အချိန်နှင့်တစ်ပြေးညီသိရှိနိုင်ရန်အတွက် ဆက်သွယ်သတင်းပို့နိုင်မည့် နည်းလမ်းများ ကြိုတင်ပြင်ဆင်ထားရန်၊
- အစိုးရပိုင်ရေဒီယို၊ အသံလွှင့်ဌာနများမှ ထုတ်လွှင့်လျက်ရှိသော အရေးပေါ်မိုးလေဝသသတိပေးချက်များနှင့် ပတ်သက်သည့်သတင်းများကို အမြဲဂရုတစိုက်နားထောင်ရန်နှင့် ပြည်တွင်းထုတ်နေ့စဉ်သတင်းစာများတွင်ပါရှိသည့် မိုးလေဝသနှင့်ပတ်သက်သည့်သတင်း၊ ဆောင်းပါးများအား အမြဲမပြတ် ဖတ်ရှုသတိပြုပြီး ငါးမွေးမြူသူအချင်းချင်း သတင်းအချက်အလက်ဖလှယ်ကြရန်၊
- ရေကြီးနစ်မြုပ်မှုအတွက် အရေးပေါ်အခြေအနေများဖြစ်ပေါ်ပါက နီးစပ်ရာငါးလုပ်ငန်းဦးစီးဌာနများနှင့် ဆက်သွယ်အကူအညီတောင်းခံကြရန်၊

**စိုက်ပျိုးရေး၊မွေးမြူရေးနှင့်ဆည်မြောင်းဝန်ကြီးဌာန**
**ငါးလုပ်ငန်းဦးစီးဌာန**

## ဂရန်အင်းများအတွင်း ငါးမျိုးစိုက်ထည့်ခြင်းအခမ်းအနား ကျင်းပ

**လေးမျက်နှာ ဇွန် ၉**
ဧရာဝတီတိုင်းဒေသကြီး လေးမျက်နှာမြို့နယ် လဟာကြီးအင်းအတွင်း ဂရန်အင်းများအတွင်း ငါးမျိုးစိုက်ထည့်ခြင်းအခမ်းအနားကို ယနေ့ နံနက် ၈ နာရီက ကျင်းပရာ ဧရာဝတီတိုင်းဒေသကြီး ငါးလုပ်ငန်းဦးစီးမှူး၊ ဟင်္သာတခရိုင် ငါးလုပ်ငန်းဦးစီးမှူး၊ ခရိုင်အတွင်းရှိ မြို့နယ်ဦးစီးဌာနမှူးများနှင့်ဝန်ထမ်းများ၊ လေးမျက်နှာမြို့နယ် ထွေ/အုပ်မှူးနှင့် လယ်/စီ အဖွဲ့ဝင်များ၊ ဂရန်ကိုင်အင်းသားကြီးနှင့် ရေလုပ်သားများမှ အရွယ် ၄ လက်မ အောက်ခံရှိ တောင်ပေါ်ငါးသလောက် ၃၀၀၀၀၊ ငါးမြစ်ချင်း ၄၀၀၀၀ အား ငါးမျိုး စိုက်ခဲ့ပါကြောင်း သိရသည်။




သတင်းစဉ်

## လျှပ်စစ်ဘက်ထရီဖြင့် ငါးဖမ်းဆီးခြင်းမပြုလုပ်ရန် သတိပေးတားမြစ်ချက်ဆိုင်းဘုတ်များ စိုက်ထူ



**ရန်ကုန် ဇွန် ၉**
အင်းစိန်မြို့နယ် ငါးလုပ်ငန်းဦးစီးဌာနသည် ယမန်နေ့က ငါးလုပ်ငန်းဖွံ့ဖြိုးတိုးတက်ရေးအတွက် ငါးသယံဇာတ ထိန်းသိမ်းရေးဆိုင်ရာ လျှပ်စစ်ဘက်ထရီ(ကျဉ်စက်)ဖြင့် ငါးဖမ်းဆီးခြင်းမပြုလုပ်ရန် သတိပေးတားမြစ်ချက်ဆိုင်းဘုတ်များ စိုက်ထူခဲ့ကြောင်း သိရသည်။

အင်းစိန်မြို့နယ် ငါးလုပ်ငန်းဦးစီးမှူး ဦးဇော်နိုင်လင်းက ဘက်ထရီရှော့တိုက် (ကျဉ်စက်)ဖြင့် ငါးဖမ်းဆီးခြင်း၊ ဆိုးကျိုးများသော အပင်မျှောလှေ၊ သတ္တုမျှောလှေ အပါအဝင် ငါးနှင့် ရေနေသတ္တဝါများ၊ သေကျေပျက်စီးခြင်းကြောင့် ဂေဟဗေဒစနစ်နှင့် သတ္တဝါများ တိုးပွားမှုအတွက် အရေးပါသော အစာကွင်းစက် ပျက်ယွင်းခြင်း၊ ဥကပ်ငါးများ သေကျေပျက်စီးပါက ပေါက်ပွားလာမည့် ငါးသယံဇာတများ ဆုံးရှုံးခြင်း၊ အသက်မသေဘဲ လွတ်မြောက်သွားသော ငါးကြီးများသည် လျှပ်စစ်ဓာတ်အားကြောင့် ချည့်နဲ့သွားခြင်း၊ မြုံသွားခြင်း၊ မျိုးမပွားနိုင်တော့ခြင်း၊ ဧရာဝတီ လင်းပိုင်များကိုလည်း ထိခိုက်သေဆုံးစေခြင်းတို့ကြောင့် ငါးမျိုးပြုန်းတီးမှုနှင့် ငါးသယံဇာတ ရေရှည်စဉ်ဆက်မပြတ် ထိန်းသိမ်းကာကွယ်ရန် ရည်ရွယ်၍ သတိပေးတားမြစ်ချက် ဆိုင်းဘုတ်များ စိုက်ထူရခြင်းဖြစ်ကြောင်း ပြောကြားသည်။

တားမြစ်ထားသော ကာလအတွင်း ငါးလုပ်ငန်းဦးစီးဌာနက ငါးဖမ်းဆီးခြင်းမပြုလုပ်ရန် သတိပေးတားမြစ်ချက်များကို ဖောက်ဖျက်ကျူးလွန်ပါက ရေချိုငါးလုပ်ငန်းဥပဒေအရ အရေးယူဆောင်ရွက်သွားမည်ဖြစ်ကြောင်း သိရသည်။ **ဉာဏ်ဟိန်း**

# ကိုဗစ်-၁၉ ရောဂါကာလအတွင်း တိရစ္ဆာန်ဥယျာဉ် (ရန်ကုန်) ရှိ တိရစ္ဆာန်များ ကျန်းမာရေးပိုမိုကောင်းမွန်လာ

**ရန်ကုန် ဇွန် ၉**

တိရစ္ဆာန်ဥယျာဉ်(ရန်ကုန်)ရှိ တိရစ္ဆာန်များ ကိုဗစ်-၁၉ ကာလအတွင်း လူအများနှင့် ထိတွေ့မှုမရှိဘဲ သဘာဝ အတိုင်း တောထဲတွင်နေထိုင်ရသည့် ပုံစံမျိုးဖြစ်နေသည့် အတွက် သဘာဝပတ်ဝန်းကျင်နှင့် ကိုက်ညီကာ ကျန်းမာရေး ပိုမိုကောင်းမွန်လာကြောင်း တိရစ္ဆာန်ဥယျာဉ် (ရန်ကုန်) မှ အုပ်ချုပ်ရေးမှူး ဦးကျော်ရဲသီဟဖေ ထံမှ သိရသည်။

ကိုဗစ်-၁၉ ကာလတွင်း တိရစ္ဆာန်များကို အစား အသောက်ကျွေးမွေးမှုအနေဖြင့် ယခင်ပုံမှန်အတိုင်းဂရုစိုက် ကျွေးမွေးလျက်ရှိပြီး အလှူရှင်များကလည်း လာရောက် လှူဒါန်းကျွေးမွေးမှုများရှိကြောင်း၊ လှူဒါန်းကျွေးမွေးမှု များအနေဖြင့် ဧပြီလနောက်ပိုင်းမှသာ ဆက်သွယ်လှူဒါန်း မှုများရှိလာပြီး ဧပြီလကုန်ထိလှူဒါန်းမှုများမရှိကြောင်း၊ ထိုသို့လှူဒါန်းရာတွင်လည်း လိုအပ်သည့် ကျွေးမွေးမှုများကို သာဆောင်ရွက်စေပြီး တိရစ္ဆာန်များစားနိုင်သည့်ပမာဏ နှင့် အန္တရာယ်မဖြစ်စေသည့် အနေအထားမျိုးကိုသာ ကျွေးမွေးခွင့်ပြုပေးထားကြောင်းအုပ်ချုပ်ရေးမှူးဦးကျော် ရဲသီဟဖေက ပြောသည်။



၂၀၁၉ ခုနှစ် ဒီဇင်ဘာ ၃၁ ရက်(ရုံးပိတ်ရက်)တွင် တိရစ္ဆာန်ဥယျာဉ်(ရန်ကုန်)သို့ လာရောက်လည်ပတ်သူများ၊ အပန်းဖြေသူ များဖြင့် စည်ကားလျက်ရှိသည်ကို တွေ့ရစဉ်။

"အစားအသောက်တွေ ကျွေးမွေးလှူဒါန်းတဲ့အခါမှာ ပုံမှန်ရိက္ခာကလည်း ကျွေးနေပြီးသားဆိုတဲ့အခါကျတော့ တိရစ္ဆာန်လေးတွေ စားနိုင်သလောက်ထက် အများကြီး ကျွေးနိုင်လည်း အစ်ကိုတို့ကလက်မခံဘူး။ ထပ်ဆောင်း ဖြည့်စွက်စာကျွေးတဲ့ ပုံစံမျိုးလေးတွေကိုတော့ ခွင့်ပြုပေး ထားတယ်။ လိုအပ်တဲ့ ရိက္ခာလောက်ကိုပဲ တိရစ္ဆာန်တွေ စားလောက်တဲ့၊ အန္တရာယ်မဖြစ်လောက်တဲ့ အနေအထား မျိုးလေးတွေ ကျွေးတာကိုပဲ ခွင့်ပြုပေးထားပါတယ်။ လှူဒါန်း တဲ့သူတွေကိုလည်း အစားအသောက်ဆိုလည်း သင့်တော် တဲ့ဟာ သတ်မှတ်ပေးတယ်။ ယူလာတဲ့အခါကျရင် ဆရာဝန်နဲ့စစ်တယ်။ ဘယ်အကောင်တွေကို ဘယ်လိုကျွေး ပါဆိုတာကို တာဝန်ရှိတဲ့သူတွေကိုထည့်ပေးပြီးတော့ ကျွေးမွေးတာကို စီစဉ်ပေးပါတယ်"ဟု ၎င်းက ဆက်လက် ပြောပြသည်။

တိရစ္ဆာန်ဥယျာဉ်(ရန်ကုန်)တွင် တိရစ္ဆာန်အကောင်ရေ ပေါင်း ၁၄၀၀ ကျော်နှင့် မျိုးစိတ်ပေါင်း ၁၃၀ ကျော်ရှိပြီး ကိုဗစ်-၁၉ ကာလအတွင်း ရှားပါးမျိုးစိတ်ပေါက်ပွား မှုများလည်းရှိသည့်အတွက် ဥယျာဉ်ပြန်ဖွင့်လှစ်ပါက လာရောက် လည်ပတ်သူများအတွက် လေ့လာစရာများ ပိုရရှိလာနိုင်မည်ဖြစ်ကြောင်း အဆိုပါတိရစ္ဆာန်ဥယျာဉ်မှ သိရသည်။

တိရစ္ဆာန်ဥယျာဉ်(ရန်ကုန်)သည် အများပြည်သူရုံး ပိတ်ရက်များတွင် လာရောက်လည်ပတ်သူ ၁၀၀၀၀ ဝန်း ကျင်ခန့်ရှိပြီး သာမန်ရက်များတွင် တစ်နေ့လျှင် လူဦးရေ ၃၀၀၀ ဝန်းကျင်ခန့် လာရောက်လည်ပတ်ကြောင်းနှင့် တစ်နှစ်လျှင် လူဦးရေ ၁ ဒသမ ၂ သန်းခန့် ပုံမှန်လာရောက် လည်ပတ်ကြကြောင်းသိရသည်။ **အေးမင်းသူ**

# ကိုဗစ်-၁၉ ရောဂါကြောင့် အလုပ်လက်မဲ့ဖြစ်သွားသော မသန်စွမ်းအမျိုးသမီးများအား ငွေကြေးထောက်ပံ့

**ရန်ကုန် ဇွန် ၉**

LIFT Myanmar ၏ ရန်ပုံငွေ ကူညီပံ့ပိုးပေးမှုဖြင့် Action Aid Myanmar နှင့် ရွှေမင်းသားဖောင်ဒေးရှင်း (မြန်မာ)တို့ပူးပေါင်း၍ ကိုဗစ်-၁၉ရောဂါ ကြောင့်အလုပ်လက်မဲ့ဖြစ်သွားသော လှိုင်သာယာ မြို့နယ်အတွင်းရှိ မသန်စွမ်းအမျိုးသမီးများအား ငွေကြေးထောက်ပံ့ခြင်းအစီအစဉ်ကို ဇွန် ၅ ရက်က လှိုင်သာယာမြို့နယ် အောင်မြင်သာယာ ဘုရားဝင်း သာသနာ့ဗိမာန်၌ ပြုလုပ်သည်။



Action Aid Myanmar ၏ Consortium Lead မဖြိုးက ထောက်ပံ့ကြေးပေးအပ်ခြင်း ရည်ရွယ်ချက်များကို ရှင်းလင်းပြောကြားခဲ့ပြီး ရွှေမင်းသားဖောင်ဒေးရှင်း (မြန်မာ) ဥက္ကဋ္ဌ ဦးမြတ်သူဝင်းက အဖွင့်အမှာစကားပြောကြား သည်။

ထို့နောက် အမျိုးသားလွှတ်တော်ကိုယ်စားလှယ် ဦးအေးဗိုလ်၊ လှိုင်သာယာမြို့နယ်အုပ်ချုပ်ရေးမှူး ဦးကျော်ဆွေ၊ ရွှေမင်းသားဖောင်ဒေးရှင်း (မြန်မာ) ဥက္ကဋ္ဌ ဦးမြတ်သူဝင်း၊ Action Aid Myanmar ၏ Consortium Lead မဖြိုးနှင့် တာဝန်ရှိသူများက မသန်စွမ်းသူများအား တစ်ဦးလျှင် ထောက်ပံ့ကြေးငွေကျပ် ၂၄၀၀၀၀ စီ ပေးအပ်သည်။

ငွေကြေးထောက်ပံ့ခြင်း အစီအစဉ်အရ ကိုဗစ်-၁၉ ရောဂါကြောင့် အလုပ်လက်မဲ့ဖြစ် သွားသော လှိုင်သာယာမြို့နယ်၊ ရွှေပြည်သာ မြို့နယ်၊ ဒဂုံ မြို့သစ်(တောင်ပိုင်း) မြို့နယ်နှင့် ဒဂုံ ဆိပ်ကမ်းမြို့နယ်များအတွင်းရှိ မသန်စွမ်း အမျိုးသမီး ၁၀၁ ဦးအား တစ်ဦးလျှင် ထောက်ပံ့ ကြေးငွေကျပ် ၂၄၀၀၀၀ စီ ပေးအပ်ခဲ့ကြောင်း သိရသည်။ **ကိုထက်**



# ကမ္ဘာ့ပတ်ဝန်းကျင်ထိန်းသိမ်းရေးနေ့ကို ဂုဏ်ပြုသောအားဖြင့် လှိုင်သာယာနှင့် ရွှေပြည်သာမြို့နယ်တို့၌ ပျိုးပင်များဖြန့်ဝေ

**ရန်ကုန် ဇွန် ၉**

၂၀၂၀ ပြည့်နှစ် ကမ္ဘာ့ပတ်ဝန်းကျင်ထိန်းသိမ်းရေးနေ့ကို ဂုဏ်ပြုသောအားဖြင့် မိုးရာသီ သစ်ပင်များစိုက်ပျိုးနိုင်ရန် ပျိုးပင်များဖြန့်ဝေခြင်း၊ အသိပညာပေး လက်ကမ်းစာစောင်များ ဖြန့်ဝေပေးခြင်းတို့ကို ရန်ကုန်မြောက်ပိုင်းခရိုင် အင်းစိန်မြို့နယ် သစ်တောဦးစီးဌာနနှင့် ပတ်ဝန်းကျင်ထိန်းသိမ်းရေးဦးစီးဌာနတို့ ပူးပေါင်း၍ လှိုင်သာယာအနောက်ပိုင်းမြို့နယ် ထီးလှိုင်ရှင်အိမ်ရာဝင်းနှင့် ရွှေပြည်သာမြို့နယ် (၁၉)ရပ်ကွက် တန်ဖိုးနည်းအိမ်ရာဝင်းတို့၌ ဇွန် ၆ ရက်က ဆောင်ရွက်ခဲ့သည်။

လှိုင်သာယာနှင့် ရွှေပြည်သာမြို့နယ် အိမ်ရာဝင်းများရှေ့တို့တွင် အသိပညာပေး လက်ကမ်းစာစောင်များဖြန့်ဝေခြင်း၊ ကမ္ဘာ့ပတ်ဝန်းကျင်ထိန်းသိမ်းရေးနေ့ တီရှပ်အင်္ကျီများ ဝေငှခဲ့ကြပြီး ရပ်ကွက်အုပ်ချုပ်ရေးအဖွဲ့များ၊ လူမှုရေးအသင်းအဖွဲ့များက ဒေသခံပြည်သူ များအား လက်ဖက်ရည်၊ မုန့်တို့ဖြင့် ဧည့်ခံကျွေးမွေးခဲ့ကြသည်။

ထို့နောက် အိမ်ရာဝင်းနှစ်နေရာ ရှေ့နှင့် နောက်ပတ်ပတ်လည်တို့၌ စိုက်ပျိုးရန် အင်းစိန် မြို့နယ် သစ်တောပျိုးဥယျာဉ်မှ ထီးလှိုင်ရှင်အိမ်ရာဝင်းအတွက် ကံ့ကော်၊ ငုရွှေဝါ၊ စိန်ပန်းကြီး၊ ငုစပ်ကြီး၊ ပြည်ပန်းရွှေ၊ ကုက္ကို၊ ပိတောက်၊ မဟော်ဂနီ၊ စွယ်တော် စုစုပေါင်းပျိုးပင် ၂၀၀ နှင့် တန်ဖိုးနည်းအိမ်ရာဝင်းအတွက် ကံ့ကော်၊ စွယ်တော်၊ စိန်ပန်းကြီး၊ အညာကုက္ကို၊ တမာ စုစုပေါင်းပျိုးပင် ၂၀၀ တို့ကို အိမ်ရာဝင်းများရှိ ပြည်သူများအား မိုးရာသီ သစ်ပင်စိုက်ပျိုး နိုင်ရန်အတွက် ဖြန့်ဝေပေးအပ်ခဲ့ကြောင်း သိရသည်။ **ဉာဏ်ဟိန်း**

# ရန်ကုန်မြို့တော်စည်ပင် ဦးဆောင်၍ ဒလမြို့နယ်၌ သောက်သုံးရေကန်ကြီး လေးခု တူးဖော်

**ရန်ကုန် ဇွန် ၉**

သောက်သုံးရေရှားပါးသည့် ဒလမြို့နယ်ရှိ ကျေးရွာများအတွင်း သောက်သုံးရေဖူလုံစေရန် ရန်ကုန်မြို့တော် စည်ပင်သာယာရေးကော်မတီ ၏ ဦးဆောင်မှု၊ အလှူရှင်များ ပံ့ပိုးကူညီမှုဖြင့် သောက်သုံးရေကန်ကြီး လေးခုကို အောင်မြင်စွာ တူးဖော်ပေးနိုင်ခဲ့ပြီဖြစ်ကြောင်း သိရသည်။

ဒလမြို့နယ်သည် ပင်လယ်နှင့်နီးသော်လည်း မြေအောက်ရေကောင်းရရှိရန် အခက်အခဲရှိသည့် ဒေသဖြစ်ပြီး အများစုမှာ မိုးရာသီကာလအတွင်း စုဆောင်းထားသောမိုးရေကိုသာ အဓိက အားထားနေရသော ဒေသတစ်ခုဖြစ်သည်။

အဆိုပါ တူးဖော်ပြီးစီးသွားသော ရေကန်များ ကို မိုးကာလမိုးရေခံထားမည်ဖြစ်ပြီး မိုးကုန်ပြီး နောက် ရေရှားပါးချိန်တွင် ပြည်သူများအနေဖြင့် ထုတ်ယူသုံးစွဲနိုင်မည်ဖြစ်သည်။

ယင်းတူးဖော်ပြီးရေကန်များမှာ အနိုးချောင်း ကြီးရေကန်၊ အနိုးချောင်းလေးရေကန်၊ လိပ်ကုန်း ကျေးရွာ ရေကန်နှင့် ထူးကြီးရေကန်တို့ဖြစ် ကြောင်း သိရသည်။ အလားတူ ဆိပ်ကြီး ခနောင်တိုမြို့နယ်၌လည်း ရေကန်တစ်ကန် တူးဖော်ပေးခဲ့ကြောင်း သိရသည်။

ဒလမြို့နယ်သည် ရေချိုရရှိရန်ခက်ခဲသည့် ဒေသဖြစ်ခြင်းကြောင့် ရန်ကုန်မြို့တော်စည်ပင် သာယာရေးကော်မတီက ရေရှည်ရေရရှိရေး စီမံကိန်းတစ်ရပ်ကို အကောင်အထည်ဖော် ဆောင်ရွက်သွားမည်ဖြစ်ကြောင်း သိရသည်။ အဆိုပါစီမံကိန်းကို ၂၀၂၂၊ ၂၀၂၃ ခုနှစ်များတွင် ရန်ကုန်တွံတေးဝ၌ ရေချိုပြုပြင်ပြောင်းလဲရေး စီမံကိန်းတစ်ရပ်ကို အကောင်အထည်ဖော်ပြီး ဒလမြို့ကို ရေပေးဝေသွားမည်ဖြစ်ကြောင်း သိရသည်။ **မြင့်မောင်**



# မနက်ဖြန်မွန်းတည့်ချိန်အထိ ခန့်မှန်းချက်

**နေပြည်တော် ဇွန် ၉**

နေပြည်တော်၊ မန္တလေးတိုင်းဒေသကြီး၊ မကွေးတိုင်းဒေသကြီးနှင့် ကယားပြည်နယ်တို့ တွင် နေရာစိပ်စိပ်နှင့် ကျန်တိုင်းဒေသကြီးနှင့် ပြည်နယ်တို့တွင် နေရာအနှံ့အပြား မိုးထစ်ချုန်းရွာပြီး ပဲခူးတိုင်းဒေသကြီး၊ ရန်ကုန်တိုင်းဒေသကြီး၊ ဧရာဝတီတိုင်းဒေသကြီးနှင့် မွန်ပြည်နယ်တို့တွင် နေရာကွက်၍ မိုးကြီးနိုင်သည်။ ရွာရန်ရာနှုန်း ၈၀ ဖြစ်သည်။ **မိုး/ဇလ**

# ကျေးလက်နေပြည်သူများအတွက် အလုပ်အကိုင်ဖန်တီးပေးမည့် Cash for Work စီမံကိန်း အကောင်အထည်ဖော်သွားမည်

**နေပြည်တော် ဇွန် ၉**

ကျေးလက်ဖွံ့ဖြိုးရေးလုပ်ငန်းများကို ကျေးလက်နေပြည်သူများကိုယ်တိုင် ဆောင်ရွက်စေပြီး လုပ်အားခပေးချေမည့် Cash for Work စီမံကိန်းကို ကျေးလက်ဒေသ ဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနက အကောင်အထည်ဖော်ရန် စီစဉ်လျက်ရှိသည်။ Cash for Work စီမံကိန်းသည် ကိုဗစ်-၁၉ ရောဂါ ဖြစ်ပွားမှုကြောင့် ကျေးလက်နေပြည်သူများ၏ လူမှုစီးပွားဘဝ ထိခိုက်မှုများ လျော့ပါးသက်သာစေရန် အဓိက ရည်ရွယ်လုပ်ဆောင်သွားမည့် စီမံကိန်းတစ်ခု ဖြစ်ကြောင်းလည်း သိရသည်။

**ကျေးရွာရဲ့ အခြေခံအဆောက်အအုံတွေ ဖွံ့ဖြိုးလာစေဖို့**

"အဓိကတော့ ကိုဗစ်-၁၉ ရောဂါ ဖြစ်ပွားမှုကြောင့် နေ့စဉ် လက်လုပ်လက်စားအဖြစ် ရပ်တည်နေရတဲ့ ကျေးလက်ဒေသနေ ပြည်သူတွေ အလုပ်အကိုင်ရရှိပြီး ဝင်ငွေရရှိဖို့ ဖြစ်ပါတယ်။ ဒီ့အပြင် ကျေးလက်ဒေသအခြေခံအဆောက်အအုံတွေဖွံ့ဖြိုးဖို့ အထောက်အကူ ဖြစ်စေချင်တယ်။ ဒါကြောင့် ကျေးရွာရဲ့ လိုအပ်ချက်အရ ဆောင်ရွက်သင့်တဲ့ ကျေးရွာဖွံ့ဖြိုးရေးလုပ်ငန်းတွေကို ကျေးလက်နေပြည်သူတွေကိုယ်တိုင် ပါဝင်ဆောင်ရွက်ခြင်းဖြင့် မိသားစုဝင်ငွေ ရရှိစေပြီး ကျေးရွာရဲ့ အခြေခံအဆောက်အအုံတွေ ဖွံ့ဖြိုးလာစေဖို့အတွက် Cash for Work စီမံကိန်းကို ကျွန်တော်တို့ ဦးစီးဌာနအနေနဲ့ ဆောင်ရွက်သွားမှာဖြစ်ပါတယ်"ဟု ကျေးလက်ဒေသ ဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန ညွှန်ကြားရေးမှူးချုပ် ဦးခန့်ဇော်က ပြောသည်။

အဆိုပါစီမံကိန်းကို တိုင်းဒေသကြီးနှင့် ပြည်နယ်များရှိ ကျေးရွာပေါင်း ၃၅၀၀ တွင် အကောင်အထည်ဖော်သွားမည်ဖြစ်ကြောင်း ကျေးလက်ဒေသ ဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနမှ သိရပြီး ကျေးရွာပေါင်း ၃၅၀၀ တွင် အကောင်အထည်မဖော်မီ လုပ်ငန်းများ၏ အားသာချက်၊ အားနည်းချက်များကို သိရှိနိုင်ရန်အတွက် တိုင်းဒေသကြီးနှင့် ပြည်နယ်တစ်ခုစီမှ ကျေးရွာတစ်ရွာစီတွင် Pilot Project အဖြစ် စီမံကိန်းလုပ်ငန်းများ စမ်းသပ်အကောင်အထည်ဖော် ဆောင်ရွက်နေပြီဖြစ်သည်။

ကိုဗစ်-၁၉ ကြောင့် ပြည်သူတို့၏ လူမှုစီးပွားဘဝ ထိခိုက်မှုများကို ကုစားနိုင်ရန်အတွက် နိုင်ငံတော်မှ ၂၀၂၀ ပြည့်နှစ် ဧပြီ ၂၇ ရက်က ကိုဗစ်-၁၉ စီးပွားရေးထိခိုက်မှု သက်သာရေးစီမံချက် (COVID-19 Economic Relief Plan-CERP) ကို ရေးဆွဲထုတ်ပြန်ခဲ့ပြီး အဆိုပါစီမံချက်၏ Action 2.1.7 (d)အရ ကျေးလက်ဒေသများတွင် ကုန်ထုတ်လုပ်မှုနှင့် ကျေးရွာအခြေခံအဆောက်အအုံဖွံ့ဖြိုးရေး အထောက်အကူပြု Cash for Work စီမံကိန်းကို ဆောင်ရွက်ခြင်းဖြစ်သည်။

**လက်လုပ်လက်စားပြည်သူတွေ အလုပ်အကိုင်ရရှိပြီး ဝင်ငွေရရှိဖို့**

"စီမံကိန်းကို ဇူလိုင်လကနေစပြီး ဆောင်ရွက်ဖို့ စီမံလျာထားတယ်။ စီမံကိန်းကာလက သုံးလကနေ လေးလလောက်အထိ ကြာမှာဖြစ်ပါတယ်။ ဒီကာလအတောအတွင်း ပြီးစီးနိုင်တဲ့ ရေတိုဖွံ့ဖြိုးရေးလုပ်ငန်းတွေကိုပဲ ရွေးချယ်ဆောင်ရွက်တာဖြစ်ပါတယ်။ အထူးသဖြင့် စီမံကိန်းကျေးရွာတွေက လက်လုပ်လက်စားပြည်သူတွေ အလုပ်အကိုင်ရရှိပြီး ဝင်ငွေရရှိဖို့ပါ။ ဒါကြောင့် ရွေးချယ်တဲ့အခါမှာလည်း ကျေးလက်က ထိခိုက်လွယ်ပြည်သူတွေကိုပဲ အဓိက ရွေးချယ်မှာပါ။ လုပ်အားခကို အစိုးရကသတ်မှတ်ထားတဲ့ အနိမ့်ဆုံးလုပ်အားခနဲ့ အခြေခံတွက်ချက်ပေးသွားမှာဖြစ်ပါတယ်။ ဒါပေမယ့် ဒေသလိုအပ်ချက်အရ ဒေသပေါက်ဈေးနှုန်းနဲ့အညီ တိုးပေးရမယ့်နေရာတွေလည်းရှိပါတယ်။ ဒါကြောင့် အနိမ့်ဆုံး လုပ်အားခ ၄၈၀၀ နဲ့ ၆၀၀၀ ကြားလို့ သတ်မှတ်ထားပါတယ်" ဟု ညွှန်ကြားရေးမှူးချုပ်က ပြောသည်။



ကျေးလက်ဒေသ ဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန
ညွှန်ကြားရေးမှူးချုပ် ဦးခန့်ဇော်

ကျေးရွာတွင်း ရေနုတ်မြောင်းများတူးဖော်ခြင်း၊ ရေဆိုးရေညစ်များ သန့်စင်ရှင်းလင်းခြင်း၊ ကျေးရွာတွင်း လမ်းခင်းခြင်း၊ တံတားပြုပြင်ခြင်း၊ မြေပြိုဖယ်ရှားခြင်းလုပ်ငန်းများ၊ ရေကန်များ ခြံစည်းရိုးကာရံပြုပြင်ခြင်း၊ ရေတွင်းရေကန်များ တူးဖော်ပြုပြင်ခြင်း၊ ရေပိုက်လိုင်းသွယ်တန်းခြင်း၊ ဆိပ်ခံတံတားများ တည်ဆောက်ပြုပြင်ခြင်း၊ အသေးစားတာတမံများနှင့် ရေသွင်းရေထုတ်မြောင်းများ တည်ဆောက်ပြုပြင်ခြင်း၊ မြေထိန်းနံရံများ ပြုပြင်ခြင်း၊ ရေကာတမံများ ပြုပြင်ခြင်း၊ ကျေးရွာပိုင် အားကစားကွင်း တည်ဆောက် ပြုပြင်ခြင်း၊ စာသင်ကျောင်းများ၊ ဆေးပေးခန်းများ၊ ကျေးရွာခန်းမများ၊ ကျေးရွာဈေးများ ပြုပြင်မွမ်းမံခြင်း၊ ရေဝင်ရေလွှဲနေရာများနှင့် အများပြည်သူပိုင်နေရာများတွင် သစ်ပင်စိုက်ခြင်းစသည့် ကျေးရွာအခြေခံအဆောက်အအုံဖွံ့ဖြိုးရေးလုပ်ငန်းများကို ကျေးလက်ဒေသပြည်သူများကိုယ်တိုင် ပါဝင်ဆောင်ရွက်စေပြီး လုပ်အားခပြန်လည်ပေးချေသွားမည်ဖြစ်ကာ ကျေးရွာဖွံ့ဖြိုးရေးအတွက် သုံးလအတွင်း ပြီးစီးနိုင်သော လုပ်ငန်းများကိုသာ ဦးစားပေး ရွေးချယ်ဆောင်ရွက်သွားမည်ဖြစ်သည်။

**ဦးစားပေးရွေးချယ်သွားမည်**

ဆင်းရဲနွမ်းပါးပြီး အလုပ်လက်မဲ့၊ ကျပန်း အလုပ်သမားများနှင့် ထိခိုက်လွယ်အုပ်စုများသော ကျေးရွာများ၊ ကူးစက်ရောဂါ ဆိုးရွားစွာ (သို့မဟုတ်) အတော်အသင့် သက်ရောက်မှုရှိသောကျေးရွာ၊ လမ်းပန်းဆက်သွယ်ရေး လွယ်ကူချောမွေ့မှုနှင့် နယ်မြေလုံခြုံတည်ငြိမ် အေးချမ်းမှုရှိသောကျေးရွာ၊ ကျေးရွာသူ ကျေးရွာသားများက စိတ်အားထက်သန်မှု၊ စည်းလုံးညီညွတ်မှု၊ တက်ကြွစွာ ဆောင်ရွက်လိုမှုရှိသည့် ကျေးရွာ၊ လူဦးရေစစ်တမ်းအပေါ် အခြေခံ၍ တွက်ချက်ထုတ်ပြန်ထားသော ဖွံ့ဖြိုးရေးလိုအပ်ချက် (Multi-Dimensional Index) များသောကျေးရွာနှင့် ပြည်ပသို့ သွားရောက်အလုပ်လုပ်ကိုင်သော လုပ်သားများ ပြန်လည်ရောက်ရှိလာသူဦးရေများသော ကျေးရွာများကို ဦးစားပေးရွေးချယ်သွားမည်ဖြစ်ကြောင်း သိရသည်။

စီမံကိန်းကျေးရွာများရွေးချယ်ရာတွင် ဦးစီးဌာနနှင့်အတူ လွှတ်တော်ကိုယ်စားလှယ်များ၊ မြို့နယ်စီမံကိန်းရေးဆွဲရေးနှင့် အကောင်အထည်ဖော်ရေး ကော်မတီ (Township Planning and Implementation Committee-TPIC) တို့ တိုင်ပင်ညှိနှိုင်း၍ သတ်မှတ်စံနှုန်းများနှင့်အညီ ရွေးချယ်မည်ဖြစ်ကြောင်း သိရသည်။

"ကျွန်တော်တို့ ဦးစီးဌာနက တာဝန်ယူဆောင်ရွက်ပေမယ့် လွှတ်တော်ကိုယ်စားလှယ်တွေ၊ သက်ဆိုင်ရာ ဌာနဆိုင်ရာတွေ၊ ကျေးရွာအဖွဲ့အစည်းတွေအားလုံးနဲ့ ပူးပေါင်းဆောင်ရွက်သွားမှာပါ။ လုပ်ငန်းဆောင်ရွက်ရာမှာ လိုက်နာရမယ့် အချက်အလက်တွေကိုလည်း သတ်မှတ်ပြီးသားပါ။ စည်းကမ်းချက်တွေ၊ စံသတ်မှတ်ချက်တွေများနေရင် ကျွန်တော်တို့ရည်ရွယ်တဲ့ လက်လုပ်လက်စားပြည်သူတွေ ပါဝင်လုပ်ကိုင်ဖို့ အခက်အခဲတွေရှိနိုင်တဲ့အတွက် သူတို့ပါဝင်ဆောင်ရွက်နိုင်မယ့် ကာလတိုဖွံ့ဖြိုးရေးလုပ်ငန်းတွေကို ဆောင်ရွက်ဖို့ ရည်မှန်းထားတာ ဖြစ်ပါတယ်။ ကျေးရွာဖွံ့ဖြိုးရေးလုပ်ငန်းဆိုရာမှာလည်း တည်ဆောက်ရေးလုပ်ငန်းကြီးတွေမဟုတ်ဘဲ ကာလတိုအတွင်းမှာ ဆောင်ရွက်ပြီးစီးနိုင်ပြီးတော့ နည်းပညာရှုပ်ထွေးခြင်းမရှိတဲ့၊ ကျေးရွာလူထု ကိုယ်တိုင်ပါဝင်ဆောင်ရွက်နိုင်တဲ့ လုပ်ငန်းတွေပဲ ဖြစ်ပါတယ်"ဟု ညွှန်ကြားရေးမှူးချုပ်က ပြောသည်။

**အနီးကပ် ကြီးကြပ်ဆောင်ရွက်စေမည်**

စီမံကိန်းလုပ်ငန်းများ ဆောင်ရွက်ရာတွင် ကျေးရွာအုပ်ချုပ်ရေးအဖွဲ့များ၊ ကျေးရွာအတွင်း ဖွဲ့စည်းထားရှိသော ကျေးရွာဖွံ့ဖြိုးရေးကော်မတီများက အနီးကပ် ကြီးကြပ်ဆောင်ရွက်စေမည်ဖြစ်ကြောင်း သိရသည်။


သို့သော် Cash for Work စီမံကိန်းကို ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေး ဦးစီးဌာန၏ မြစိမ်းရောင်စီမံကိန်းရရှိပြီးသော ကျေးရွာများ၊ လက်ရှိဘဏ္ဍာနှစ်တွင် VDP စီမံကိန်းရရှိပြီးသော ကျေးရွာများတွင် ဆောင်ရွက်သွားမည် မဟုတ်ကြောင်း အဆိုပါဦးစီးဌာနမှ သိရသည်။ ထို့အတူ ဝန်ကြီးဌာနများက ဆောင်ရွက်မည့်လုပ်ငန်းများနှင့် ထပ်မနေစေရေးအတွက်လည်း စိစစ်ရွေးချယ်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း သိရသည်။


"ကျေးရွာဖွံ့ဖြိုးရေးအတွက် လုပ်ငန်းဆောင်ရွက်ဖို့ တခြားဖွံ့ဖြိုးရေးစီမံကိန်းရထားပြီး ကျေးရွာတွေရှိတယ်။ လုပ်ငန်းအဆင်ပြေတဲ့ ရွာတွေလည်းရှိတယ်။ ဒါကြောင့် စီမံကိန်းရရှိပြီး၊ အဆင်ပြေပြီး ရွာတွေကို ဦးစားပေးမသတ်မှတ်တော့ဘူး။ လယ်ပိုင်ယာပိုင်ရှိပြီး တတ်နိုင်တဲ့သူတွေကို မစဉ်းစားပေးတော့ဘူး။ စီမံကိန်းကျေးရွာ ၃၅၀၀ ကို တစ်ရွာလျှင် ငွေကျပ် သိန်း ၁၀၀ ထောက်ပံ့ပေးသွားမှာ ဖြစ်ပါတယ်။ စီမံကိန်းနဲ့ပတ်သက်တဲ့ အသိပညာပေးလုပ်ငန်းတွေကို ကမ္ဘာ့ဘဏ်ရန်ပုံငွေနဲ့ ဆောင်ရွက်သွားမှာဖြစ်ပါတယ်။ ဒီလိုမျိုး စီမံကိန်းရွေးချယ်ဆောင်ရွက်မှုနဲ့ ပတ်သက်တာတွေကိုလည်း အသိပညာပေးလုပ်ငန်းတွေ လုပ်သွားမှာပါ" ဟု ညွှန်ကြားရေးမှူးချုပ်က ပြောသည်။

ကျေးလက်ဒေသ ဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနအနေဖြင့် စီမံကိန်းဆောင်ရွက်မှုနှင့်ပတ်သက်၍ လုပ်ငန်းများ အကောင်အထည်ဖော်ရာတွင် ပွင့်လင်းမြင်သာမှု ရှိစေရန်နှင့် ဖြစ်ပေါ်လာနိုင်သော အခက်အခဲများကို အချိန်နှင့်တစ်ပြေးညီ ဖြေရှင်းပေးနိုင်ရန်အတွက် အကြံပြုတိုင်ကြားနိုင်သည့် စနစ်ကိုလည်း ထည့်သွင်းဆောင်ရွက်သွားမည်ဖြစ်သည်။

ပြည်သူများအနေဖြင့် စီမံကိန်းလုပ်ငန်းများ ဆောင်ရွက်မှုနှင့် ပတ်သက်၍ သိရှိလိုသည်များ၊ အကြံပြုတိုင်ကြားလိုသည်များရှိပါက ပြည်ထောင်စုအဆင့်၊ တိုင်းဒေသကြီး၊ ပြည်နယ်အဆင့်နှင့် မြို့နယ်အဆင့် ဆက်သွယ်နိုင်သည့် ဖုန်းနံပါတ်များကို စီမံကိန်းရွေးချယ်ဆောင်ရွက်မည့် ကျေးရွာများတွင် အသိပေးကြေညာထားမည်ဖြစ်ကြောင်း သိရသည်။

**မင်းမင်းဇော်၊ ဟန်နီဝင်း(သတင်းစဉ်)**
**ဓာတ်ပုံ-ကိုဇော်(ကလေး)**





ကြေးမုံ
ဇွန် ၁၀၊ ၂၀၂၀

# ကိုဗစ်-၁၉ နှင့် အပြုံးပျောက်ဆုံးခြင်း

**စည်သူကျော်**

၂၀၂၀ ပြည့်နှစ် ဖေဖော်ဝါရီလ အစောပိုင်းက ဗီယက်နမ်နိုင်ငံသို့ တာဝန်ဖြင့် ခရီးထွက်ခဲ့ရသည်။ ထိုအချိန်က အရှေ့တောင်အာရှနိုင်ငံများတွင် မြန်မာနိုင်ငံနှင့် လာအိုနိုင်ငံတို့သို့ ကိုဗစ်-၁၉ ကူးစက်ရောဂါ မရောက်ရှိလာသေး။ သို့သော် အခြားနိုင်ငံများတွင် ပိုးကူးစက်မှု စတင်တွေ့ရှိနေပြီ ဖြစ်သည်။ အခြားကမ္ဘာ့နိုင်ငံများ အထူးသဖြင့် တရုတ်၊ အမေရိကန်၊ အီရန်နှင့် ဥရောပနိုင်ငံအချို့တို့တွင် ကူးစက်မှုနှုန်း မြင့်မားမှုအစပျိုးနေလေပြီ။

**ခရီးသွားများပြားမှု**

ဗီယက်နမ်နိုင်ငံသို့အဝင်တွင် ကျန်းမာရေး၊ ခရီးသွားလာမှုရာဇဝင်နှင့် စပ်လျဉ်းသောပုံစံအချို့ကို ဖြည့်သွင်းရသည်မှအပ အခြားကြီးကြီးမားမား ဆောင်ရွက်မှု မရှိသေး။ လေဆိပ်တွင် ခရီးသွားများပြားမှုကြောင့် အတန်ငယ် ကြန့်ကြာမှုသာရှိပြီး အခြားထူးခြားမှုမရှိခဲ့။ သို့နှင့်တည်းခိုနေထိုင်ရမည့် ဟွေး (Hue) မြို့ရှိ ဗီလာဟွေးဟိုတယ် (Villa Hue Hotel) သို့ ရောက်ရှိခဲ့သည်။ ဆိုရလျှင် ဗီလာဟွေးဟိုတယ်သို့ ယခုလာရောက်ခြင်းသည် ဒုတိယအကြိမ်ပင်။ ၂၀၁၈ ခုနှစ်ကလည်း တာဝန်ဖြင့်ပင် တစ်ကြိမ် ရောက်ရှိခဲ့ဖူးသည်။ နွေးထွေးပျူငှာသော ကြိုဆိုမှုနှင့် ဧည့်ဝန်ဆောင်မှုတို့ကြောင့် စိတ်ချမ်းမြေ့မှုနှင့် သက်သောင့်သက်သာရှိမှုတို့ကို ခံစားခဲ့ရသည်။

ယခု ၂၀၂၀ ပြည့်နှစ်တွင်တော့ ကိုဗစ်-၁၉ ကူးစက်ရောဂါ၏ ခြိမ်းခြောက်မှုကြောင့် ပြောင်းလဲနေသော ကြိုဆိုမှုကို တွေ့ရသည်။ ဟိုတယ်အဝင်တွင် နှာခေါင်းနှင့် ပါးစပ်ကို အကာအကွယ်ပြုဖုံးအုပ်ထားသည့် Surgical Mask တပ်ဆင်ထားသော ဝန်ထမ်းအမျိုးသမီးငယ်တစ်ဦးက ဧည့်သည်များ၏ကိုယ်အပူချိန်ကို စနစ်တကျတိုင်းယူသည်။ ထို့နောက် ယခင်ကဟိုတယ်အဝင်ခန်းမ၏ အချက်အချာကျသောနေရာတွင် ထားရှိသောလူတစ်ရပ်ခန့် အမြင့်ရှိ ပန်းအိုးကြီးနေရာတွင် အစားထိုးရောက်ရှိနေပြီဖြစ်သော Hand Gel ဖြင့် လက်ဆေးရန်နေရာတွင် လက်ဆေးကြရသည်။

**လန်းဆန်းတက်ကြွမှုလျော့ပါး**

ယခင်က ဟိုတယ်ဝန်ထမ်း နှစ်ဦး သို့မဟုတ် သုံးဦးက ပြုံးရွှင်စွာဖြင့် ရောက်ရှိလာသော ဧည့်သည်အဖွဲ့အတွက် အချိုရည် Welcome Drinks များ တိုက်ကျွေးကြိုဆိုခဲ့သည်။ ယခုတော့ လက်ဆေးပြီးသူများက ကောင်တာတွင် တင်ပေးထားသည့် အချိုရည်ဖန်ခွက်များကို ကိုယ်တိုင်ယူဆောင်သောက်သုံးကြရပြီ။ အခြားသူများတော့မသိ မိမိအနေဖြင့် ဤအချိုရည်ပင်ဖြစ်သော်လည်း ဤအရသာ မဟုတ်သလိုပင်။ မြန်မာနိုင်ငံမှ ဟွေးသို့ လေယာဉ်နှစ်ဆင့်၊ ကားတစ်ဆင့်စီးလာရသည်က အမောမပြေဘဲ အတန်ငယ်နွမ်းလျနေသလို။ လိုအပ်နေသော အရာတစ်ခု (သို့မဟုတ်) ယခင်ကရရှိခဲ့ဖူးသော အရာတစ်ခုကို ဖမ်းဆုပ်ဖို့ ကြိုးစားလိုက်တိုင်း ပြန်လည်လွတ်ထွက်သွားသလို။

ထို့နောက် ခြောက်ကပ်ကပ်ဖြင့် အချိုရည်အအေးကို ကိုယ်စီသောက်သုံးနေကြသော ဧည့်သည်များကို ဧည့်ကြိုကောင်တာမှ တစ်ဦးချင်းခေါ်ယူ၍ မိမိနေထိုင်ရမည့်အခန်းများကို ပြောကြားပြီး အခန်းသော့များကို ပေးအပ်သည်။ "Enjoy your stay" ဟု ပြောကြားသော ဧည့်ကြိုဝန်ထမ်းအမျိုးသမီးငယ်၏အသံမှာ သတ္တုဆန်နေသလို၊ "Thank you" ဟု ပြန်ပြောဆိုလိုက်သော မိမိ၏အသံမှာလည်း လန်းဆန်းတက်ကြွမှုလျော့ပါးနေကြောင်း သတိပြုလိုက်မိသည်။ Surgical Mask တပ်ဆင်ထားသော ဧည့်ကြိုကောင်တာမှ အမျိုးသမီးငယ်သည် အခန်းသော့များ ဆက်လက်ပေးအပ်နေဆဲ။ Enjoy your stay ဟု တစ်ဦးချင်း ပြောနေဆဲ။

**လူမှုဆက်ဆံရေးနယ်ပယ်တွင် တစ်ဦးနှင့်တစ်ဦး ပထမဆုံးအကြိမ်ဆုံတွေ့ရာ၌ ပထမ ငါးစက္ကန့်သည် အလွန်အရေးကြီးသည်ဟု ဆိုသည်။ ဤမျှ တိုတောင်းသော အချိန်ကာလလေးသည် လူတစ်ဦးနှင့်တစ်ဦး ဆက်ဆံရေးတွင် ကြီးမားသော သက်ရောက်မှုကိုပေးသည်။ လူတစ်ဦးနှင့်တစ်ဦး ထိတွေ့ဆက်ဆံရသော ဟိုတယ်နှင့် ခရီးသွားလုပ်ငန်းနယ်ပယ်တွင် အပြုံးသည် လုပ်ငန်းအောင်မြင်ရန်အတွက် အရေးပါသော ကုန်ကျစရိတ်မရှိသည့် ရင်းနှီးမြှုပ်နှံမှုဖြစ်၏။**

အခန်းတွင်းရောက်ရှိပြီး ပစ္စည်းများချပြီးနောက် အဝတ်ပင်မလဲဘဲ အိပ်ရာပေါ်လှဲချလိုက်သည်။ နူးညံ့မွေးပျံ့သော အထိအတွေ့ကြောင့် အလိုမကျယောက်ယက်ခတ်နေသောအသိအမြင်တို့ ငြိမ်သက်သွားသည်။ ခရီးသွားလုပ်ငန်းတွင် လုပ်ကိုင်နေသူတစ်ဦးဖြစ်သည့်အလျောက် ခရီးစဉ်တစ်လျှောက် ယခင်နှင့်မတူသော တွေ့ကြုံခံစားခဲ့ရသည်များကို ပြန်ဆင်ခြင်မိနေသည်။ အလိုမကျမှုက ပဟေဠိဆန်နေဆဲ။ ဟိုတယ်သို့အဝင်တွင် မြင်သာအောင် ကြေညာထားသော စာသားတစ်ခုက ခေါင်းထဲသို့ရောက်လာသည်။

"သင်နှင့်အခြားသူတို့၏ ဘေးကင်းလုံခြုံရေးအတွက် ဟိုတယ်ဝန်ထမ်းများမှ မျက်နှာအကာအကွယ်ပြု (Face Mask) တပ်ဆင်၍ ဝန်ဆောင်မှုပေးမည် ဖြစ်ပါကြောင်းနှင့် ယင်းအပေါ် ဧည့်သည်များအနေဖြင့် နားလည်လက်ခံပေးနိုင်ပါရန်" ဆိုသော အင်္ဂလိပ်ဘာသာဖြင့် စာသား။ ယင်းစာသားကို ပြန်အမှတ်ရပြီးနောက် မိမိ၏ဘဝင်မကျမှု လျော့ပါးသက်သာသွားသလို ခံစားလိုက်ရသည်။ ဟုတ်ပါသည်။ ပျောက်ဆုံးသွားသည်က မျက်နှာပေါ်က "အပြုံး" ပင်ဖြစ်ပါသည်။

ခရီးသွားလုပ်ငန်းတွင် အင်္ဂလိပ်ဘာသာဖြင့် "Smile" ဟူသော အပြုံးသည် အလွန်အရေးပါသည်။ Smile and Service ဟူသော "S" နှစ်လုံးသည် ခရီးသွားလုပ်ငန်းတွင် မရှိမဖြစ်ဟု ဆိုရလောက်သော ဝေါဟာရနှစ်ခုဖြစ်သည်။ ယင်းတို့၏ နောက်ဆက်တွဲ Context များကား ခရီးသွားလုပ်ငန်းတွင် အသက်ဟူလို။ ယခုအခါ ယင်း "S" နှစ်လုံးအနက် "Smile" ဟူသော ဝေါဟာရသည် ပျောက်ကွယ်လေပြီလော။ ဝန်ဆောင်မှု "Service" ကား ပုံစံအသစ်တစ်မျိုးဖြင့် ရှိနေချေပြီ။

**ကုန်ကျစရိတ်မရှိသည့် ရင်းနှီးမြှုပ်နှံမှု**

လူမှုဆက်ဆံရေးနယ်ပယ်တွင် တစ်ဦးနှင့်တစ်ဦး ပထမဆုံးအကြိမ်ဆုံတွေ့ရာ၌ ပထမ ငါးစက္ကန့်သည် အလွန်အရေးကြီးသည်ဟု ဆိုသည်။ ဤမျှ တိုတောင်းသော အချိန်ကာလလေးသည် လူတစ်ဦးနှင့်တစ်ဦး ဆက်ဆံရေးတွင် ကြီးမားသောသက်ရောက်မှုကိုပေးသည်။ လူတစ်ဦးနှင့်တစ်ဦး ထိတွေ့ဆက်ဆံရသော ဟိုတယ်နှင့် ခရီးသွားလုပ်ငန်းနယ်ပယ်တွင် အပြုံးသည် လုပ်ငန်းအောင်မြင်ရန်အတွက် အရေးပါသော ကုန်ကျစရိတ်မရှိသည့် ရင်းနှီးမြှုပ်နှံမှုဖြစ်၏။

ခရီးသွားလုပ်ငန်းနယ်ပယ်၏ ဖြူစင်သန့်ရှင်းမှုနှင့် ရင်းနှီးနွေးထွေးမှု သရုပ်သကန်ကို ဖော်ဆောင်သော အပြုအမူလည်း ဖြစ်သည်။ လေကြောင်းလိုင်းဝန်ထမ်းများ ပြုံးကြသည်။ ဟိုတယ်ဝန်ထမ်းများ ပြုံးကြသည်။ စားသောက်ဆိုင်ဝန်ထမ်းများ ပြုံးကြသည်။ ဧည့်လမ်းညွှန်များ ပြုံးကြသည်။ ဧည့်အလာများသော ခရီးစဉ်ဒေသမှ ဒေသခံများ ပြုံးကြသည်။ ဟိုတယ်နှင့် ခရီးသွားလာရေး ဝန်ကြီးဌာနသို့ ရောက်စ၊ အရာရှိပေါက်စဘဝက ရုံးချုပ်တွင် တာဝန်ထမ်းဆောင်စဉ် ဌာနပိုင်ဟိုတယ်များမှ ဝန်ထမ်းများ ရုံးချုပ်သို့ရောက်လာပါက လူချင်းသိသိ၊ မသိသိ လမ်းတွင်တွေ့ပါက မင်္ဂလာပါခင်ဗျာဟု နှုတ်ဆက်ကြသည်ကို သတိထားမိသည်။ ရုံးချုပ်နေဝန်ထမ်းများ၌ ဤအလေ့အကျင့်မရှိကြချေ။ လုပ်ငန်းနယ်ပယ် သဘောသဘာဝ ကွာခြားချက်ပင်။ ထိုဟိုတယ်ဝန်ထမ်းများသည် အခြားသူများကို မိမိတို့ဧည့်သည်ဟူ၍ပင် သဘောထားကြလေသလားမသိ။ မည်သို့ပင်ဆိုစေကာမူ နှစ်လိုဖွယ်အပြုအမူပင်။

ယနေ့ကာလတွင် ကိုဗစ်-၁၉ ကူးစက်ရောဂါကြောင့် အသက်ရှူလမ်းကြောင်းဆိုင်ရာ အကာအကွယ်အဖြစ် နှာခေါင်းစည်းများ မဖြစ်မနေတပ်ဆင်ကြရသည်။

**အပြန်အလှန်ထိတွေ့ဆက်ဆံမှု**

ဟိုတယ်နှင့် ခရီးသွားလုပ်ငန်း၏ အသက်သွေးကြောသဖွယ်ဖြစ်သော အပြုံးကား ကိုဗစ်-၁၉ ရောဂါကြောင့် ပျောက်ကွယ်ရချေပြီ။ ဧိမ်ခံပစ္စည်းများ မည်မျှခေတ်မီကြွယ်ဝစေကာမူ ရင်းနှီးနွေးထွေးမှုကို မခံစားရ၊ ခရီးသွားလုပ်ငန်း၏ တစ်ခုသော အဓိကအနှစ်သာရသည် ခရီးသွားဧည့်သည်နှင့် ဒေသခံတို့၏ အပြန်အလှန်ထိတွေ့ဆက်ဆံမှု Interaction ဖြစ်သည်။

ယင်းထိတွေ့ဆက်ဆံမှုတွင် အပြုံးသည် အခရာကျသောအရာဖြစ်သည်။ ခေတ်မီရုပ်ဝတ္ထုပစ္စည်းများ အားနည်းသော မြန်မာနိုင်ငံသည် လှိုက်လှဲဖော်ရွေပျူငှာသော တိုင်းရင်းသားတို့၏အပြုံးကြောင့် ကမ္ဘာ့လှည့်ခရီးသွားတို့၏အသည်းနှလုံးကို ဖမ်းစားထားနိုင်ခဲ့သည်။ သို့သော် မြန်မာတို့၏အပြုံးကား မျက်နှာပေါ်မှ အပေါ်ယံအပြုံးမဟုတ်။ မျက်နှာဖုံးဖြင့် ဖုံးလွှမ်းရုံဖြင့် ပျောက်ကွယ်တိမ်မြုပ်သွားမည့်အပြုံး မဟုတ်ပေ။ ရင်ထဲနှလုံးသားထဲမှ လာသော မြန်မာတို့၏အပြုံးကား ကိုဗစ်ကိုအန်တုကာ ကပ်ရောဂါလှိုင်းတံပိုးအတွင်း ရှင်သန်နေမည့်အပြုံးဖြစ်သည်။ မြန်မာတို့၏ ရင်းနှီးနွေးထွေးသော ဖော်ရွေပျူငှာသော ဝန်ဆောင်မှုနှလုံးသားကို အစဉ်အမြဲပြုံးနေမည်သာတည်း။ ။

---

## မြဝတီမြို့၌ ယာဉ်နှင့် ယာဉ်မောင်းလိုင်စင်သက်တမ်းတိုးခြင်း လုပ်ငန်းများ ပြန်လည်ဆောင်ရွက်

**မြဝတီ ဇွန် ၉**

ကိုဗစ်-၁၉ ရောဂါ ဖြစ်ပွားမှုကြောင့် ယာယီရပ်ဆိုင်းထားခဲ့ရသည့် ယာဉ်နှင့် ယာဉ်မောင်းလိုင်စင် သက်တမ်းတိုးခြင်းလုပ်ငန်းနှင့် အခြားဝန်ဆောင်မှုလုပ်ငန်းများကို မြဝတီခရိုင် ကုန်းလမ်းပို့ဆောင်ရေး ညွှန်ကြားမှုဦးစီးဌာနအနေဖြင့် ယမန်နေ့ကစတင်ပြီး ပြန်လည် ဆောင်ရွက်ပေးနေပြီဖြစ်ကြောင်း သိရသည်။



အဆိုပါ ဝန်ဆောင်မှုလုပ်ငန်းများကို မတ် ၃၀ ရက်မှစပြီး ယာယီရပ်ဆိုင်းထားရကာ လူစုလူဝေးဖြင့် ဆောင်ရွက်ရသည့် ယာဉ်မောင်းလိုင်စင် စစ်ဆေးထုတ်ပေးသည့် လုပ်ငန်းတစ်ခုမှအပ ကျန်ဝန်ဆောင်မှုလုပ်ငန်းများကို ပြန်လည်ဆောင်ရွက်ပေးနေခြင်းဖြစ်သည်။

လုပ်ငန်းပြန်လည်ဆောင်ရွက်သည့်နေရာမှာ ရုံးဝန်ထမ်းများနှင့် လာရောက်ဆောင်ရွက်သည့် ပြည်သူများအနေဖြင့် ကျန်းမာရေးနှင့် အားကစားဝန်ကြီးဌာနမှ ထုတ်ပြန်ထားသည့် ညွှန်ကြားချက်များနှင့်အညီ ဆောင်ရွက်လျက်ကြောင်း သိရသည်။

ထို့အပြင် ဝန်ဆောင်မှုလုပ်ငန်းများ ယာယီရပ်ဆိုင်းထားရသည့် ကာလအတွင်း သက်တမ်းကုန်ဆုံးသွားသည့် မော်တော်ယာဉ်နှင့် ယာဉ်မောင်းလိုင်စင်များအတွက် ဒဏ်ကြေးပေးဆောင်စရာမလိုဘဲ သတ်မှတ်ကာလအတွင်း လာရောက်ဆောင်ရွက်ကြရန်လိုကြောင်း၊ မဆောင်ရွက်ပါက ဒဏ်ကြေးလျှော့ပေါ့ပေးမည်မဟုတ်ကြောင်း မြဝတီခရိုင် ကုန်းလမ်းပို့ဆောင်ရေးညွှန်ကြားမှုဦးစီးဌာနမှ ခရိုင်ဦးစီးဌာနမှူး ဦးသံခဲက ပြောသည်။

**ထိန်လင်းအောင်**
**(ပြန်/ဆက်)**

---

## ပွင့်ဖြူမြို့နယ်ငါးလုပ်ငန်းစခန်းမှ ငါးမွေးမြူရေးတောင်သူများအား ငါးသားပေါက်များ ဈေးနှုန်းချိုသာစွာဖြင့် ရောင်းချပေးလျက်ရှိ

**ပွင့်ဖြူ ဇွန် ၉**

မကွေးတိုင်းဒေသကြီး ပွင့်ဖြူမြို့နယ်ငါးလုပ်ငန်းစခန်းမှ ဒေသတွင်းရှိ ငါးမွေးတောင်သူများအား ငါးသားပေါက်မျိုးကောင်းမျိုးသန့်များ ထုတ်လုပ်မွေးမြူနိုင်ရေးအတွက် ငါးသားပေါက်များကို ဈေးနှုန်းချိုသာစွာဖြင့် ထုတ်လုပ်ဖြန့်ဖြူးရောင်းချပေးလျက်ရှိကြောင်းသိရသည်။

ပွင့်ဖြူမြို့နယ်ငါးလုပ်ငန်းစခန်းသည် ငါးသယံဇာတကြွယ်ဝစေရန်နှင့် ဒေသတွင်းရှိ ငါးမွေးတောင်သူများ တစ်ပိုင်တစ်နိုင် မျိုးကောင်းမျိုးသန့် ငါးမွေးမြူရေးလုပ်ငန်း လုပ်ကိုင်ဆောင်ရွက်ခြင်းဖြင့် လူမှုစီးပွားဘဝ ဖွံ့ဖြိုးတိုးတက်လာစေရန်ရည်ရွယ်၍ နှစ်စဉ် ငါးမွေးမြူရေး ကန် ၂၇ ကန်ဖြင့် ငါးမြစ်ချင်း၊ ငါးခုံးမကြီး၊ ရွှေဝါငါးကြင်း၊ တီလားဗီးယားငါးမျိုးများကို ဆေးထိုးသားဖောက်နည်း၊ သဘာဝနည်းများဖြင့် မျိုးကောင်းမျိုးသန့် ငါးသားပေါက်များထုတ်လုပ်ကာ မကွေးတိုင်းဒေသကြီးအတွင်းရှိ မကွေး၊ မင်းဘူး၊ ပွင့်ဖြူ၊ စလင်း၊ စေတုတ္တရာ၊ ငဖဲ၊ မင်းလှ၊ ပခုက္ကူ၊ ဆိပ်ဖြူ၊ ဆော စသည့်မြို့များသို့ ငါးမွေးတောင်သူများကို ဈေးနှုန်းချိုသာစွာဖြင့် ထုတ်လုပ်ဖြန့်ဖြူး ရောင်းချပေးလျက်ရှိသည့်အပြင် သဘာဝရေပြင်များ၊ ဆည်ရေလှောင်တမံများ၊ စပါးစိုက်လယ်မြေများနှင့် ဧရာဝတီမြစ်အတွင်းသို့ ငါးမျိုးများစိုက်ထည့်ပေးလျက်ရှိကြောင်းလည်း သိရသည်။ ငါးသားဖောက် ထုတ်လုပ်နိုင်မှုအနေဖြင့် တစ်နှစ်လျှင် ပျမ်းမျှ ငါးသားပေါက်ကောင်ရေ သိန်း ၅၀ မှ သိန်း ၆၀ ခန့် ထုတ်လုပ် ဖြန့်ဖြူးပေးလျက်ရှိကြောင်း သိရသည်။



မကွေးတိုင်း ဒေသကြီးတွင် မျိုးကောင်းမျိုးသန့် ငါးသားပေါက် ထုတ်လုပ်လျက်ရှိသည့် ငါးလုပ်ငန်းစခန်းနှစ်ခုရှိပြီး ပွင့်ဖြူမြို့နယ် ငါးလုပ်ငန်းစခန်းအနေဖြင့် နှစ်စဉ်ငါးသားပေါက်များ ထုတ်လုပ်ကာ တိုင်းဒေသကြီးအတွင်းရှိ ငါးမွေးတောင်သူများကို ဈေးနှုန်းချိုသာစွာဖြင့် ဖြန့်ဖြူးရောင်းချပေးလျက်ရှိကြောင်း ပွင့်ဖြူမြို့နယ် ငါးလုပ်ငန်းစခန်းမှ စခန်းတာဝန်ခံ ဦးဉာဏ်ဝင်းထံမှ သိရသည်။

**မြို့နယ်(ပြန်/ဆက်)**

## ကုလသမဂ္ဂအထွေထွေညီလာခံသို့ ကမ္ဘာ့ခေါင်းဆောင်များ ကိုယ်တိုင်တက်ရောက်နိုင်ဖွယ်မရှိကြောင်း ညီလာခံဥက္ကဋ္ဌ ပြောကြား

**ဂျနီဗာ ဇွန် ၉**

ကမ္ဘာ့ခေါင်းဆောင်များသည် ကိုရိုနာဗိုင်းရပ်စ်ကပ်ရောဂါ ကူးစက်ဖြစ်ပွားမှုကြောင့် ကုလသမဂ္ဂအထွေထွေညီလာခံသို့ ကိုယ်တိုင်တက်ရောက်နိုင်ဖွယ်မရှိကြောင်း ကုလသမဂ္ဂအထွေထွေညီလာခံဥက္ကဋ္ဌ မူဟမ်မက်ဘန်ဒီက ပြောကြားခဲ့သည်။

စက်တင်ဘာလအတွင်း နယူးယောက်မြို့၌ ကျင်းပမည့် ကုလသမဂ္ဂအထွေထွေညီလာခံသို့ ကမ္ဘာ့ခေါင်းဆောင်များ လာရောက်နိုင်မည်မဟုတ်ကြောင်းနှင့် ကိုရိုနာဗိုင်းရပ်စ် ကူးစက်ဖြစ်ပွားနေစဉ်ကာလအတွင်း ကမ္ဘာ့နိုင်ငံများမှ ကိုယ်စားလှယ်အများအပြားကိုလည်း ကုလသမဂ္ဂအထွေထွေညီလာခံအနေဖြင့် လက်ခံနိုင်မည့် အလားအလာမရှိကြောင်း ကုလသမဂ္ဂအထွေထွေညီလာခံဥက္ကဋ္ဌ မူဟမ်မက်ဘန်ဒီက ယမန်နေ့က ပြုလုပ်သည့် ဗီဒီယိုကွန်ဖရင့်၌ ပြောကြားခဲ့သည်။

စီစဉ်ထားသည့်အတိုင်း ကမ္ဘာ့ခေါင်းဆောင်များအနေဖြင့် ၎င်းတို့၏ မိန့်ခွန်းများကို ပြောကြားပေးရန် မိမိအနေဖြင့် ဆန္ဒရှိကြောင်းနှင့် နှစ်ပတ်အတွင်း ရှင်းရှင်းလင်းလင်းသိရရန် မျှော်လင့်ကြောင်း မူဟမ်မက်ဘန်ဒီက ပြောကြားခဲ့သည်။

ထို့ပြင် ခေါင်းဆောင်များအနေဖြင့် ကုလသမဂ္ဂအထွေထွေညီလာခံ၌ ပထမဆုံးအကြိမ်အဖြစ် တိုက်ရိုက်ထုတ်လွှင့်နိုင်မည့် အွန်လိုင်းချိတ်ဆက်မှုများနှင့် ကြိုတင်မှတ်တမ်းယူထားသည့် ဗီဒီယိုများကို အသုံးပြုရဖွယ်ရှိကြောင်းလည်း မူဟမ်မက်ဘန်ဒီက ပြောကြားခဲ့သည်။

ကုလသမဂ္ဂအထွေထွေညီလာခံ အခမ်းအနားတွင် လူဦးရေ ၁၀၀ ကို တက်ရောက်ခွင့်ပြုရန်ရှိကြောင်းနှင့် ယင်းအရေအတွက်သည် ညီလာခံ၏ ပုံမှန်လက်ခံနိုင်စွမ်းရှိသူဦးရေ၏ ငါးရာခိုင်နှုန်းဖြစ်လာမည်ဖြစ်ကြောင်းလည်း မူဟမ်မက်ဘန်ဒီက ပြောကြားခဲ့သည်။

**ကိုးကား – အင်န်အိတ်ချ်ကေ**
**ဘာသာပြန် – အလင်းသစ်**



၂၀၁၉ ခုနှစ် စက်တင်ဘာ ၂၄ ရက်က နယူးယောက်မြို့ ကုလသမဂ္ဂဌာနချုပ်၌ ကုလသမဂ္ဂအထွေထွေညီလာခံ ကျင်းပစဉ်။

## လစ်ဗျားနိုင်ငံ၏ အဓိကရေနံမြေများ ပြန်လည်ဖွင့်လှစ်ခြင်းအပေါ် ကုလသမဂ္ဂကြိုဆို

**ထရီပိုလီ ဇွန် ၉**

ကုလသမဂ္ဂထောက်ခံသော လစ်ဗျားအစိုးရအား ဆန့်ကျင်ဆန္ဒပြရန် မျိုးနွယ်စု ခေါင်းဆောင်များက ဇန်နဝါရီလအတွင်း ပိတ်ထားခဲ့သည့် အဓိကရေနံမြေနှစ်ခု ပြန်လည်ဖွင့်လှစ်ခြင်းအပေါ် လစ်ဗျားနိုင်ငံရှိ ကုလသမဂ္ဂ ထောက်ပံ့ရေးမစ်ရှင်က ကြိုဆိုကြောင်း ယမန်နေ့က ပြောကြားခဲ့သည်။

ယခုတစ်ပတ်တွင် ရှာရာရာရေနံမြေနှင့် အီဖီးလ်ရေနံမြေတို့ ဖွင့်လှစ်နိုင်ခြင်းကို ကြိုဆိုပါကြောင်း၊ ပြည်တွင်းရေနံချက်စက်ရုံများ ပိတ်ခဲ့သည့်အတွက် ဒေါ်လာသန်းချီဆုံးရှုံးမှု ဖြစ်ပေါ်ခဲ့သည့်အပြင် ရေနံမြေများ ပိတ်ထားမှုကြောင့် ရေနံရောင်းအားကျဆင်းမှုဖြစ်ပေါ်ခဲ့ပြီး လစ်ဗျားပြည်သူများအား အမေရိကန်ဒေါ်လာငါးဘီလီယံကျော် မလိုအပ်ဘဲဆုံးရှုံးမှု ဖြစ်ပေါ်စေခဲ့ကြောင်း လစ်ဗျားနိုင်ငံရှိ ကုလသမဂ္ဂ ထောက်ပံ့ရေးမစ်ရှင်က ထုတ်ပြန်ကြေညာချက်တစ်ရပ်တွင် ပြောကြားခဲ့သည်။

တားဆီးပိတ်ဆို့မှုအားလုံးကို နိုင်ငံတစ်ဝန်း အပြည့်အဝပြန်လည်ဖြေလျှော့ပေးသင့်ကြောင်းနှင့် ရေနံနှင့် အခြားသော သဘာဝအရင်းအမြစ်များကို ပဋိပက္ခဖြစ်ပွားမှု၏ တစ်စိတ်တစ်ဒေသအဖြစ် ပါဝင်ပတ်သက်မှုမရှိသင့်ကြောင်း အဆိုပါ ကြေညာချက်တွင် ဖော်ပြထားသည်။

နိုင်ငံပိုင် အမျိုးသားရေနံကော်ပိုရေးရှင်းမှ ဝန်ထမ်းများအား ၎င်းတို့၏ တရားဝင်တာဝန်များ လုပ်ကိုင်ဆောင်ရွက်ခြင်းကို ဟန့်တားခြင်း သို့မဟုတ် ရေနံမြေဆိုင်ရာအဆောက်အအုံများ ပျက်စီးခြင်းတို့ကို ရှောင်ရှားရန်လည်း လစ်ဗျားနိုင်ငံရှိ အဖွဲ့အစည်းအားလုံးကို လစ်ဗျားနိုင်ငံရှိ ကုလသမဂ္ဂ ထောက်ပံ့ရေးမစ်ရှင်က တောင်းဆိုထားသည်။

လစ်ဗျားနိုင်ငံ၏ သဘာဝအရင်းအမြစ်များသည် လစ်ဗျားနိုင်ငံသားအားလုံးနှင့် သက်ဆိုင်ကြောင်း၊ သဘာဝအရင်းအမြစ်များကို အပြည့်အဝအသုံးချခြင်းသည် နိုင်ငံ၏စီးပွားရေးကို ထိန်းသိမ်းရာတွင် အလွန်အရေးကြီးကြောင်းနှင့် ကိုဗစ်-၁၉ ကပ်ရောဂါ ကိုင်တွယ်ဖြေရှင်းရန် လိုအပ်ချက်များကို ဖြည့်စွမ်းပေးလျက်ရှိကြောင်း အဆိုပါမစ်ရှင်က ပြောကြားခဲ့သည်။

**ကိုးကား–ဆင်ဟွာ**
**ဘာသာပြန်–အလင်းသစ်**



## ပါကစ္စတန်အကျဉ်းထောင်၌ ကိုဗစ်-၁၉ ရောဂါ ကူးစက်မှုအပေါ် ဆန္ဒပြမှုဖြစ်

**အစ္စလာမ္မာဘတ် ဇွန် ၉**

ပါကစ္စတန်နိုင်ငံတောင်ဘက် ဆင်းပြည်နယ်ရှိ အကျဉ်းထောင်တစ်ခု၌ အကျဉ်းသား ခုနစ်ဦး ကိုဗစ်-၁၉ ရောဂါ ကူးစက်ခံခဲ့ရပြီးနောက် ဆန္ဒပြမှုတစ်ခုဖြစ်ပွားခဲ့ရာ အကျဉ်းသားများက အကျဉ်းထောင်အစောင့်ရဲတပ်ဖွဲ့ဝင် လေးဦးကို ဓားစာခံအဖြစ် ထိန်းသိမ်းထားကြောင်း ဒေသဆိုင်ရာမီဒီယာများက ယနေ့ဖော်ပြထားသည်။

အကျဉ်းထောင်အာဏာပိုင်များက အကျဉ်းထောင်အစောင့်များနှင့် အကျဉ်းသားများအပါအဝင် လူ ၇၇ ဦးကို ကိုဗစ်-၁၉ ရောဂါ ရှိ၊ မရှိ စမ်းသပ်စစ်ဆေးခဲ့ရာ အကျဉ်းသားခုနစ်ဦးနှင့် အကျဉ်းထောင်အစောင့်တစ်ဦးတို့တွင် ကိုဗစ်-၁၉ ရောဂါပိုး တွေ့ရှိခဲ့သည်။ အာဏာပိုင်များအနေဖြင့် ရောဂါပိုးတွေ့ရှိသူများအား သီးခြားခွဲ၍ထားခဲ့ကြောင်း သိရသည်။

သို့သော် အကျဉ်းထောင်ရှိ ကျန်အကျဉ်းသားများသည် ဆေးစစ်ချက်အဖြေထွက်လာခဲ့ပြီးနောက် ဆန္ဒပြမှုတစ်ခုပြုလုပ်ကာ အကျဉ်းထောင်အစောင့် လုံခြုံရေးတပ်ဖွဲ့ဝင်လေးဦးကို ဓားစာခံအဖြစ်ထိန်းသိမ်းထားသည်။ အကျဉ်းသားများသည်၎င်းတို့အား စစ်တန်းလျားများမှ အခြားနေရာသို့ ပြောင်းရွှေ့ပေးရန်နှင့် ကိုဗစ်-၁၉ ရောဂါ ထိန်းချုပ်ရေးအတွက် ခပ်ခွာခွာနေရေးအစီအမံများကို ဆက်လက်ထိန်းသိမ်းပေးရန် အကျဉ်းထောင်အာဏာပိုင်များအား တောင်းဆိုလိုက်သည်။

ပါကစ္စတန်နိုင်ငံ ဆင့်ပြည်နယ်ရှိ အကျဉ်းထောင်များတွင် အကျဉ်းသား ၅၇၈ ဦး ကိုဗစ်-၁၉ ရောဂါ ကူးစက်ခံရပြီးနောက် ၎င်းတို့အားလုံးကို တာဝန်ရှိသူများက အကျဉ်းထောင်များတွင် သီးခြားခွဲ၍ထားခြင်း သို့မဟုတ် ဆေးဝါးကုသမှုခံယူရန် ဆေးရုံများသို့ ပို့ဆောင်ပေးခြင်းများပြုလုပ်ပေးခဲ့ကြောင်း သိရသည်။

ဖေဖော်ဝါရီလကုန်နှင့် မတ်လအစောပိုင်းက ပါကစ္စတန်နိုင်ငံ၌ ကိုဗစ်-၁၉ ရောဂါ စတင်တွေ့ရှိခဲ့ပြီးနောက် ဒေသဆိုင်ရာ တရားရုံးများသည် နိုင်ငံအတွင်း ကိုဗစ်-၁၉ ရောဂါ ကူးစက်ပျံ့နှံ့မှု ထိန်းချုပ်ရန်နှင့် လူစုလူဝေးထိန်းချုပ်ရန်အတွက် ပြစ်မှုနည်းပါးသော အကျဉ်းသားအများအပြားကို လွှတ်ပေးခဲ့ကြောင်း သိရသည်။

**ကိုးကား – ဆင်ဟွာ၊ ဘာသာပြန် – ဂျေတီ**

## တောင်ကိုရီးယားနှင့် ချိတ်ဆက်ထားသည့် ဆက်သွယ်ရေးလိုင်းအားလုံး မြောက်ကိုရီးယားက ဖြတ်တောက်

**ပြုံယမ်း ဇွန် ၉**

ယနေ့မွန်းလွဲပိုင်းမှစ၍ တောင်ကိုရီးယားနိုင်ငံနှင့် ချိတ်ဆက်ထားသည့် ဆက်သွယ်ရေးလိုင်းများအားလုံး ဖြတ်တောက်မည်ဟု မြောက်ကိုရီးယားနိုင်ငံက ပြောသည်။

မေ ၃၁ ရက်တွင် နယ်စပ်တစ်လျှောက် တောင်ကိုရီးယားနိုင်ငံရှိ ပြည်ပြေးများက မြောက်ကိုရီးယားခေါင်းဆောင် ကင်ဂျုံအန်ကိုဝေဖန်သော လက်ကမ်းစာစောင်ဖြန့်ဝေမှုများကြောင့် မြောက်ကိုရီးယားနိုင်ငံကို ဒေါသဖြစ်စေပြီးနောက် ထိုသို့ကြေညာခြင်းဖြစ်သည်။ တောင်ကိုရီးယားအစိုးရက ရန်လိုသောအပြုအမူကို လျစ်လျူရှုခြင်းအားဖြင့် တာဝန်ဝတ္တရားကို ရှောင်လွှဲခဲ့ကြောင်း မြောက်ကိုရီးယား အာဏာရပါတီသတင်းစာ ရိုဒေါင်ရှင်မွမ်က ရေးသား ခဲ့သည်။ တောင်ကိုရီးယား အာဏာပိုင်များနှင့် မည်သည့်ကိစ္စကိုမျှ မျက်နှာချင်းဆိုင် ဆွေးနွေးလိုခြင်း မရှိတော့ဟု မြောက်ကိုရီးယားနိုင်ငံက ပြောကြားသည်။

မြောက်ကိုရီးယားနိုင်ငံက ကိုရီးယားနှစ်နိုင်ငံ ဆက်ဆံရေးရုံး၊ စစ်ဘက်ဆိုင်ရာ အရေးပေါ်ဖုန်းလိုင်းများနှင့် မြောက်ကိုရီးယား အာဏာရပါတီနှင့် တောင်ကိုရီးယား သမ္မတရုံးကြားဆက်သွယ်မှုကို အဆုံးသတ်မည်ဖြစ်ကြောင်း မြောက်ကိုရီးယားအာဏာရပါတီသတင်းစာက ဖော်ပြခဲ့သည်။ တောင်ကိုရီးယားနှင့်ပတ်သက်သော မူဝါဒကို လုံးဝ ပြောင်းလဲရန် ကင်ဂျုံအန်၏ညီမ ကင်ယိုဂျောင်နှင့် အခြားတာဝန်ရှိသူများက တောင်ကိုရီးယားနိုင်ငံဆိုင်ရာ ဌာနတာဝန်ရှိသူအား ညွှန်ကြားခဲ့ကြောင်း သိရသည်။

ယခုအစီအမံများက ပထမအဆင့်သာရှိသေးပြီး ကိုရီးယားနှစ်နိုင်ငံ ဆက်ဆံရေးပြေပြစ်လာစေရန် သင့်မြတ်ရေးရပ်တည်ချက်ရှိသည့် တောင်ကိုရီးယားအစိုးရကို စိတ်အနှောင့်အယှက်ပေးရန် ကြိုးပမ်းမည်ဟု မြောက်ကိုရီးယားနိုင်ငံက ပြောသည်။

**ကိုးကား – အင်န်အိတ်ချ်ကေ**
**ဘာသာပြန် – ကျော်ထိုက်စိုး**

■



# ကမ္ဘာတစ်ဝန်း တစ်ရက်တာ ကိုရိုနာဗိုင်းရပ်စ်ကူးစက်သူစံချိန်တင်မှုနှင့်အတူ ကပ်ရောဂါပို၍ဆိုးရွားလာကြောင်း ကမ္ဘာ့ကျန်းမာရေးအဖွဲ့ သတိပေးပြောကြား




ကမ္ဘာ့ကျန်းမာရေးအဖွဲ့ အကြီးအကဲ ဂီဘရီယီးဆပ်

**ဂျနီဗာ ဇွန် ၉**
ကမ္ဘာတစ်ဝန်းထုတ်ပြန်ခဲ့သည့် တစ်ရက်တာကိုရိုနာဗိုင်းရပ်စ်ကူးစက်သူအရေအတွက် စံချိန်တင်မှုနှင့်အတူ ကိုရိုနာဗိုင်းရပ်စ်ကပ်ရောဂါသည် ကမ္ဘာနှင့်အဝန်း ပို၍ဆိုးရွားလာကြောင်း ကမ္ဘာ့ကျန်းမာရေးအဖွဲ့ အကြီးအကဲ ဂီဘရီယီးဆပ်က သတိပေးပြောကြားခဲ့သည်။

ဥရောပ၏ ကိုရိုနာဗိုင်းရပ်စ်ကူးစက်မှုဆိုင်ရာ ထိန်းချုပ်မှုအခြေအနေသည် တိုးတက်မှုရှိနေသော်လည်း ကမ္ဘာလုံးဆိုင်ရာတွင်မူ ပို၍ဆိုးရွားလာလျက်ရှိကြောင်း ကမ္ဘာ့ကျန်းမာရေးအဖွဲ့အကြီးအကဲ ဂီဘရီယီးဆပ်က ဇွန် ၈ ရက်တွင် သတင်းထောက်များအား ပြောကြားခဲ့ခြင်းဖြစ်သည်။

ဇွန် ၇ ရက် တစ်ရက်တည်းတွင် ကိုရိုနာဗိုင်းရပ်စ်ကူးစက်ခံရသူအရေအတွက်သည် ၁၃၆၀၀၀ ကျော်ရှိခဲ့ကြောင်းနှင့် ယင်းမှာ တစ်ရက်တာကာလအတွင်း ကူးစက်မှုအမြင့်ဆုံးဖြစ်ကြောင်း ဂီဘရီယီးဆပ်က ပြောကြားခဲ့သည်။ ဘရာဇီးနိုင်ငံအစိုးရက နိုင်ငံအတွင်း ကိုရိုနာဗိုင်းရပ်စ်ကူးစက်/သေဆုံးမှုစုစုပေါင်း အရေအတွက်ကို အချိန်နှင့်တစ်ပြေးညီ မထုတ်ပြန်ရန် ဆုံးဖြတ်ချက်အပေါ်တွင်လည်း ကမ္ဘာ့ကျန်းမာရေးအဖွဲ့၏ အရေးပေါ်အခြေအနေဆိုင်ရာအကြီးအကဲ မိုက်ကယ်ရိုင်ယန်ကလည်း အမေးအဖြေလုပ်ခဲ့ကြောင်းသိရသည်။ ဘရာဇီးနိုင်ငံသည် အမေရိကန်နိုင်ငံ၏နောက်တွင် ကမ္ဘာ့ကိုရိုနာဗိုင်းရပ်စ်ကူးစက်မှု ဒုတိယအမြင့်ဆုံးနိုင်ငံလည်း ဖြစ်သည်။

ဘရာဇီးနိုင်ငံ၏ ကိုရိုနာဗိုင်းရပ်စ်ကူးစက်/သေဆုံးမှုဆိုင်ရာ အချက်အလက်များသည် ယခုတိုင်အောင် မှန်ကန်မှုရှိနေသေးကြောင်းနှင့် ယင်းဆောင်ရွက်ချက်ကို ဆက်လက်လုပ်ဆောင်သွားမည်ဟုလည်း ကမ္ဘာ့ကျန်းမာရေးအဖွဲ့က မျှော်လင့်ကြောင်း မိုက်ကယ်ရိုင်ယန်က ပြောကြားခဲ့သည်။

**ကိုးကား-အင်န်အိတ်ချ်ကေ၊ ဘာသာပြန်-အလင်းသစ်**



# ပြင်သစ်နိုင်ငံတွင် ကိုရိုနာဗိုင်းရပ်စ်တိုက်ဖျက်ရေးဆောင်ရွက်ခဲ့သော ကျူးဘားဆေးကုသရေးအဖွဲ့ နိုင်ငံသို့ပြန်လည်ရောက်ရှိ

**ဟာဗားနား ဇွန် ၉**
ပြင်သစ်နိုင်ငံ လွန်ဘာဒီဒေသတွင် ကိုရိုနာဗိုင်းရပ်စ်တိုက်ဖျက်ရေးတာဝန်ကို ထမ်းဆောင်ခဲ့သော ကျူးဘားဆေးကုသရေးအဖွဲ့ဝင် ၅၂ ဦးသည် ကျူးဘားနိုင်ငံသို့ ယနေ့တွင် ပြန်လည်ရောက်ရှိခဲ့ကြောင်း သိရသည်။

၎င်းဆေးကုသရေးအဖွဲ့အားပြည်သူများက သူရဲကောင်းများပမာကြိုဆိုခဲ့ပြီး နိုင်ငံပိုင်ရုပ်မြင်သံကြားဌာနက ထုတ်လွှင့်ပြသခဲ့သည်။ ဆေးကုသရေးအဖွဲ့အား ကြိုဆိုသောအခမ်းအနားတွင် ကျူးဘားသမ္မတ မီကယ်ဒီရယ်ကနယ်က ကိုရိုနာဗိုင်းရပ်စ်တိုက်ဖျက်ရေးတွင် နိုင်ငံတကာ၏ ပူးပေါင်းဆောင်ရွက်မှုနှင့် စည်းလုံးညီညွတ်ရေး၏ အရေးကြီးမှုကို ထည့်သွင်းပြောကြားခဲ့ပြီး အမေရိကန်က ကျူးဘားအား ကိုရိုနာဗိုင်းရပ်စ် ဖြစ်ပွားနေချိန်တွင် ပိတ်ဆို့မှုများ ဆောင်ရွက်ခြင်းကို ရှုတ်ချခဲ့သည်။

ပြင်သစ်တွင် ကိုရိုနာဗိုင်းရပ်စ်တိုက်ဖျက်ရေး တာဝန်ကို ထမ်းဆောင်ခဲ့သော ကျူးဘားဆေးကုသရေးအဖွဲ့တွင် ဆရာဝန် ၃၆ ဦး၊ သူနာပြု ၁၅ ဦးတို့ပါဝင်သည်။ မိမိတို့အဖွဲ့အနေဖြင့် ဆေးဘက်ဆိုင်ရာ စည်းမျဉ်းများနှင့် လုံခြုံရေးဆိုင်ရာ စည်းမျဉ်းများကို လိုက်နာပြီး ကိုရိုနာဗိုင်းရပ်စ်တိုက်ဖျက်ရေးတာဝန်ကို ထမ်းဆောင်ခဲ့ကြောင်း ကျူးဘားဆေးကုသရေးအဖွဲ့၏ အကြီးအကဲဖြစ်သူ ကားလို့စ်ပီရပ်က ပြောကြားသည်။

ကမ္ဘာတစ်ဝန်းတွင် ကိုရိုနာဗိုင်းရပ်စ် တိုက်ဖျက်ရေးကိုဆောင်ရွက်နေသော ကျန်းမာရေးလုပ်သားများတွင် ကျူးဘားနိုင်ငံမှ ဆရာဝန်နှင့် သူနာပြု ၃၃၃၇ ဦး ပါဝင်ဆောင်ရွက်နေကြောင်း သိရသည်။ **ကိုးကား-ဆင်ဟွာ ဘာသာပြန်-စိုးသူရ**

# ကာသေ့ပစိဖိတ်လေကြောင်းလိုင်းအား ဟောင်ကောင်အစိုးရက ငွေကြေးအကူအညီပေးအပ်မည်

**ဟောင်ကောင် ဇွန် ၉**
ကိုရိုနာဗိုင်းရပ်စ်ကပ်ရောဂါကြောင့် ငွေကြေးအကျပ်အတည်းကြုံတွေ့နေရသော ဟောင်ကောင်လေကြောင်းလိုင်း တစ်ခုဖြစ်သည့် ကာသေ့ပစိဖိတ်အား ဟောင်ကောင်အစိုးရက ဟောင်ကောင်ဒေါ်လာ ၃၉ ဘီလီယံ ထောက်ပံ့ပေးမည်ဟု ဇွန် ၉ ရက်က ကြေညာသည်။

အကျပ်အတည်းကြုံတွေ့နေရသော အခြားလေကြောင်းလိုင်းများကဲ့သို့ ကာသေ့ပစိဖိတ်လေကြောင်းလိုင်းသည် လည်းစီးနင်းသောခရီးသည် နည်းပါးမှုကို ကြုံတွေ့နေရပြီး လေကြောင်းလိုင်းမှ လေယာဉ်များကိုလည်း ရပ်နားထားခဲ့ရသည်။

ကာသေ့ပစိဖိတ်လေကြောင်းလိုင်းအနေဖြင့် အစိုးရ၏ ချေးငွေရယူပြီး လုပ်ငန်းဆောင်ရွက်မည်ဖြစ်ကြောင်း ဇွန် ၉ ရက်က ကြေညာသည်။

ယခုကဲ့သို့ ချေးငွေရယူပြီး ဆောင်ရွက်ခြင်းမပြုပါက လေကြောင်းလိုင်းပြိုလဲသွားမည်ဖြစ်ကြောင်း ကာသေ့ပစိဖိတ်လေကြောင်းလိုင်း၏ ဥက္ကဋ္ဌ ပက်ထရစ်ဟီလေက သတင်းထောက်များအား ပြောကြားသည်။

တရုတ်နိုင်ငံတောင်ပိုင်း နံနက်ခင်းသတင်းစာ၏ ဖော်ပြချက်အရ ဟောင်ကောင်အစိုးရအနေဖြင့် ပုဂ္ဂလိကလုပ်ငန်းတစ်ခုအား ငွေကြေးထောက်ပံ့ခြင်းသည် ယခုပထမဆုံးအကြိမ် ဆောင်ရွက်ခြင်းဖြစ်ကြောင်း ပြောကြားသည်။ ကိုရိုနာဗိုင်းရပ်စ် ကပ်ရောဂါမဖြစ်ပွားမီက ကာသေ့ပစိဖိတ်လေကြောင်းလိုင်းသည် အာရှဒေသ၏ အကောင်းဆုံး နိုင်ငံတကာလေကြောင်းလိုင်းများစာရင်းတွင် ပါဝင်ခဲ့သည်။

**ကိုးကား-အေအက်ဖ်ပီ၊ ဘာသာပြန်-စိုးသူရ**



# ပန်ဂျပ်ပြည်နယ်ရှိ ရေနံချက်စက်ရုံ၌ မီးလောင်မှုဖြစ်ပွားရာ သုံးဦးသေ၊ ငါးဦး ဒဏ်ရာရ

**အစ္စလာမ္မာဘတ် ဇွန် ၉**
ပါကစ္စတန်နိုင်ငံအရှေ့ပိုင်း ပန်ဂျပ်ပြည်နယ် ဖိုင်ဆာလာဘတ်မြို့ရှိ ရေနံချက်စက်ရုံတစ်ခုတွင် ယမန်နေ့ ညပိုင်းက မီးလောင်မှုတစ်ခုဖြစ်ပွားခဲ့ရာ အလုပ်သမားသုံးဦး သေဆုံးခဲ့ပြီး ငါးဦး ဒဏ်ရာရရှိခဲ့ကြောင်း ဒေသန္တရ မီဒီယာများက ဖော်ပြခဲ့သည်။

မီးလောင်မှုဖြစ်ပွားချိန်တွင် အဆိုပါ ရေနံချက်စက်ရုံ၌ ရေနံဆီ လီတာ တစ်သိန်းခန့်ထားရှိကြောင်း၊ အဆောက်အအုံအတွင်း အလုပ်သမား အများအပြား ပိတ်မိနေဆဲဖြစ်ကြောင်း သိရသည်။ ဒဏ်ရာ အပြင်းအထန်ရရှိခဲ့သည့် အလုပ်သမားငါးဦးကို အနီးအနားရှိ ဆေးရုံတစ်ရုံသို့ ပို့ဆောင်ခဲ့သည်။

မီးလောင်ရာနေရာသို့ ကယ်ဆယ်ရေးအဖွဲ့များ၊ မီးသတ်သမားများ သွားရောက်ခဲ့ကြပြီး မီးသတ်ယာဉ်ရှစ်စီးဖြင့် မီးလောင်မှုကိုငြိမ်းသတ်ရန် ကြိုးပမ်းနေကြောင်း သတင်းများက ဆိုသည်။ မီးလောင်မှုဖြစ်ပွားရသည့် အကြောင်းရင်းကို စစ်ဆေးလျက်ရှိကြောင်း သိရသည်။

**ကိုးကား-ဆင်ဟွာ၊ ဘာသာပြန်-ကျော်ထိုက်စိုး**

# လာအို၌ ၅၈ ရက်အတွင်း ကိုဗစ်-၁၉ ရောဂါ ထပ်မံကူးစက်မှုမရှိ၊ ရောဂါ ကူးစက်ခံရသူအားလုံး ရောဂါကင်းစင်

**ဗီယန်ကျင်း ဇွန် ၉**
လက်ရှိအချိန်တွင် လာအိုနိုင်ငံ၌ ကိုဗစ်-၁၉ ရောဂါ ကူးစက်ခံရသူဟု အတည်ပြုလူနာ ၁၉ ဦးရှိရာ ၅၈ ရက်အတွင်း ရောဂါကူးစက်ခံရသူ ထပ်မံတွေ့ရှိခြင်းမရှိသလို ကိုဗစ်-၁၉ ရောဂါကူးစက်ခံရသူ အားလုံးလည်း ရောဂါကင်းစင်သွားကြောင်း လာအိုအစိုးရက ယနေ့ပြောကြားသည်။

လာအိုနိုင်ငံ၌ ကိုဗစ်-၁၉ ရောဂါ ကူးစက်ခံရသည့် နောက်ဆုံးလူနာတစ်ဦးသည် ရောဂါကင်းစင်သောကြောင့် မြို့တော်ဗီယန်ကျင်းရှိ ဆေးရုံတစ်ရုံမှ ယနေ့ ပြန်ဆင်းသွားကြောင်း သိရသည်။

အဆိုပါ လူနာ၌ ကိုဗစ်-၁၉ ရောဂါပိုး ရှိ/မရှိ စမ်းသပ်စစ်ဆေးခဲ့ပြီး နှစ်ကြိမ်တိုင်တိုင် ရောဂါမတွေ့ရှိသောကြောင့် တာဝန်ရှိသူများက အိမ်ပြန်ခွင့်ပေးလိုက်ခြင်းဖြစ်ကြောင်း လာအိုကျန်းမာရေးဝန်ကြီးဌာနအောက်ရှိ ကျန်းမာရေးဆိုင်ရာ ပညာရေးနှင့် သတင်းအချက်အလက်ဗဟိုဌာန၏ သတင်းထုတ်ပြန်ချက်တစ်ရပ်တွင် ဖော်ပြထားသည်။

အသက် ၁၈ နှစ်အရွယ် အဆိုပါ လူနာသည် လာအိုနိုင်ငံ၏ မြို့တော် ဗီယန်ကျင်းတွင် နေထိုင်ပြီး လာအိုနိုင်ငံ၌ ကိုဗစ်-၁၉ ရောဂါ ကူးစက်ခံရသည့် ရှစ်ဦးမြောက်လူနာတစ်ဦးဖြစ်သည်။ သူသည် ကိုဗစ်-၁၉ ရောဂါ ကူးစက်ခံခဲ့ရကြောင်း အတည်ပြုခဲ့သည်။ မတ် ၂၈ ရက်ကတည်းက ဗီယန်ကျင်းမြို့ရှိ သတ်မှတ်ထားသည့် မစ်တာဖတ်ဘ် ဆေးရုံတွင် ဆေးဝါးကုသမှု ခံယူခဲ့ကြောင်း သိရသည်။

လာအိုနိုင်ငံအတွင်း ကိုဗစ်-၁၉ ရောဂါ ထပ်မံတွေ့ရှိခြင်း မရှိသည်မှာ ၅၈ ရက်ရှိပြီးဖြစ်သလို ကိုဗစ်-၁၉ ရောဂါ ကူးစက်ခံရသည့်လူနာအားလုံးသည်လည်း ရောဂါမှ ပြန်လည်ကျန်းမာလာ၍ ဆေးရုံမှ ပြန်ဆင်းသွားပြီဖြစ်ကြောင်း သိရသည်။

လာအိုအစိုးရသည် နိုင်ငံအတွင်း ကိုဗစ်-၁၉ ရောဂါပိုး စမ်းသပ်တွေ့ရှိခဲ့ပြီးနောက် ရောဂါကူးစက်မှုထိန်းချုပ်ရန် ရောဂါစမ်းသပ်စစ်ဆေးမှုကို အရှိန်မြှင့်လုပ်ဆောင်ခဲ့ရာ ယခုအခါ နိုင်ငံအတွင်း ကိုဗစ်-၁၉ ရောဂါ ကူးစက်မှု ထပ်မံမတွေ့ရှိတော့ကြောင်း သိရသည်။

လာအိုနိုင်ငံတွင် ကိုဗစ်-၁၉ ရောဂါ ကူးစက်ခံရသူ ပထမဦးဆုံး လူနာနှစ်ဦးကို မတ် ၂၄ ရက်က စမ်းသပ်တွေ့ရှိခဲ့ကြောင်း သိရသည်။

**ကိုးကား - ဆင်ဟွာ
ဘာသာပြန် - ဂျေတီ**

# အီရန်နိုင်ငံမှ ကိုဗစ်-၁၉ ရောဂါဆိုင်ရာ ဆေးဝါးအကူအညီ ဗင်နီဇွဲလား လက်ခံရရှိ



ဗင်နီဇွဲလားနိုင်ငံ စီမံကိန်းဝန်ကြီး ရိကာဒိုမီနန်ဒက်ဇ်

**ကရာကတ်စ် ဇွန် ၉**
ဗင်နီဇွဲလားနိုင်ငံက အီရန်နိုင်ငံမှ လေကြောင်းဖြင့်ပေးပို့သည့် ကိုဗစ်-၁၉ ရောဂါတိုက်ဖျက်ရေးဆိုင်ရာ ဆေးဝါးအကူအညီများ လက်ခံရရှိခဲ့သည်။ လေယာဉ်ပေါ်တွင် ရောဂါစစ်ဆေးရေးကိရိယာများ၊ ဆေးဝါးများ အပါအဝင် ကိုဗစ်-၁၉ လူနာများအတွက် လူသားချင်းစာနာထောက်ထားမှုအကူအညီများ သယ်ဆောင်လာခဲ့သည်ဟု စီမံကိန်းဝန်ကြီး ရိကာဒိုမီနန်ဒက်ဇ်က ပြောကြားသည်။

လူသားချင်း စာနာထောက်ထားမှု အကူအညီနှင့်ပတ်သက်၍ ဗင်နီဇွဲလားနိုင်ငံသို့ မကြာသေးမီက ရေနံစိမ်းများပေးပို့မှုအတွက် ကျေးဇူးတင်ကြောင်းပြောကြားရန် သမ္မတ နီကိုးလပ်စ် မာဒူရိုသည် မကြာမီ အီရန်နိုင်ငံသို့ သွားရောက်မည်ဟု ဆိုသည်။ စွမ်းအင်၊ ဘဏ္ဍာရေး၊ စစ်ဘက်ဆိုင်ရာ၊ လယ်ယာစိုက်ပျိုးရေး၊ နည်းပညာနှင့် ကျန်းမာရေးဆိုင်ရာ စာချုပ်များ လက်မှတ်ရေးထိုးရန် အီရန်နိုင်ငံသို့သွားရောက်မည့် အစီအစဉ်များကို မာဒူရိုက ကြေညာခဲ့ပြီးဖြစ်သည်။

အမေရိကန်နိုင်ငံက မာဒူရိုအား ရာထူးမှဖြုတ်ချရန် ကြိုးပမ်းမှုအဖြစ် အရေးယူမှုများပြုလုပ်ချိန်နောက်ပိုင်း အီရန်နိုင်ငံမှာ ဗင်နီဇွဲလားနိုင်ငံ၏ အရေးပါသော မဟာမိတ်နိုင်ငံတစ်ခု ဖြစ်လာခဲ့သည်။ ဗင်နီဇွဲလားနှင့် အီရန်နိုင်ငံတို့က စက်မှု၊ အိမ်ခြံမြေနှင့် အစားအသောက်ကဏ္ဍများအပြင် ကိုဗစ်-၁၉ ကပ်ရောဂါတိုက်ဖျက်ရေးတွင် ပူးပေါင်းဆောင်ရွက်မှုများ ပြုလုပ်နေကြောင်း မာနန်ဒက်ဇ်က ပြောသည်။

ရန်သူနိုင်ငံများက အရေးယူရန်ကြိုးပမ်းနေချိန်တွင် ဗင်နီဇွဲလားနိုင်ငံနှင့် ညီရင်းအစ်ကိုဆက်ဆံရေး တည်ဆောက်ရသည့်အတွက် ဂုဏ်ယူမိကြောင်း အီရန်သံအမတ်ကြီး ဟိုဂျာတိုလာဆိုလ်တာနီက ပြောသည်။ ဂျွန်ဟော့ကင်းတက္ကသိုလ်၏ဖော်ပြချက်အရ ဗင်နီဇွဲလားနိုင်ငံတွင် ကိုဗစ်-၁၉ ရောဂါ ကူးစက်သူ ၂၃၇၇ ဦးနှင့် သေဆုံးသူ ၂၂ ဦးရှိကြောင်း သိရသည်။ စီးပွားရေးပြိုလဲမှုကြောင့် ဗင်နီဇွဲလားနိုင်ငံက ကိုရိုနာဗိုင်းရပ်စ်ကပ်ရောဂါအန္တရာယ် ကြီးမားကြောင်း ကျန်းမာရေးပညာရှင်များက ပြောသည်။ ကမ္ဘာ့ပေါ်တွင် အကြီးမားဆုံး ရေနံမြေများရှိသော်လည်း နှစ်ပေါင်းများစွာကြာ စီမံခန့်ခွဲမှုမှားခြင်း၊ အကျင့်ပျက်ခြစားမှုနှင့် ပြုပြင်ထိန်းသိမ်းမှုမရှိခြင်း အစရှိသည့် ထောက်ပံ့ရေးဆိုင်ရာ ပြဿနာများရှိသည့် ဗင်နီဇွဲလားနိုင်ငံသို့ အီရန်နိုင်ငံက ရေနံတင်သင်္ဘောငါးစင်း စေလွှတ်ခဲ့သည်။

နောက်ထပ်ထောက်ပံ့ပေးရန် တောင်းဆိုလျှင် အီရန်နိုင်ငံက ဗင်နီဇွဲလားနိုင်ငံသို့ လောင်စာဆီတင်ပို့မှု ဆက်လက်ပြုလုပ်မည်ဟု အီရန်နိုင်ငံခြားရေးဝန်ကြီးဌာနမှ ပြောရေးဆိုခွင့်ရှိသူ အဘတ်စ်မူဆာဗီက ပြီးခဲ့သည့် သီတင်းပတ်အတွင်း ပြောကြားခဲ့သည်။

**ကိုးကား-အေအက်ဖ်ပီ**
**ဘာသာပြန်-ကျော်ထိုက်စိုး**

## အင်ဒိုနီးရှားနိုင်ငံ မြို့တော်ဂျကာတာတွင် စီးပွားရေးလုပ်ငန်းများ ပြန်လည်စတင်

**ဂျကာတာ ဇွန် ၉**
ကိုရိုနာဗိုင်းရပ်စ်ရောဂါထိန်းချုပ်ရေးအတွက် ချမှတ်ထားသည့် တားမြစ်ကန့်သတ်ချက်များအား အင်ဒိုနီးရှားအစိုးရက ဇွန် ၇ ရက်တွင် ဖြေလျှော့ပေးခဲ့မှုများ ပြုလုပ်ခဲ့ပြီးနောက်တွင် နိုင်ငံ၏ မြို့တော်ဂျကာတာ၌ စီးပွားရေးလုပ်ငန်းကုမ္ပဏီများအနေဖြင့် လုပ်ငန်းများကို ပြန်လည်စတင်လည်ပတ်နေကြပြီ ဖြစ်သည်။

မြို့တော်ဂျကာတာ၌ အများပြည်သူသယ်ယူပို့ဆောင်ရေးလုပ်ငန်းများနှင့် စီးပွားရေးလုပ်ငန်းများကို ဇွန် ၇ ရက်တွင် စတင်လုပ်ဆောင်ခဲ့ကြသည်။

မြို့တော်တစ်ဝန်း၌ လုပ်ငန်းများ စတင်လည်ပတ်ခွင့်ပြုစဉ်မှာပင် ရုံးဝန်ထမ်းများတစ်ဦးချင်းအကြား အနည်းဆုံးတစ်မီတာ (သုံးပေ)ခန့်အကွာထားပြီး တစ်ဦးနှင့်တစ်ဦးခပ်ခွာခွာအနေအထားဖြင့် လုပ်ငန်းခွင်ဝင်ရောက်ရန်လိုအပ်ခြင်းကြောင့် မြို့တော်ဂျကာတာရှိကုန်ထုတ်လုပ်ငန်းသုံး စက်ကိရိယာတန်ဆာပလာများရောင်းချသည့် ဂျပန်ကုမ္ပဏီတစ်ခုက ၎င်း၏ဝန်ထမ်းဦးရေထက်ဝက်ခန့်ကိုသာ အလုပ်ဆင်းခွင့်ပြုခဲ့သည်။

ယင်းသို့လုပ်ဆောင်ခြင်းမှာ ဝန်ထမ်းများ ဘေးကင်းလုံခြုံမှုရှိစေရန်အတွက် ထိပ်တန်းဦးစားပေးအဖြစ် လုပ်ဆောင်ခဲ့ခြင်းဖြစ်ကြောင်း အဆိုပါကုမ္ပဏီ၏ဥက္ကဋ္ဌ မာ့အဲဒဒိုင်းဆုခဲက ပြောကြားသည်။

ကုမ္ပဏီ၏လုပ်ငန်းများလုပ်ဆောင်မှုအား အွန်လိုင်းမှ ပိုမိုလုပ်ကိုင်ရေးအတွက် ပြောင်းလဲသွားမည်ဖြစ်ခြင်းကြောင့် ကာလရှည်ကြာစွာ ဖြစ်ပွားနေသည့် ကိုရိုနာဗိုင်းရပ်စ်ရောဂါကူးစက်ပြန့်ပွားမှုအခြေအနေကို ပိုမိုကောင်းမွန်စွာ ရင်ဆိုင်နိုင်မည်ဟု ၎င်းက ပြောကြားခဲ့သည်။ အင်ဒိုနီးရှားနိုင်ငံ၌ ကိုဗစ်-၁၉ ရောဂါ ကူးစက်သူပေါင်း ၃၁၀၀၀ ကျော်အထိရှိခဲ့ပြီး သေဆုံးသူ ၁၈၅၁ ဦးရှိကာ အရှေ့တောင်အာရှ၌ သေဆုံးမှုအများဆုံးနိုင်ငံဖြစ်သည်။ ယင်းကပ်ရောဂါကူးစက်ပြန့်ပွားမှုကြောင့် အင်ဒိုနီးရှားနိုင်ငံတစ်ဝန်း၌ လူပေါင်း သုံးသန်းခန့် အလုပ်လက်မဲ့ဖြစ်ခဲ့ရသည်။

**ကိုးကား-အင်န်အိတ်ချ်ကေ၊ ဘာသာပြန်-ဇော်ဝင်း**

## စီးပွားရေးလုပ်ငန်း တဖြည်းဖြည်းပြန်ဖွင့်လာသည်နှင့်အမျှ ပြည်တွင်းလေကြောင်းလိုင်းပြန်စရန် အင်ဒိုနီးရှားလေကြောင်းလိုင်း ဆုံးဖြတ်

**ဂျကာတာ ဇွန် ၉**
အင်ဒိုနီးရှားနိုင်ငံ၏ စီးပွားရေးလုပ်ငန်း တဖြည်းဖြည်းကောင်းမွန်လာသည်နှင့်အမျှ Lion Air လေကြောင်းလိုင်းနှင့် ၎င်း၏ ဌာနခွဲဖြစ်သည့် Batik Air နှင့် Wing Air လေကြောင်းလိုင်းများသည် ပြည်တွင်းပြေးဆွဲမှုများကို ဇွန် ၁၀ ရက်မှ ပြန်စရန် ဆုံးဖြတ်လိုက်ကြောင်း သိရသည်။

သို့သော်လည်း လုပ်ငန်းလည်ပတ်မှုပြန်စမည့် အဆိုပါလေကြောင်းလိုင်းများမှ ခရီးသည်များသည် ကိုဗစ်-၁၉ ရောဂါ ကူးစက်ပျံ့နှံ့မှု ထိန်းချုပ်ရန် အစိုးရမှထုတ်ပြန်သည့် ကျန်းမာရေးဆိုင်ရာ လုပ်ထုံးလုပ်နည်းများနှင့် စည်းကမ်းသတ်မှတ်ချက်များကို လိုက်နာရမည်ဖြစ်ကြောင်း သိရသည်။

ထို့နောက် ခရီးသည်များအနေဖြင့် ကိုဗစ်-၁၉ ရောဂါနှင့်ပတ်သက်၍ နောက်ဆုံးဆေးစစ်ချက်ရလဒ်အထောက်အထား သို့မဟုတ် ကျန်းမာရေးဆိုင်ရာ တရားဝင်အထောက်အထားလက်မှတ်များကို ကိုင်ဆောင်ထားရမည်ဖြစ်သည်။ အကယ်၍ သက်ဆိုင်ရာနိုင်ငံ၌ တရားဝင်ကျန်းမာရေးအထောက်အထားလက်မှတ် မရရှိခဲ့ပါက ခရီးသည်များအနေဖြင့် ဆရာဝန်တစ်ဦးဦး သို့မဟုတ် ဆေးရုံများနှင့် ဆေးပေးခန်းများမှထုတ်ပေးသည့် ကျန်းမာရေးဆိုင်ရာ တရားဝင်လက်မှတ်ကို အသုံးပြုနိုင်မည်ဖြစ်ကြောင်း သိရသည်။

Lion Air လေကြောင်းလိုင်းနှင့် ၎င်း၏ဌာနခွဲဖြစ်သည့် Batik Air နှင့် Wing Air လေကြောင်းလိုင်းများသည် အင်ဒိုနီးရှားနိုင်ငံ၊ မလေးရှားနှင့် ဗီယက်နမ်နိုင်ငံတို့အပါအဝင် အရှေ့တောင်အာရှရှိ အခြားနိုင်ငံများသို့ ဝန်ဆောင်မှုများပေးလျက်ရှိသည့် လေကြောင်းလိုင်းများဖြစ်ကြောင်း သိရသည်။

အင်ဒိုနီးရှားနိုင်ငံသည် ကိုဗစ်-၁၉ ရောဂါ ကူးစက်ပျံ့နှံ့မှု ထိန်းချုပ်ရန် ချမှတ်ထားသည့် အသွားအလာကန့်သတ်မှုများကို တဖြည်းဖြည်းဖြေလျှော့လျက်ရှိပြီး ယခုအခါ နိုင်ငံအတွင်း စီးပွားရေးလုပ်ငန်းများ ပုံမှန်လည်ပတ်နိုင်ရေးအတွက် အသင့်ပြင်ဆင်လျက်ရှိကြောင်း သိရသည်။

ပြီးခဲ့သည့် ဧပြီလက အင်ဒိုနီးရှားနိုင်ငံသို့ ခရီးသည် ၈၇ ဒသမ ၄၄ ရာခိုင်နှုန်းခန့် အလည်အပတ်ခရီးလာရောက်ခဲ့ရာ ကိုဗစ်-၁၉ ကပ်ရောဂါသည် လေကြောင်းကဏ္ဍကို ရိုက်ခတ်ခဲ့ကြောင်း အမျိုးသားစာရင်းအင်းအေဂျင်စီ၏အချက်အလက်များက ဖော်ပြထားသည်။

**ကိုးကား - ဆင်ဟွာ**
**ဘာသာပြန် - ဂျေတီ**



## ကမ္ဘာတစ်ဝန်း ကိုဗစ်-၁၉ ရောဂါဆိုင်ရာ နောက်ဆုံးအခြေအနေ

| | |
|---|---|
| ဗိုင်းရပ်စ်ပိုးကူးစက်ခံရသူ | ၇၂၃၅၄၂ ဦး |
| သေဆုံးသူ | ၄၀၉၅၂၁ ဦး |
| ပြန်လည်ကျန်းမာလာသူ | ၃၅၆၄၃၆၆ ဦး |

## အီရတ်အစိုးရ စိန်ခေါ်မှုများနှင့် ရင်ဆိုင်နေရ

**ဘဂ္ဂဒက် ဇွန် ၉**
အီရတ်နိုင်ငံတွင် နိုင်ငံရေးပါတီများအကြား အငြင်းပွားမှုများဖြစ်ခဲ့ပြီးနောက် အီရတ်ပါလီမန်က ဝန်ကြီးချုပ် မူစတာဖာ အယ်လ်ခါဟီမီ၏ အစိုးရအဖွဲ့ဖွဲ့စည်းရန် ဇွန် ၆ ရက်က အတည်ပြုခဲ့သည်။

အစိုးရအဖွဲ့ဖွဲ့စည်းပြီးနောက် ဝန်ကြီးအဖွဲ့အစည်းအဝေးကျင်းပရာတွင် နိုင်ငံအတွင်း အဂတိလိုက်စားမှုဆန့်ကျင်ရေးဆန္ဒပြပွဲများ၊ စီးပွားရေးဆိုင်ရာပြဿနာများ၊ ကိုရိုနာဗိုင်းရပ်စ်ပြန့်ပွားနေမှုနှင့် အိုင်အက်စ်အကြမ်းဖက်သမားများ၏ အန္တရာယ်တို့ကို အစိုးရကဖြေရှင်းဆောင်ရွက်ပေးနိုင်မည့်အစီအစဉ်များကို ဆွေးနွေးခဲ့ကြသည်။

အယ်လ်ခါဟီမီက အစည်းအဝေးအပြီး ထုတ်ပြန်ချက်တစ်ရပ်တွင် မိမိတို့အစိုးရအနေဖြင့် ဆောင်ရွက်မည့်အစီအစဉ်များရှိပြီး နိုင်ငံအား လမ်းမှန်သို့ရောက်ရှိစေရေးအတွက် အဆိုပါအစီအစဉ်များတွင် ပြည်သူများ၏ ပူးပေါင်းဆောင်ရွက်မှုလိုအပ်ကြောင်း ပြောကြားသည်။ နိုင်ငံရေးသုတေသီဖြစ်သူ နာဟန်အဗ္ဗဒူလာက အီရတ်နိုင်ငံရင်ဆိုင်နေရသော ပြည်တွင်းစိန်ခေါ်မှုတစ်ရပ်မှာ အီရတ်တပ်ဖွဲ့ဝင်များနှင့် အရပ်သားများအား အိုင်အက်စ်အကြမ်းဖက်သမားများက နိုင်ငံတစ်ဝန်းတွင် တိုက်ခိုက်မှုများ ပြုလုပ်နေခြင်းပင်ဖြစ်ကြောင်း၊ ထိုကဲ့သို့သောတိုက်ခိုက်မှုများသည် နိုင်ငံ၏စီးပွားရေးကို ထိခိုက်စေကြောင်း ပြောသည်။ နိုင်ငံ၏ ဝင်ငွေအား လောင်စာဆီရောင်းချခြင်းအပေါ် ၉၀ ရာခိုင်နှုန်းမှီခိုနေရသည့် အီရတ်နိုင်ငံအတွက် ဆီဈေးနှုန်းကျဆင်းခြင်းကလည်း ဝင်ငွေထိခိုက်မှုဖြစ်စေခဲ့သည်။

**ကိုးကား-ဆင်ဟွာ**
**ဘာသာပြန်-စိုးသူရ**

# ပဲခူးခရိုင်ရဲတပ်ဖွဲ့နယ်မြေအတွင်း အငြိမ်းစားရဲမှုထမ်းများအား တပ်မတော်ရိက္ခာလေးမျိုး ထောက်ပံ့



**ပဲခူး ဇွန် ၉**

ပဲခူးတိုင်းဒေသကြီးအတွင်းရှိ အငြိမ်းစားရဲမှုထမ်းများအား ကိုဗစ်-၁၉ ရောဂါဖြစ်ပွားနေချိန်ကာလတွင် အားပေးကူညီသောအားဖြင့် တောင်ပိုင်းတိုင်းစစ်ဌာနချုပ်မှ တပ်မတော်ရိက္ခာလေးမျိုး ထောက်ပံ့ပေးအပ်ခြင်းနှင့် ကိုဗစ်-၁၉ ရောဂါကာကွယ်ရေးအတွက် ကျန်းမာရေးစစ်ဆေးပေးခြင်းကို ယနေ့ နံနက်ပိုင်းက ပဲခူးမြို့အမှတ်(၇၇)ခြေမြန်တပ်မဌာနချုပ် ရန်ငြိမ်းအေးခန်းမ၌ ကျင်းပခဲ့သည်။

အခမ်းအနားသို့ တောင်ပိုင်းတိုင်းစစ်ဌာနချုပ် ပဲခူးတပ်နယ်မှ တပ်နယ်မှူး ဗိုလ်မှူးကြီးမင်းမင်းကို၊ ပဲခူးတိုင်းဒေသကြီးရဲတပ်ဖွဲ့ ဒုတိယတိုင်းရဲတပ်ဖွဲ့မှူး ရဲမှူးကြီးဝင်းချွန်၊ ပဲခူးခရိုင်(ခေတ္တ)ခရိုင်ရဲတပ်ဖွဲ့မှူး ရဲမှူးဆွေဦးနှင့် ရဲမှုထမ်းဟောင်းများတက်ရောက်ကြပြီး ပဲခူးခရိုင်ရဲတပ်ဖွဲ့နယ်မြေအတွင်းရှိ ရဲမှုထမ်းဟောင်း ၆၀ အတွက် တပ်မတော်ရိက္ခာ ဆန်၊ ဆီ၊ ဆား၊ ကုလားပဲတို့ကို ထောက်ပံ့ပေးအပ်ခဲ့ကြသည်။

ထို့နောက် ပဲခူးတပ်နယ်မှ နယ်လှည့်ဆေးကုသရေးအဖွဲ့ဖြင့် ရဲမှုထမ်းဟောင်း ၆၀ တို့အား ကိုဗစ်-၁၉ ရောဂါ ကာကွယ်ရေးအတွက် ကျန်းမာရေးစစ်ဆေးမှုများ ဆောင်ရွက်ပေးခဲ့ကြောင်း သိရသည်။

ဇော်ရှင်း(ဥဿာ)



# ပုသိမ်ခရိုင်ရဲတပ်ဖွဲ့မှ ရဲမှုထမ်းဟောင်း ၁၀၀ အား ဆန်၊ ဆီ၊ ဆား၊ ပဲ၊ ရိက္ခာများ ဒုတိယအကြိမ် ထောက်ပံ့

**ပုသိမ် ဇွန် ၉**

အနောက်တောင်တိုင်းစစ်ဌာနချုပ် တိုင်းမှူး ဗိုလ်မှူးချုပ်ညွန့်ဝင်းဆွေက ပုသိမ်ခရိုင် ရဲမှုထမ်းဟောင်း ၁၀၀ အတွက် ဆန်၊ ဆီ၊ ဆား၊ ပဲ၊ ရိက္ခာများ ဒုတိယအကြိမ် ထောက်ပံ့ပေးအပ်ပွဲကို ယမန်နေ့ နံနက်ပိုင်းက ဧရာဝတီတိုင်းဒေသကြီးတိုင်းရဲတပ်ဖွဲ့မှူးရုံးသင်တန်းခန်းမ၌ ကျင်းပသည်။

**ထောက်ပံ့ပေးအပ်**

ရှေးဦးစွာ တိုင်းမှူး ဗိုလ်မှူးချုပ်ညွန့်ဝင်းဆွေက ရဲမှုထမ်းဟောင်းများအား အားပေးစကားပြောကြားပြီး ရဲမှုထမ်းဟောင်းတစ်ဦးလျှင် ၁၄ ရက်စာခန့် ဆန် ၃ ပြည် ၇ ဘူး၊ ဆီ ၂၈ ကျပ်သား၊ ဆား ၂၄ ကျပ်သား၊ ပဲ ၄၂ ကျပ်သားနှုန်းဖြင့် စုစုပေါင်း ဆန် ၁၆ အိတ် ၁၅ ပြည်၊ ဆီ ၂၈ ပိဿာ၊ ဆား ၂၄ ပိဿာ၊ ပဲ ၄၂ ပိဿာကို ထောက်ပံ့ပေးအပ်ခဲ့သည်။

အခမ်းအနားသို့ အနောက်တောင်တိုင်းစစ်ဌာနချုပ် တိုင်းမှူး ဗိုလ်မှူးချုပ်ညွန့်ဝင်းဆွေ၊ ဒုတိယတိုင်းမှူး ဗိုလ်မှူးချုပ်အောင်ခင်ဇော်၊ တိုင်းရဲတပ်ဖွဲ့မှူး ရဲမှူးကြီးတင်ဇော်ထွန်း၊ ဒုတိယတိုင်းရဲတပ်ဖွဲ့မှူး ရဲမှူးကြီးမျိုးသန့်ကျော်နှင့် ဦးစီး(ပ)ရေး/ထောက် ဒုတိယရဲမှူးကြီးထွန်းရွှေတို့ တက်ရောက်ခဲ့ကြသည်။

အနောက်တောင်တိုင်းစစ်ဌာနချုပ် တိုင်းမှူး ညွန့်ဝင်းဆွေသည် ဇွန် ၁၀ ရက်တွင် မြောင်းမြခရိုင်အတွင်းရှိ ရဲမှုထမ်းဟောင်း ၅၆ ဦးတို့အတွက် ဆက်လက်ထောက်ပံ့ပေးသွားမည်ဖြစ်ကြောင်း သိရသည်။

ပုသိမ်လှကြည်

# လားရှိုးမြို့၌ ယာဉ်အား စစ်ဆေးရာမှ တရားမဝင်သစ်များ သိမ်းဆည်းရမိ

**လားရှိုး ဇွန် ၉**

ရှမ်းပြည်နယ် လားရှိုးမြို့နယ် နောင်မွန်နယ်မြေစခန်းမှ ဒုရဲအုပ်မင်းရဲထွန်းနှင့် တပ်ဖွဲ့ဝင်များ၊ သစ်တောဦးစီးဌာနမှ ဝန်ထမ်းများပါဝင်သော ပူးပေါင်းအဖွဲ့သည် ယမန်နေ့ ည ၈ နာရီ မိနစ် ၂၀ က လားရှိုးမြို့နယ် ခေးနင်းကျေးရွာအုပ်စု ခေးနင်းတိုးဂိတ်အနီး မန္တလေးမှ လားရှိုးသို့ ဇော်မင်းမောင်းနှင်လာသော ယာဉ်အား ရပ်တန့်ရှာဖွေရာ ငွေကျပ် ၁၂ သိန်းတန်ဖိုးရှိ ပိတောက်ခွဲသား အချောင်း ၂၀ အား သိမ်းဆည်းရမိသဖြင့် ဇော်မင်းအား နောင်မွန်နယ်မြေရဲစခန်းက အမှုဖွင့်အရေးယူထားကြောင်း သိရသည်။

**ရဲပြန်ကြား**

# ဟိုပင်မြို့ အာလံဗိုလ်ကျေးရွာအနီး ယာဉ်တိမ်းမှောက်ရာ ခရီးသည် ၁၀ ဦး ဒဏ်ရာများရရှိ

**မိုးညှင်း ဇွန် ၉**

ကချင်ပြည်နယ် မိုးညှင်းမြို့နယ် ဟိုပင်ဒေသ အာလံဗိုလ်ကျေးရွာနှင့် မြို့သစ်ကလေးကျေးရွာအကြား ကျေးရွာချင်းဆက်လမ်းပေါ်တွင် ခရီးသည် ၁၈ ဦး လိုက်ပါလာသော ကုန်တင်ယာဉ်တစ်စီး တိမ်းမှောက်ခဲ့ရာ ခရီးသည် ၁၀ ဦး ထိခိုက်ဒဏ်ရာရရှိခဲ့ကြောင်း သိရသည်။

ဖြစ်စဉ်မှာ ယမန်နေ့ မွန်းလွဲ ၃ နာရီ မိနစ် ၂၀ ခန့်တွင် မိုးညှင်းမြို့မှ ဟိုပင်မြို့သို့ ကိုသက် မောင်းနှင်ပြီး ခရီးသည် ၁၈ ဦး၊ ချည်ထည်များနှင့် ကုန်ခြောက်များ တင်ဆောင်လာစဉ် မြို့သစ်ကလေးကျေးရွာနှင့် အာလံဗိုလ်ကျေးရွာအကြား ကျေးရွာချင်းဆက်လမ်း မိုင်တိုင်အမှတ် (၂၂) နှင့် (၂၃) အကြားတွင် အရှိန်မထိန်းနိုင်ဘဲ လမ်း၏ယာဘက်ဘေးသို့ တိမ်းမှောက်ခဲ့သဖြင့် အမျိုးသား လေးဦး၊ အမျိုးသမီး ခြောက်ဦး စုစုပေါင်း ၁၀ ဦး ထိခိုက်ဒဏ်ရာများရရှိခဲ့ပြီး ယာဉ်မောင်း ကိုသက်မှာ ထွက်ပြေးတိမ်းရှောင်သွားခဲ့သည်။

အဆိုပါဖြစ်စဉ်နှင့်ပတ်သက်၍ ကိုသက်အား ဟိုပင်နယ်မြေရဲစခန်းက အမှုဖွင့်ကာ အမြန်ဆုံးဖမ်းဆီးရမိရေးအတွက် စုံစမ်းရှာဖွေလျက်ရှိကြောင်း သိရသည်။

နီတိုး





# ရွှေကူ၊ မြဝတီနှင့် ကျိုင်းတုံမြို့နယ်တို့၌ မူးယစ်ဆေးဝါးများ သိမ်းဆည်းရမိ

**နေပြည်တော် ဇွန် ၉**

ရွှေကူမြို့မရဲစခန်းမှ တပ်ဖွဲ့ဝင်များသည် ဇွန် ၇ ရက် ည ၇ နာရီက ရွှေကူမြို့နယ် ညောင်ပင်ကွေ့ကျေးရွာအနီး မန္တလေး-ဗန်းမော်ကားလမ်းတွင် စိုးအောင် မောင်းနှင်ပြီး မြင့်သူထွန်းနှင့် မောင်ဇော်တို့လိုက်ပါလာသည့် ယာဉ်ကို ရပ်တန့်ရှာဖွေရာ ငွေကျပ် ၁၀၇၈၇ သိန်းတန်ဖိုးရှိ ဘိန်းဖြူ ၈ ဒသမ ၁၄ ကီလိုနှင့် စိတ်ကြွရူးသွပ်ဆေးပြား ၁၄၂၅၀၀ တို့ကို သိမ်းဆည်းရမိခဲ့သည်။

အလားတူ ယမန်နေ့ မွန်းလွဲ ၃ နာရီတွင် မူးယစ်ဆေးဝါးတားဆီးနှိမ်နင်းရေးရဲတပ်ဖွဲ့မှ တပ်ဖွဲ့ဝင်များသည် မြဝတီမြို့နယ် အပြင်မဲကနယ်ကျေးရွာရှိ မသန်းသန်းလွင်(ခ)မထားဝယ်မ ငှားရမ်းထားသည့်ဂိုဒေါင်အား ဝင်ရောက်ရှာဖွေရာ Sodium Cyanide ကီလို ၃၉၃၀ နှင့် လက်ကိုင်ဖုန်း သုံးလုံးတို့ကိုလည်းကောင်း။

ထို့အတူ ဇွန် ၇ ရက် ညနေပိုင်းက လုံခြုံရေးတပ်ဖွဲ့ဝင်များပါဝင်သောပူးပေါင်းအဖွဲ့သည် ကျိုင်းတုံမြို့နယ် ကျိုင်းတုံ- လွိုင်မွေ-ဝမ်လုံးကျေးရွာလမ်းဆုံ မြို့ရှောင်လမ်းတွင် စိုင်းမန် မောင်းနှင်၍ စိုင်းကျောက် လိုက်ပါလာသည့် ယာဉ်အား ရပ်တန့်စစ်ဆေးနေစဉ် နောက်မှလိုက်ပါလာသည့် ယာဉ်နှစ်စီးမှာ နောက်ပြန်လှည့်ပြေးသွားသဖြင့် လိုက်လံတားဆီးရာ ကျိုင်းတုံမြို့နယ် မိုင်းလပ်ကျေးရွာအုပ်စု ဝမ်မိုင်ကျေးရွာအနီးတွင် ယာဉ်ပေါ်တွင်လိုက်ပါလာသူများအား မတွေ့ရှိဘဲ ရပ်တန့်ထားခဲ့သည့် ယာဉ်နှင့် စိုင်းအွန် မောင်းနှင်ပြီး စိုင်းဟောင်နှင့် အိုက်ရီလုံ တို့လိုက်ပါလာသည့် ယာဉ်တို့ကို တားဆီးရမိခဲ့သဖြင့် ယာဉ်သုံးစီးကို စစ်ဆေးရာ ငွေကျပ် ၂၄၅၇၂၅ သိန်းတန်ဖိုးရှိ အိုက်စ် ၉၈၀ ဒသမ ၉၈ ကီလို၊ ဘိန်းဖြူ သုံးကီလိုနှင့် စကားပြောစက်နှစ်လုံးတို့ကို သိမ်းဆည်းရမိခဲ့သဖြင့် ၎င်းတို့အား မူးယစ်ဆေးဝါးနှင့် စိတ်ကိုပြောင်းလဲစေသော ဆေးဝါးများဆိုင်ရာ ဥပဒေအရ အရေးယူထားကြောင်း သိရသည်။ **ရဲပြန်ကြား**



စိုင်းကျောက်၊ စိုင်းမန်၊ စိုင်းဟောင်၊ စိုင်းအွန်၊ အိုက်ရီလုံ(ခ)စိုင်းဆန် တို့အား သိမ်းဆည်းရမိသည့် မူးယစ်ဆေးဝါးများနှင့်အတူတွေ့ရစဉ်။

## မိဘမဲ့ကလေးစောင့်ရှောက်ရေးဂေဟာနှင့်ကျောင်းများသို့ ငွေကျပ် သိန်း ၁၂၀ ကျော်တန်ဖိုးရှိ အခြေခံစားသောက်ကုန်များ ထောက်ပံ့လှူဒါန်း



**ရန်ကုန် ဇွန် ၉**

နိုင်ငံတစ်ဝန်း ပြည်နယ်နှင့် တိုင်းဒေသကြီးအသီးသီးရှိ မိဘမဲ့ကလေးစောင့်ရှောက်ရေးဂေဟာ၊ ဘုန်းတော်ကြီးသင်ပညာရေးကျောင်းနှင့် ကလေးသူငယ်စောင့်ရှောက်ရေးစင်တာ ၁၈ နေရာသို့ ငွေကျပ် သိန်း ၁၂၀ ကျော်တန်ဖိုးရှိ အခြေခံစားသောက်ကုန်များကို မြန်မာ့ဆက်သွယ်ရေးလုပ်ငန်း(MPT)က ဇွန် ၃ ရက်မှ ၉ ရက်အတွင်း ထောက်ပံ့လှူဒါန်းခဲ့ကြောင်း သိရသည်။

အဆိုပါလှူဒါန်းမှုကို ကိုဗစ်-၁၉ သက်ရောက်မှုဒဏ်ခံရသည့် ပြည်နယ်နှင့် တိုင်းဒေသကြီးအသီးသီးရှိ သက်ဆိုင်ရာ ဒေသခံလူမှုအဖွဲ့အစည်းများထံမှ အထောက်အပံ့နှင့် ကူညီပံ့ပိုးမှုများ အမှန်တကယ် လိုအပ်နေသော မိဘမဲ့ကလေးစောင့်ရှောက်ရေးဂေဟာနှင့် ကျောင်းများသို့ အဓိကထားလှူဒါန်းခဲ့ခြင်းဖြစ်သည်။

**လှူဒါန်း**

"ကမ္ဘာ့ကပ်ရောဂါ အကျပ်အတည်းနဲ့ ကြုံတွေ့နေရတဲ့ အခြေအနေကြောင့် ပြည်သူတွေအနေနဲ့ အခက်အခဲတွေကို ရင်ဆိုင်နေရပါတယ်။ အခုလို မိဘမဲ့ကလေးစောင့်ရှောက်ရေးဌာနတွေဟာ သက်ရောက်မှုဒဏ်ကို အထူးပဲရင်ဆိုင်နေရပါတယ်။ အဲဒီအတွက် အာဟာရပြည့်ဝတဲ့ အခြေခံစားသောက်ကုန်တွေရရှိဖို့ အရေးတကြီး လိုအပ်နေတာကြောင့် မိဘမဲ့ကလေးစောင့်ရှောက်ရေးဂေဟာတွေ၊ ဘုန်းတော်ကြီးသင်ပညာရေးကျောင်းနဲ့ ကလေးသူငယ်စောင့်ရှောက်ရေးစင်တာတွေမှာ အခြေခံစားသောက်ကုန်တွေ လှူဒါန်းဖို့ ဆောင်ရွက်ခဲ့တာပဲဖြစ်ပါတယ်" ဟု MPT-KSGM Joint Operations ၏ လုပ်ငန်းလည်ပတ်မှုဌာနမှ ဒုတိယအရာရှိချုပ်ဖြစ်သူ ဦးမျိုးသန်းက ပြောသည်။

လှူဒါန်းခဲ့သည့် နေရာများမှာ ကချင်ပြည်နယ် Grace Happy Land မိဘမဲ့ကလေးပြုစုစောင့်ရှောက်ရေးကျောင်း၊ ကယားပြည်နယ် အဝဲရောင်မျိုးဆက်သစ် လူငယ်ပရဟိတအသင်း ကလေးများစောင့်ရှောက်ရေးကျောင်း၊ ကရင်ပြည်နယ် တောင်တန်းသာသနာပြု(ဗဟို)ကျောင်း၊ နယ်စပ်တိုင်းရင်းသားလူငယ်ဖွံ့ဖြိုးရေး(ပရဟိတ)ဂေဟာ၊ ချင်းပြည်နယ် ဇိအုန်လူငယ်ဖွံ့ဖြိုးရေးပရဟိတဂေဟာ၊ Lakhu Children Center၊ Happy Home Children Development Center၊ မွန်ပြည်နယ် ပြည်လုံးချမ်းသာ ဘုန်းတော်ကြီးသင်ပညာရေးကျောင်း၊ ရခိုင်ပြည်နယ် ABC ကလေးသူငယ်များပြုစုစောင့်ရှောက်ရေးလုပ်ငန်း၊ ရှမ်းပြည်နယ်(အရှေ့ပိုင်း) ကျိုင်းတုံစောင့်ရှောက်ရေးဂေဟာ၊ ရှမ်းပြည်နယ်(တောင်ပိုင်း) စိတ္တသုခ လူငယ်ဖွံ့ဖြိုးရေးပရဟိတကျောင်း၊ ရှမ်းပြည်နယ်(မြောက်ပိုင်း) ခါနန် AG လူမျိုးပေါင်းစုံအလင်းအိမ်မိဘမဲ့ဂေဟာ၊ ရန်ကုန်တိုင်းဒေသကြီး မျိုးဆက်သစ်မိဘမေတ္တာ ပရဟိတမိဘမဲ့ကျောင်း၊ မန္တလေးတိုင်းဒေသကြီး ဗုဒ္ဓဆာယာ ပရဟိတဘုန်းတော်ကြီးသင်မူလွန်ပညာရေးကျောင်း၊ နေပြည်တော် မဟာပရဟိတ လူငယ်ဖွံ့ဖြိုးရေးဥယျာဉ်(စမတောင်)၊ မကွေးတိုင်းဒေသကြီး လူမှုဝန်ထမ်းဦးစီးဌာန၊ ကလေးပြုစုရေးဌာန၊ စစ်ကိုင်းတိုင်းဒေသကြီး ထနောင်းကုန်း ပညာပဒေသာလူငယ်ဖွံ့ဖြိုးရေးပရဟိတဂေဟာ၊ ပဲခူးတိုင်းဒေသကြီး(အရှေ့) ဓမ္မစေတီသီရိမင်္ဂလာ သီလရှင်စာသင်တိုက်၊ ရွှေဂူကြီး တောရဘုန်းတော်ကြီးသင်ပညာရေးကျောင်းနှင့် အလင်းစစ်လူငယ်ဖွံ့ဖြိုးရေးကျောင်း၊ ပဲခူးတိုင်းဒေသကြီး (အနောက်) သာသနာ့ပါလပရဟိတ ဘုန်းတော်ကြီးသင်ပညာရေးကျောင်း၊ တနင်္သာရီတိုင်းဒေသကြီး သံသရာအေး ပရဟိတ ဘုန်းတော်ကြီးသင်ပညာရေးကျောင်းနှင့် ဧရာဝတီတိုင်းဒေသကြီး အဝဲရောင်မျိုးဆက်သစ် လူငယ်ပရဟိတအသင်း ကလေးများစောင့်ရှောက်ရေးကျောင်းတို့ဖြစ်ကြောင်း သိရသည်။

**အေးမင်းသူ**



## တာချီလိတ်မြို့၌ ထိုင်းနိုင်ငံမှ နေရပ်ပြန် မြန်မာနိုင်ငံသား ၆၄ ဦးအား ပြန်လည်လက်ခံ

**တာချီလိတ် ဇွန် ၉**

မြန်မာ-ထိုင်း နယ်စပ်ဒေသ တာချီလိတ်မြို့၌ ထိုင်းနိုင်ငံမှ နေရပ်ပြန် မြန်မာနိုင်ငံသား အမျိုးသား အမျိုးသမီး စုစုပေါင်း ၆၄ ဦးကို မြန်မာ-ထိုင်းချစ်ကြည်ရေးတံတား အမှတ် (၂)တွင် ယနေ့မွန်းလွဲပိုင်းက တာဝန်ရှိပုဂ္ဂိုလ်များက ပြန်လည်လက်ခံခဲ့ကြောင်း သိရသည်။

ပြန်လည်ဝင်ရောက်လာကြသည့် မြန်မာနိုင်ငံသား ၆၄ ဦးတွင် နေရပ်ပြန် ၃၂ ဦး၊ ကျောင်းသား ကျောင်းသူ ၁၉ ဦးနှင့် အကြောင်းအမျိုးမျိုးကြောင့် ပြစ်ဒဏ်စေ့၍ ပြန်လည်လွှဲပြောင်းပေးလာသူ ၁၃ ဦးတို့ပါဝင်ကြောင်း သိရသည်။

ကျောင်းသား ကျောင်းသူ ၁၉ ဦးသည် မယ်ဖာ့လုံတက္ကသိုလ်၌ ကျောင်းတက်နေသူများဖြစ်ပြီး ကျောင်းပိတ်သဖြင့် ပြန်လာခြင်းဖြစ်ကာ ကျောင်းများပြန်လည်ဖွင့်လှစ်ချိန် ဇူလိုင်လကုန်တွင် ကျောင်းဆက်တက်ရန်အတွက် ပြန်သွားကြမည်ဖြစ်ကြောင်း သိရသည်။

ယနေ့ ပြန်လည်ဝင်ရောက်လာကြသူအားလုံးကို ကျန်းမာရေးစစ်ဆေးခြင်း၊ ကိုယ်အပူချိန်တိုင်းတာခြင်းများ ပြုလုပ်ပြီး စောင့်ကြည့်စခန်းတွင် အသွားအလာကန့်သတ်ထားရှိကာ အာခေါင်တို့ဖတ်များရယူ၍ ဓာတ်ခွဲစစ်ဆေးမှု ပြုလုပ်နိုင်ရန်အတွက် အမြန်ဆုံးပို့ဆောင်ပေးသွားမည်ဖြစ်ကြောင်း သိရသည်။

**ယာဆေး(ပြန်/ဆက်)**

## မြဝတီတံတားအမှတ် (၂)မှ မြန်မာရွှေ့ပြောင်းလုပ်သား ၁၀၉၄ ဦး ဆက်လက်ဝင်ရောက်

**မြဝတီ ဇွန် ၉**

ထိုင်းနိုင်ငံမှ မြန်မာရွှေ့ပြောင်းလုပ်သား ၁၀၉၄ ဦးသည် မြဝတီအမှတ်(၂)ချစ်ကြည်ရေးတံတားမှတစ်ဆင့် ယနေ့ ပြန်လည်ဝင်ရောက်လာခဲ့ကြောင်း သိရသည်။

ပြန်လည်ဝင်ရောက်လာသူများအား ကျန်းမာရေးစစ်ဆေးမှုနှင့် အခြားသော လိုအပ်ချက်များကို ဆောင်ရွက်နိုင်ရန်အတွက် ကရင်ပြည်နယ် လွှတ်တော်ကိုယ်စားလှယ် ဦးသန့်ဇင်အောင်၊ ခရိုင်၊ မြို့နယ်တို့မှ သက်ဆိုင်ရာ တာဝန်ရှိသူများက ကြီးကြပ်ဆောင်ရွက်လျက်ရှိသည်။

ပြန်လည်ဝင်ရောက်လာသူများအနေဖြင့် မေ ၁ ရက်တွင် ၆၀ ဦး၊ မေ ၂ ရက်တွင် ၅၄ ဦး၊ မေ ၃ ရက်တွင် တစ်ဦး၊ မေ ၄ ရက်တွင် ၄၄ ဦး၊ မေ ၅ ရက်တွင် ၂၃ ဦး၊ မေ ၈ ရက်တွင် ၁၀၀၊ မေ ၁၀ ရက်တွင် ၄၄ ဦး၊ မေ ၁၁ ရက်တွင် ၁၃ ဦး၊ မေ ၁၂ ရက်တွင် ၄၁ ဦး၊ မေ ၁၃ ရက် တွင် ၁၆ ဦး၊ မေ ၁၄ ရက်တွင် ၃၈ ဦး၊ မေ ၁၅ ရက်တွင် ၁၂၀၊ မေ ၁၆ ရက်တွင် ၇၆ ဦး၊ မေ ၁၇ ရက်တွင် ၉၀ ဦး၊ မေ ၁၉ ရက်တွင် ၆၄ ဦး၊ မေ ၂၂ ရက်တွင် ၃၆ ဦး၊ မေ ၂၃ ရက်တွင် ၆၀၄ ဦး၊ မေ ၂၄ ရက်တွင် ၁၁၁၈ဦး၊ မေ ၂၅ ရက်တွင် ၁၂၇၇ ဦး၊ မေ ၂၆ ရက် တွင် ၁၃၉၄ ဦး၊ မေ ၂၇ ရက်တွင် ၁၄၃၄ ဦး၊ မေ ၂၈ ရက်တွင် ၁၁၆၈ ဦး၊ မေ ၂၉ ရက်တွင် ၁၂၀၂ဦး၊ မေ ၃၀ ရက်တွင် ၁၁၅၂ ဦး၊ မေ ၃၁ ရက်တွင် ၁၅၁၁ ဦး၊ ဇွန် ၁ ရက်တွင် ၁၀၄၃ ဦး၊ ဇွန် ၂ ရက်တွင် ၁၅၁၇ ဦး၊ ဇွန် ၃ ရက်တွင် ၁၅၄၇ ဦး၊ ဇွန် ၄ ရက်တွင် ၁၂၀၄ ဦး၊ ဇွန် ၅ ရက်တွင် ၁၁၉၀ ဦး၊ ဇွန် ၆ ရက်တွင် ၁၇၈၄ ဦး၊ ဇွန် ၇ ရက်တွင် ၁၆၃၅ ဦး၊ ဇွန် ၈ ရက်တွင် ၉၄၆ ဦး၊ ယနေ့တွင် ၁၀၉၄ ဦး ပြန်လည်ဝင်ရောက်ခဲ့ပြီး စုစုပေါင်း ၂၃၆၄၀ ထိ ပြန်လည်ဝင်ရောက်ခဲ့ပြီးဖြစ်သည်။

ယနေ့ ပြန်လည်ဝင်ရောက်သူများအနေဖြင့် တိုင်းဒေသကြီး၊ ပြည်နယ်အသီးသီးမှ အမျိုးသား ၆၂၉ ဦး၊ အမျိုးသမီး ၄၆၅ ဦး စုစုပေါင်း ၁၀၉၄ ဦးဖြစ်ကြောင်း သိရသည်။

**ထိန်လင်းအောင်(ပြန်/ဆက်)**



## ကော့သောင်းနယ်စပ်ဂိတ်မှ ပြန်လည်ဝင်ရောက်လာသည့် မြန်မာရွှေ့ပြောင်းအလုပ်သမားများအား နေရပ်ဒေသအသီးသီးသို့ ပြန်လည်ပို့ဆောင်

**ကော့သောင်း ဇွန် ၉**

နေရပ်ပြန် မြန်မာရွှေ့ပြောင်းအလုပ်သမား အမျိုးသား ၈၁ ဦး၊ အမျိုးသမီး ၆၁ ဦး စုစုပေါင်း အလုပ်သမား ၁၄၂ ဦးတို့သည် ယမန်နေ့ ညနေပိုင်းက ထိုင်းနိုင်ငံတောင်ပိုင်း ရနောင်းမြို့မှတစ်ဆင့် မြန်မာနိုင်ငံ ကော့သောင်းမြို့သို့ ရေလမ်းခရီးဖြင့် ပြန်လည်ဝင်ရောက်လာကြောင်း သိရသည်။



အဆိုပါအလုပ်သမားများမှာ ကိုဗစ်-၁၉ ရောဂါဖြစ်ပွားနေသည့်ကာလအတွင်း နှစ်နိုင်ငံကူးသန်းသွားလာမှုများ ပိတ်သိမ်းခဲ့၍ ထိုင်းနိုင်ငံတွင် ကြန့်ကြာနေခဲ့ရခြင်းဖြစ်ပြီး တနင်္သာရီတိုင်းဒေသကြီး မြန်မာရွှေ့ပြောင်းအလုပ်သမားများ စိစစ်လက်ခံရေးနှင့် နေရပ်ပြန်လည်ပို့ဆောင်ရေးကော်မတီ၏ ကြီးကြပ်ညှိနှိုင်းမှုဖြင့် ပြန်လည်ဝင်ရောက်လာခြင်းဖြစ်သည်။

ပြန်လည်ဝင်ရောက်လာသည့် အလုပ်သမားများအား ကော့သောင်းခရိုင်နှင့် မြို့နယ် ကိုဗစ်-၁၉ ရောဂါ ကာကွယ်ထိန်းချုပ်ရေးနှင့် အရေးပေါ်တုံ့ပြန်ရေးကော်မတီဝင်များ၊ ဌာနဆိုင်ရာများနှင့် NGO အဖွဲ့အစည်းများက ရောဂါသံသယရှိသူများနှင့် ကူးစက်ခံရသူများ ပါဝင်လာခြင်းရှိ၊ မရှိ၊ မြန်မာနိုင်ငံသားမဟုတ်သူများ ပါဝင်လာခြင်းရှိ၊ မရှိ စစ်ဆေးလက်ခံခဲ့ပြီး အစားအသောက်၊ ကျန်းမာရေးနှင့် လိုအပ်သည့် ထောက်ပံ့ကူညီမှုများ ဆောင်ရွက်ပေးခဲ့ကြသည်။

ပြန်လည်ဝင်ရောက်လာသူများမှ အခြားပြည်နယ်နှင့် တိုင်းဒေသကြီးများတွင် နေထိုင်ကြသူများအား မိမိတို့နေထိုင်ရာ တိုင်းဒေသကြီးနှင့် ပြည်နယ်များရှိ မြို့များအသီးသီးသို့ မော်တော်ယာဉ်များဖြင့် ပြန်လည်ပို့ဆောင်ပေးခဲ့ပြီး သက်ဆိုင်ရာမြို့နယ်များရှိ အသွားအလာကန့်သတ်စောင့်ကြည့်မှုစင်တာများတွင် လည်းကောင်း၊ ကော့သောင်းဒေသခံများကိုမူ ကော့သောင်းမြို့ရှိ ကန့်သတ်စောင့်ကြည့်မှုစင်တာများတွင် လည်းကောင်း ကန့်သတ်စောင့်ကြည့်မှု ၂၁ ရက်နှင့် နေအိမ်ကန့်သတ်စောင့်ကြည့်မှု ခုနစ်ရက် ဆက်လက်ထားရှိစောင့်ကြည့်ပြီး အာခေါင်တို့ဖတ်နမူနာများအား အမျိုးသားကျန်းမာရေးဌာနသို့ ပေးပို့ဓာတ်ခွဲစစ်ဆေးသွားမည်ဖြစ်ကြောင်းလည်း သိရသည်။

**ကျော်စိုး(ကော့သောင်း)**

# ဇွန် ၉ ရက်တွင် ကိုဗစ် - ၁၉ ရောဂါပိုးရှိသူ နှစ်ဦး ထပ်မံတွေ့ရှိသဖြင့် ရောဂါပိုးရှိသူ စုစုပေါင်း ၂၄၆ ဦး ရှိသွားပြီ

**နေပြည်တော် ဇွန် ၉**

ယနေ့တွင် ကိုဗစ်-၁၉ ရောဂါပိုး တွေ့ရှိသူ နှစ်ဦးရှိပြီး ၎င်းတို့မှာ အိန္ဒိယနိုင်ငံမှ ပြန်လည်ဝင်ရောက်လာသူတစ်ဦးနှင့် ပြည်ပသို့ ခရီးသွားရာဇဝင်မရှိသူ တစ်ဦး တို့ဖြစ်ကြောင်း၊ သို့ဖြစ်၍ ရောဂါပိုးရှိသူ စုစုပေါင်း ၂၄၆ ဦး ရှိသွားပြီဖြစ်ကြောင်း ကျန်းမာရေးနှင့်အားကစားဝန်ကြီးဌာန၏ သတင်းထုတ်ပြန်ချက်များအရ သိရသည်။ ရောဂါပိုးတွေ့ရှိသူ ၂၄၆ ဦး အနက် သေဆုံးသူ ခြောက်ဦး၊ ပိုးမတွေ့ရှိတော့သူ စုစုပေါင်း ၁၅၉ ဦး၊ ဆေးရုံမှ ဆင်းခွင့်ပြုခဲ့သူ ၁၄၅ ဦးရှိကြောင်း ကျန်းမာရေးနှင့်အားကစားဝန်ကြီးဌာန၏ ထုတ်ပြန်ချက်များတွင် ဖော်ပြထားသည်။

**သတင်းစဉ်**

## မြန်မာနိုင်ငံအတွင်း ကိုရိုနာဗိုင်းရပ်စ် စောင့်ကြပ်ကြည့်ရှုမှု အခြေအနေ

| ဓာတ်ခွဲစစ်ဆေးသူစုစုပေါင်း | ပိုးတွေ့လူနာပေါင်း |
|---|---|
| ၄၀၆၀၀ | ၂၄၆ |

| ရောဂါပိုးကင်းစင်လာသူ | သေဆုံးသူ |
|---|---|
| ၁၅၉ | ၆ |

စောင့်ကြည့်လူနာ စုစုပေါင်း - ၅၃၁၄

ရောဂါကင်းစင်၍ ဆေးရုံမှ ဆင်းခွင့်ရရှိသူ – ၁၄၅ ဦး (အသွားအလာ ဆက်လက်ကန့်သတ်ထား၍)

❖ ပြည်နယ်နှင့် တိုင်းဒေသကြီးများ၌ ရောဂါပိုး တွေ့ရှိမှုနှင့် သေဆုံးသူစာရင်းဖော်ပြမှု

| စဉ် | ပြည်နယ်/တိုင်းဒေသကြီး | ပိုးတွေ့ရှိသူ | သေဆုံးသူ |
|---|---|---|---|
| ၁ | ရန်ကုန် | ၁၉၀ | ၅ |
| ၂ | ချင်း | ၁၀ | |
| ၃ | စစ်ကိုင်း | ၉ | |
| ၄ | ပဲခူး | ၈ | ၁ |
| ၅ | ရခိုင် | ၄ | |
| ၆ | ရှမ်း(တောင်) | ၄ | |
| ၇ | မန္တလေး | ၃ | |
| ၈ | ရှမ်း(ရှေ့) | ၃ | |
| ၉ | ရှမ်း(မြောက်) | ၃ | |
| ၁၀ | မကွေး | ၃ | |
| ၁၁ | နေပြည်တော် | ၂ | |
| ၁၂ | ကရင် | ၂ | |
| ၁၃ | ဧရာဝတီ | ၂ | |
| ၁၄ | ကချင် | ၁ | |
| ၁၅ | တနင်္သာရီ | ၁ | |
| ၁၆ | မွန် | ၁ | |
| | စုစုပေါင်း | ၂၄၆ | ၆ |

❖ ယနေ့အချိန်ထိ ကယားပြည်နယ်တွင် ရောဂါပိုးတွေ့ရှိသူ မရှိပါ။

ကိုးကား - ကျန်းမာရေးနှင့်အားကစားဝန်ကြီးဌာန ၉-၆-၂၀၂၀ ရက်၊ ည(၈) နာရီ

## ကမ္ဘာ့နိုင်ငံများမှ ကိုဗစ်-၁၉ ရောဂါ ကူးစက် / သေဆုံးမှု အများဆုံး ၁၀ နိုင်ငံ

| နိုင်ငံအမည် | ကိုဗစ်-၁၉ ရောဂါ ပိုးတွေ့ရှိသူ | ရောဂါပိုး ကင်းစင်သွားသူ | ပိုးတွေ့ သေဆုံးလူနာ |
|---|---|---|---|
| အမေရိကန် | ၂၀၂၈၀၄၀ | ၇၇၃၅၁၀ | ၁၁၃၁၆၄ |
| ဘရာဇီး | ၇၁၁၆၉၆ | ၃၂၅၆၀၂ | ၃၇၃၁၉ |
| ရုရှား | ၄၈၅၂၅၃ | ၂၄၂၃၈၇ | ၆၁၄၂ |
| စပိန် | ၂၈၈၇၉၇ | စိစစ်ဆဲ | ၂၇၁၃၆ |
| ဗြိတိန် | ၂၈၇၃၉၉ | စိစစ်ဆဲ | ၄၀၅၉၇ |
| အိန္ဒိယ | ၂၆၉၈၉၇ | ၁၃၀၆၅၉ | ၇၅၀၈ |
| အီတလီ | ၂၃၅၂၇၈ | ၁၆၆၅၈၄ | ၃၃၉၆၄ |
| ပီရူး | ၁၉၉၆၉၆ | ၈၉၅၅၆ | ၅၅၇၁ |
| ဂျာမနီ | ၁၈၆၂၈၄ | ၁၇၀၂၀၀ | ၈၈၀၂ |
| အီရန် | ၁၇၅၉၂၇ | ၁၃၈၄၅၇ | ၈၄၂၅ |

## အာဆီယံနိုင်ငံများမှ ကိုဗစ်-၁၉ ရောဂါ သတင်းထုတ်ပြန်ချက်

| နိုင်ငံအမည် | ကိုဗစ်-၁၉ ရောဂါ ပိုးတွေ့ရှိသူ | ရောဂါပိုး ကင်းစင်သွားသူ | ပိုးတွေ့ သေဆုံးလူနာ |
|---|---|---|---|
| စင်ကာပူ | ၃၈၅၁၄ | ၂၅၈၇၇ | ၂၅ |
| အင်ဒိုနီးရှား | ၃၃၀၇၆ | ၁၁၄၁၄ | ၁၉၂၃ |
| ဖိလစ်ပိုင် | ၂၂၉၉၂ | ၄၇၃၆ | ၁၀၁၇ |
| မလေးရှား | ၈၃၃၆ | ၆၉၇၅ | ၁၁၇ |
| ထိုင်း | ၃၁၂၀ | ၂၉၇၃ | ၅၈ |
| ဗီယက်နမ် | ၃၃၂ | ၃၁၆ | ၀ |
| မြန်မာ | ၂၄၆ | ၁၅၉ | ၆ |
| ဘရူနိုင်း | ၁၄၁ | ၁၃၈ | ၂ |
| ကမ္ဘောဒီးယား | ၁၂၆ | ၁၂၄ | ၀ |
| လာအို | ၁၉ | ၁၉ | ၀ |



# မြစိမ်းရောင်(ငါးကလွှာ) ကော်မတီဝင်အသစ်များအား သင်တန်းပို့ချ

**ဖျာပုံ ဇွန် ၉**

ဧရာဝတီတိုင်းဒေသကြီး ဒေးဒရဲမြို့နယ် ကံဆိပ်ကျေးရွာ မြစိမ်းရောင် (ငါးကလွှာ) ကျေးရွာကော်မတီ သုံးနှစ်ပြည့်မြောက်ပြီးဖြစ်သဖြင့် အသစ်ပြန်လည်ဖွဲ့စည်းခြင်းကို ဇွန် ၅ ရက်တွင် ကွင်းဆင်းဆောင်ရွက်ခဲ့သည်။ ကော်မတီဝင်အသစ်များအား သင်တန်းပို့ချခြင်းကို ယမန်နေ့က ဒေးဒရဲမြို့နယ် ငါးလုပ်ငန်းဦးစီးဌာနတွင် ပြုလုပ်ခဲ့ရာ ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးမှူး၊ မွေးမြူရေးနှင့်ကုသရေးဦးစီးဌာနမှူးနှင့် ငါးလုပ်ငန်းဦးစီးဌာနမှူးတို့က သင်တန်းပို့ချပေးခဲ့ပြီး ချေးငွေများအမြန်ပြန်လည်ထုတ်ချေးနိုင်ရေးအတွက် မြို့နယ်ကော်မတီနှင့် ကျေးရွာကော်မတီဝင်များက ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း သိရသည်။

**သတင်းစဉ်**

# ရှမ်းပြည်နယ်၌ COVID-19 ကာကွယ်ရေး ငါးရိက္ခာများ စားသုံးပေး ပိုစတာများစိုက်ထူခြင်းနှင့် လက်ကမ်းစာစောင်များ ဖြန့်ဝေခြင်းများ ဆောင်ရွက်

**လွိုင်လင် ဇွန် ၉**

ကိုဗစ်-၁၉ ရောဂါ ကာကွယ်၊ ထိန်းချုပ်ရေးကာလတွင် ငါးစားသုံးခြင်းသည် ကျန်းမာရေး(အထူးသဖြင့် ကိုယ်ခံအားကောင်းမွန်ရေး) အတွက် အကျိုးရှိကြောင်း ပြည်သူများသိရှိစေရေး လှုံ့ဆော်ဆောင်ရွက်ချက်များ အနေဖြင့် ရှမ်းပြည်နယ် ငါးလုပ်ငန်းဦးစီးဌာနမှ ကြီးကြပ်ညွှန်ကြားမှုဖြင့် ရှမ်းပြည်နယ်(တောင်ပိုင်း) လွိုင်လင်ခရိုင် ငါးလုပ်ငန်းဦးစီးဌာနက ဇွန် ၆ ရက် နံနက်ပိုင်းတွင် လွိုင်လင်မြို့ မြို့မဈေးအနီး၌ လည်းကောင်း၊ ညောင်ရွှေငါးလုပ်ငန်းစခန်းက ဇွန် ၆ ရက် နံနက်ပိုင်းတွင် ညောင်ရွှေမြို့ မင်္ဂလာဈေးအနီး၌ လည်းကောင်း၊ လင်းခေးခရိုင်ငါးလုပ်ငန်းဦးစီးဌာနက ဇွန် ၈ ရက် နံနက်ပိုင်းတွင် လင်းခေးမြို့မဈေးကြီးနှင့် ယာယီဈေးတို့၌လည်းကောင်း COVID–19 ကာကွယ်ရေး ငါးရိက္ခာများ စားသုံးပေး ပိုစတာစိုက်ထူခြင်းနှင့် အသိပညာပေး လက်ကမ်းစာစောင်များ ဖြန့်ဝေခြင်းများကို သက်ဆိုင်ရာခရိုင်/မြို့နယ်အဆင့်ဌာနဆိုင်ရာများ၊ ဌာန ဝန်ထမ်းများဖြင့် ပူးပေါင်းပါဝင်ဆောင်ရွက်ခဲ့ကြကြောင်း သိရသည်။

**သတင်းစဉ်**



**ကိုရိုနာဗိုင်းရပ်စ် (COVID- 19) ကာကွယ်ဖို့ စနစ်တကျ လက်ဆေးစို့**

# တပ်မတော်သားများနှင့် မီးသတ်တပ်ဖွဲ့ဝင်များ ပူးပေါင်း၍ ကိုဗစ်-၁၉ ရောဂါ ကာကွယ်ရေးအတွက် ပိုးသတ်ဆေးဖျန်းခြင်းများ ဆောင်ရွက်

**နေပြည်တော် ဇွန် ၉**

သက်ဆိုင်ရာတိုင်းစစ်ဌာနချုပ်အသီးသီးမှ တပ်မတော်သားများ၊ မီးသတ်တပ်ဖွဲ့ဝင်များ၊ ဌာန၊ အဖွဲ့အစည်းများ ပူးပေါင်း၍ ကိုဗစ်-၁၉ ရောဂါ ကာကွယ်ထိန်းချုပ်နိုင်ရေးအတွက် ဇွန် ၁ ရက်က ပိုးသတ်ဆေးဖျန်းခြင်းလုပ်ငန်းများကို နေပြည်တော်၊ တိုင်းဒေသကြီး/ပြည်နယ်များမှ မြို့နယ် ၃၇ မြို့နယ်ရှိ နေရာ ၇၅ နေရာတို့တွင် မီးသတ်ယာဉ်များ၊ မီးသတ်ပစ္စည်းကိရိယာများဖြင့် ဆောင်ရွက်ခဲ့ရာ ပိုးသတ်ဆေးရည် ၉၈ ဂါလန်၊ ပိုးသတ်ဆေးမှုန့် ၁၄ ကီလိုဂရမ်၊ ရေ ဂါလန် ၆၇၂၀ သုံးစွဲခဲ့ပြီး ပိုးသတ်ဆေးဖျန်းခြင်းလုပ်ငန်းများ ဆောင်ရွက်ခဲ့ကြသည်။

အလားတူ ဇွန် ၂ ရက်က နေပြည်တော်၊ တိုင်းဒေသကြီး/ပြည်နယ်များမှ မြို့နယ် ၄၁ မြို့နယ်ရှိ နေရာ ၈၃ နေရာတို့တွင် မီးသတ်ယာဉ်များ၊ မီးသတ်ပစ္စည်းကိရိယာများဖြင့် ဆောင်ရွက်ခဲ့ရာ ပိုးသတ်ဆေးရည် ၉၉ ဂါလန်၊ ပိုးသတ်ဆေးမှုန့် ၂၇ ကီလိုဂရမ်၊ ရေ ဂါလန် ၇၅၆၀ သုံးစွဲခဲ့ပြီး ပိုးသတ်ဆေးဖျန်းခြင်းလုပ်ငန်းများ ဆောင်ရွက်ခဲ့ကြသည်။

ထို့အတူ ဇွန် ၃ ရက်က နေပြည်တော်၊ တိုင်းဒေသကြီး/ပြည်နယ်များမှ မြို့နယ် ၄၂ မြို့နယ်ရှိ နေရာ ၈၁ နေရာတို့တွင် မီးသတ်ယာဉ်များ၊ မီးသတ်ပစ္စည်းကိရိယာများဖြင့် ဆောင်ရွက်ခဲ့ရာ ပိုးသတ်ဆေးရည် ဂါလန် ၈၀နှင့် ပိုးသတ်ဆေးမှုန့် ၁၆ ကီလိုဂရမ်သုံးစွဲခဲ့ပြီး ပိုးသတ်ဆေးဖျန်းခြင်းလုပ်ငန်းများကို တာဝန်ရှိသူများက လိုက်လံကြည့်ရှုအားပေးခဲ့ကြောင်း သိရသည်။

**သတင်းစဉ်**



စစ်ကိုင်းတိုင်းဒေသကြီးလွှတ်တော်၌ ဇွန် ၃ ရက်က ကိုဗစ်-၁၉ ရောဂါ ကာကွယ်ရေး ပိုးသတ်ဆေးဖျန်းစဉ်။



ရန်ကုန်တိုင်းဒေသကြီး အင်းစိန်မြို့နယ်၌ ဇွန် ၂ ရက်က ကိုဗစ်-၁၉ ရောဂါ ကာကွယ်ရေး ပိုးသတ်ဆေးဖျန်းစဉ်။



မန္တလေးတိုင်းဒေသကြီး ပုသိမ်ကြီးမြို့နယ် မှန်ပင်ကျေးရွာ အမက(၂၂) ၌ ဇွန် ၁ ရက်က ကိုဗစ်-၁၉ ရောဂါ ကာကွယ်ရေး ပိုးသတ်ဆေးဖျန်းစဉ်။



ကယားပြည်နယ် လွိုင်ကော်ခရိုင် ဒီးမော့ဆိုမြို့နယ် ကန့်သတ်စောင့်ကြည့်စခန်း ထားရှိသော အထကဒီးမော့ဆိုကျောင်းဝင်း၌ ဇွန် ၁ ရက်က ကိုဗစ်-၁၉ ရောဂါ ကာကွယ်ရေး ပိုးသတ်ဆေးဖျန်းစဉ်။

# ကိုဗစ်-၁၉ ရောဂါ၊ သွေးလွန်တုပ်ကွေးရောဂါ ကာကွယ်ရေးနှင့် ပုံမှန်ကာကွယ်ဆေးထိုးလုပ်ငန်းများတွင် ကြက်ခြေနီစေတနာလုပ်အားရှင်များ ကူညီဆောင်ရွက်

**ရန်ကုန် ဇွန် ၉**

ကိုဗစ်-၁၉ ရောဂါ ကာကွယ်ရေးလုပ်ငန်းများကို နိုင်ငံတစ်ဝန်းတွင် အရှိန်အဟုန်မြင့် ဆောင်ရွက်လျက်ရှိရာ မြန်မာနိုင်ငံကြက်ခြေနီအသင်းမှ ကြက်ခြေနီစေတနာလုပ်အားရှင်များသည် တိုင်းဒေသကြီး/ပြည်နယ်အသီးသီးတွင် ကိုဗစ်-၁၉ ရောဂါ ကာကွယ်ရေးလုပ်ငန်းများကို ဌာနဆိုင်ရာများ၊ လူမှုရေးအသင်းအဖွဲ့များနှင့်အတူ ပူးပေါင်းဆောင်ရွက်လျက်ရှိသည်။



**ပေးဝေ**

ကြက်ခြေနီ စေတနာလုပ်အားရှင်များသည် မြို့အဝင်/အထွက် ဂိတ်များ၊ နယ်စပ်ဂိတ်များ၊ အသွားအလာကန့်သတ် စောင့်ကြည့်စခန်းများ၊ ခေတ္တနားနေစခန်းများ၊ ဈေးများနှင့် လူအသွားအလာများသော နေရာများတွင် ကိုယ်အပူချိန်တိုင်းတာခြင်း၊ စာရင်းရေးသွင်းခြင်း၊ တေးသရုပ်ဖော်များ၊ လက်ကိုင်စပီကာများဖြင့် အသိပညာပေးခြင်း၊ အလှူရှင်များ၏ ပံ့ပိုးကူညီမှုဖြင့် နှာခေါင်းစည်းများ၊ လက်သန့်ဆေးရည်များ ပေးဝေခြင်း၊ အစားအစာများ ပေးဝေခြင်းတို့ကို ဆောင်ရွက်လျက်ရှိသည်။

**ပူးပေါင်းဆောင်ရွက်**

ထို့အပြင် အသွားအလာကန့်သတ်စောင့်ကြည့် စခန်းများ၌လည်း ပတ်ဝန်းကျင် သန့်ရှင်းရေးပြုလုပ်ခြင်းများကို ဝိုင်းဝန်းပူးပေါင်းဆောင်ရွက်လျက်ရှိသည်။ ကိုဗစ်-၁၉ ရောဂါ ကာကွယ်ရေး လုပ်ငန်းများအပြင် ကြက်ခြေနီ စေတနာလုပ်အားရှင်များသည် သွေးလွန်တုပ်ကွေးရောဂါ ကာကွယ်ရေး ဖုံး၊ သွန်၊ လဲ၊ စစ် လုပ်ငန်းများ၊ ပုံမှန်ကာကွယ်ဆေးထိုး လုပ်ငန်းများ ဆောင်ရွက်ရာတွင် ၎င်းတို့တတ်စွမ်းသည့်ဘက်မှ တက်ကြွစွာ ပါဝင်ကူညီဆောင်ရွက်လျက်ရှိသည်။

ထိုသို့ အဆင်ပြေစွာဆောင်ရွက်နိုင်ရန်အတွက် အသင်းဌာနချုပ်သည် တိုင်းဒေသကြီး/ပြည်နယ် ကြက်ခြေနီကြီးကြပ်မှု ကော်မတီများနှင့် စဉ်ဆက်မပြတ် ချိတ်ဆက်ကာ လိုအပ်ချက်များကို ပံ့ပိုးဖြည့်ဆည်းပေးလျက်ရှိသည်။

**ဝင်းအောင်(MRCS)**

# ရခိုင်ပြည်နယ်ရှိ IDP စခန်းများနှင့် ယာယီတိုက်ပွဲရှောင်စခန်းများ၌ ကိုဗစ်-၁၉ ကူးစက်ရောဂါ ကာကွယ်၊ ထိန်းချုပ်၊ တုံ့ပြန်ရေး လုပ်ငန်းများ ဆက်လက်ဆောင်ရွက်လျက်ရှိ

**နေပြည်တော် ဇွန် ၉**

လူမှုဝန်ထမ်း၊ ကယ်ဆယ်ရေးနှင့် ပြန်လည်နေရာချထားရေးဝန်ကြီးဌာနသည် IDP စခန်းများနှင့် တိုက်ပွဲရှောင်စခန်းများတွင် နေထိုင်ကြသည့် ပြည်တွင်းနေရပ်စွန့်ခွာသူများအား ကိုဗစ်-၁၉ ရောဂါ ကူးစက်ပြန့်ပွားခြင်းမှ ကာကွယ်၊ ထိန်းချုပ်၊ တုံ့ပြန်ရေးလုပ်ငန်းများကို သက်ဆိုင်ရာဌာန၊ အဖွဲ့အစည်းများနှင့် ပူးပေါင်း၍ အကောင်အထည်ဖော်ဆောင်ရွက်လျက်ရှိသည်။

ထိုသို့ဆောင်ရွက်လျက်ရှိရာ ယနေ့တွင် ရခိုင်ပြည်နယ် ပေါက်တောမြို့နယ်ရှိ ၄က်ချောင်း၊ ကြိမ်နီပြင်၊ အနောက်ရဲ IDP စခန်း စုစုပေါင်း သုံးခုနှင့် ဘူးသီးတောင်မြို့နယ်ရှိ ရန်အောင်မြေဘုန်းကြီးကျောင်း၊ လမ်းမဘုန်းကြီးကျောင်း၊ မြတောင်ဘုန်းကြီးကျောင်း၊ ဂန္ဓာရီပရဟိတဘုန်းကြီးကျောင်း၊ မြောင်းနားတိုက်ပွဲရှောင်စခန်း စုစုပေါင်းတိုက်ပွဲရှောင်စခန်း ငါးခုတို့သို့သွားရောက်၍ ဆပ်ပြာ ၅၇၆၄ တောင့်၊ ခွဲစိတ်ခန်းသုံးနှာခေါင်းစည်း ၂၀၂၆ ခု၊ အဝတ်နှာခေါင်းစည်း ၁၂၃၅၆ ခု၊ လက်သန့်ဆေးရည် ၇၇၈၁ ဘူး၊ လက်ဆေးစင် ၉၀၊ ထုံးအိတ် ၈၀၊ ဗီနိုင်း အချပ် ၂၀၊ အပူချိန်တိုင်းကိရိယာ သုံးခု၊ လက်ကိုင်စပီကာ နှစ်ခုနှင့် ကိုဗစ်-၁၉ အသိပညာပေး အသံဖိုင်ထည့်သွင်းထားသော Memory Stick နှစ်ခုတို့အား သွားရောက်ထောက်ပံ့ခဲ့သည်။

လူမှုဝန်ထမ်း၊ ကယ်ဆယ်ရေးနှင့် ပြန်လည်နေရာချထားရေးဝန်ကြီးဌာနအနေဖြင့် ကိုဗစ်-၁၉ ကူးစက်ရောဂါ ကာကွယ်၊ ထိန်းချုပ်၊ တုံ့ပြန်ရေးနှင့် ပတ်သက်၍ ထောက်ပံ့မှုလုပ်ငန်းများအပြင် အသိပညာပေးလုပ်ငန်းများ၊ အသိပေးနှိုးဆော်ခြင်းလုပ်ငန်းများနှင့် စိတ်ဓာတ်ရေးရာ မြှင့်တင်ပေးမှုဆိုင်ရာ လုပ်ငန်းများကို နေပြည်တော်ကောင်စီအပါအဝင် တိုင်းဒေသကြီး/ ပြည်နယ်အားလုံးတွင် စဉ်ဆက်မပြတ် ဆောင်ရွက်လျက်ရှိကြောင်း သိရသည်။

**သတင်းစဉ်**

## ကွန်ကရစ်ဇလီဖားစက်ရုံ (ခင်ဦး) မှ တစ်နှစ်လျှင် ဇလီဖားတုံး ၂၀၀၀၀၀ ထုတ်လုပ်လျက်ရှိ

**ခင်ဦး ဇွန် ၉**

စစ်ကိုင်းတိုင်းဒေသကြီး ခင်ဦးမြို့ မြကန်သာရပ်ရှိ မြန်မာ့မီးရထား ကြိုတင်အားဖြည့်ကွန်ကရစ်ဇလီဖားစက်ရုံ(ခင်ဦး)မှ တစ်နှစ်လျှင် ဇလီဖားတုံး ၂၀၀၀၀၀ ကို ထုတ်လုပ်လျက်ရှိကြောင်း သိရသည်။

ဇလီဖားစက်ရုံ(ခင်ဦး) ကို ၂၀၁၀ ပြည့်နှစ် နိုဝင်ဘာ ၂၇ ရက်က စတင်ဖွင့်လှစ်ခဲ့ပြီး ဒေသခံအလုပ်သမားများဖြင့် ဆောင်ရွက်နေသဖြင့် ဒေသခံပြည်သူများ အလုပ်အကိုင်အခွင့်အလမ်းများ ရရှိခဲ့သည်။ ယနေ့အချိန်တွင် JICA ချေးငွေဖြင့် ဆောင်ရွက်လျက်ရှိသည့် ရန်ကုန်-မန္တလေးရထားလမ်းပိုင်း အဆင့်မြှင့်တင်ရေးစီမံကိန်းအတွက် လိုအပ်သော ကြိုတင်အားဖြည့် ကွန်ကရစ်ဇလီဖားတုံးများကို ထုတ်လုပ်လျက်ရှိသည်။



ဇလီဖားစက်ရုံကို ကိုဗစ်-၁၉ ရောဂါဖြစ်ပွားမှုမှ ကြိုတင်ကာကွယ်နိုင်ရန်အတွက် ဧပြီ ၁ ရက်မှ မေ ၁၇ ရက်ထိ စက်ရုံကို ယာယီရပ်နားခဲ့ပြီး မေ ၁၈ ရက်တွင် ကျန်းမာရေးနှင့် အားကစားဝန်ကြီးဌာန၏ သတ်မှတ်ညွှန်ကြားချက်များနှင့်အညီ ခွင့်ပြုချက်အရ စက်ရုံကို ပြန်လည်ဖွင့်လှစ်ပြီး ကြိုတင်အားဖြည့် ကွန်ကရစ်ဇလီဖားတုံးများကို ထုတ်လုပ်လျက်ရှိကြောင်း အင်ဂျင်နီယာမှူး(မြို့ပြ) ဦးမျိုးထွေးဝင်းထံမှ သိရသည်။

**စိုးဝေအောင်(ခင်ဦး)**

## ယာဉ်အန္တရာယ်ကင်းရှင်းရေးနှင့် မော်တော်ယာဉ်စီမံခန့်ခွဲမှုဥပဒေသစ် ပညာပေး

**ရန်ကုန် ဇွန် ၉**

၂၀၂၀ ပြည့်နှစ် မေ ၂၆ ရက်က အတည်ပြုပြဋ္ဌာန်းခဲ့သည့် ယာဉ်အန္တရာယ်ကင်းရှင်းရေးနှင့် မော်တော်ယာဉ်စီမံခန့်ခွဲမှုဥပဒေသစ်ကို ယာဉ်အသုံးပြုသူများနှင့် အများပြည်သူများ သိရှိလိုက်နာနိုင်စေရေးအတွက် ယမန်နေ့နံနက်ပိုင်းက ဒလမြို့နယ် အဝေးပြေးကားဂိတ်၊ နာရီစင်နှင့် ဒလ-တွံတေးကားလမ်းမ မြို့အဝင်ဂိတ်တို့တွင် အမှတ်(၅၉)ယာဉ်ထိန်းရဲတပ်ဖွဲ့စုမှူးရုံးမှ ပညာပေးလုပ်ငန်းများဆောင်ရွက်ခဲ့သည်။

ထိုသို့ဆောင်ရွက်ရာတွင် အမှတ်(၅၉) ယာဉ်ထိန်းရဲတပ်ဖွဲ့စုမှူးရုံးမှ ဒုရဲမှူးမြင့်အောင်နှင့် တပ်ဖွဲ့ဝင်များသည် ယာဉ်အသုံးပြုသူများနှင့် ပြည်သူများ ယာဉ်အန္တရာယ်ကင်းရှင်းရေးနှင့် မော်တော်ယာဉ်စီမံခန့်ခွဲမှုဥပဒေတားမြစ်ချက်နှင့် ပြစ်ဒဏ်များပါဝင်သော အသိပညာပေးလက်ကမ်းစာစောင်များ ဖြန့်ဝေခဲ့ပြီး ပညာပေးပြောကြားခဲ့ကြသည်။

အဆိုပါဥပဒေသစ်တွင် အနိမ့်ဆုံးဒဏ်ငွေကျပ် ၃၀၀၀၀ မှ အမြင့်ဆုံးဒဏ်ငွေကျပ် ၁၅ သိန်းထိနှင့် အနိမ့်ဆုံးထောင်ဒဏ်တစ်လမှ အမြင့်ဆုံးထောင်ဒဏ်သုံးနှစ်အထိ ချမှတ်ပြဋ္ဌာန်းထားကြောင်း သိရသည်။

ရန်ကုန်မြို့တော်စည်ပင်သာယာနယ်နိမိတ်အတွင်း ပါဝင်သည့် ဒလမြို့နယ်၌ ၂၀၂၀ ပြည့်နှစ် ဇန်နဝါရီလမှစတင်ပြီး မတ်လအထိ စည်းကမ်းပျက်သည့်မော်တော်ယာဉ်နှင့် ဆိုင်ကယ်အမှုပေါင်း၂၄၃ မှုတို့ကို ၂၀၁၅ မော်တော်ယာဉ်အက်ဥပဒေဖြင့် ဖမ်းဆီးအရေးယူ ဆောင်ရွက်ခဲ့ကြောင်း၊ ကိုဗစ်-၁၉ ရောဂါထိန်းချုပ်ရေးကာလအတွင်း ဖမ်းဆီးအရေးယူမှုမပြုလုပ်ခဲ့ကြောင်း၊ မြို့နယ်အတွင်း၌ ဇွန် ၁၀ ရက်မှစတင်၍ အသစ်ပြဋ္ဌာန်းထားသည့် ယာဉ်အန္တရာယ်ကင်းရှင်းရေးနှင့် မော်တော်ယာဉ်စီမံခန့်ခွဲမှုဥပဒေသစ်နှင့်အညီ စည်းကမ်းမလိုက်နာသူများအား ဖမ်းဆီးအရေးယူဆောင်ရွက်သွားမည်ဖြစ်ကြောင်း အမှတ်(၅၉) ယာဉ်ထိန်းရဲတပ်ဖွဲ့စုမှူးရုံးမှ ဒုတိယရဲမှူးမြင့်အောင်ထံမှ သိရသည်။

**နိုင်လင်းကျော် (ဒလ)**

## ဆည်ရေစနစ်တကျသုံးစွဲနိုင်ရေး တောင်သူများပါဝင်သည့် ရေအသုံးချသူများဖွဲ့စည်း

**ရေတာရှည် ဇွန် ၉**

ကျေးလက်တောင်သူများ၏ဘဝ ဖွံ့ဖြိုးတိုးတက်စေရေးနှင့် စိုက်ပျိုးရေးကဏ္ဍတွင် ဆည်ရေကို စနစ်ကျစွာသုံးစွဲနိုင်ရေးအတွက် တောင်သူများပါဝင်သည့် ရေအသုံးချသူများအဖွဲ့ ဖွဲ့စည်းခြင်းကို ဇွန် ၇ ရက် နံနက်ပိုင်းက ပဲခူးတိုင်းဒေသကြီး ရေတာရှည်မြို့နယ် သိုင်းဝကျေးရွာအုပ်စု ကျွန်းပင်ဆိပ်ကျေးရွာအနီး ဆွာချောင်းရေလှောင်တမံရှင်းလင်းဆောင်တွင် ကျင်းပခဲ့သည်။

ဆည်မြောင်းနှင့် ရေအသုံးချမှုစီမံခန့်ခွဲရေးဦးစီးဌာန တည်ဆောက်ရေး(၆)မှ လက်ထောက်ညွှန်ကြားရေးမှူးဦးတိုးလင်း၊ ဦးစီးအရာရှိများဖြစ်ကြသည့် ဦးတင်ဝင်းလှိုင်နှင့် ဦးကျော်မျိုးသွင်တို့က ဆွာချောင်းရေလှောင်တမံ ဆည်ရေသောက်စနစ်ရှိ တူးမြောင်းမကြီး၊ လက်တံမြောင်း အမှတ်(၁)ရှိ တိုက်ရိုက်ရေပေးမြောင်းများတွင် ဆည်ရေကိုစနစ်တကျအသုံးပြုနိုင်ရေး၊ ပူးပေါင်းပါဝင်သည့်ဆည်မြောင်းစနစ်အကောင်အထည်ဖော်ဆောင်ရွက်နိုင်ရေးအတွက် သိုင်းဝကျေးရွာအုပ်စုအတွင်းရှိဒေသခံတောင်သူများနှင့်တွေ့ဆုံ၍ ဆည်ရေအသုံးချသူများအဖွဲ့ ဖွဲ့စည်းခဲ့ခြင်းဖြစ်သည်။

လက်ထောက်ညွှန်ကြားရေးမှူးက ရေအသုံးပြုသူများအဖွဲ့ ဖွဲ့စည်းရခြင်း၏ ရည်ရွယ်ချက်၊ လိုက်နာဆောင်ရွက်ရမည့် လုပ်ငန်းတာဝန်များ၊ ပူးပေါင်းပါဝင်သည့် ဆည်မြောင်းစနစ်ဖြင့် ရရှိနိုင်မည့် အကျိုးကျေးဇူးများနှင့် ဆည်မြောင်းဥပဒေ၊ နည်းဥပဒေများကို ရှင်းလင်းပြောကြားခဲ့သည်။ **ကိုလွင်(ဆွာ)**

## ပြင်ဆင်ဖတ်ရှုပါရန်

ဇွန် ၇ ရက်နေ့ထုတ် ကြေးမုံသတင်းစာ စာမျက်နှာ ၂၃ တွင် ဖော်ပြပါရှိသည့် ခရမ်းစိုးမြင့်၏ လဟာရက် - ကဒတ်ဖြာ - ခရမ်းရေထိန်းတံခါးလမ်း ကွန်ကရစ်ခင်းသတင်း၏ ဒုတိယစာပိုဒ်အား **"အဆိုပါ ကျေးလက်လမ်းသည် ၂၀၀၄ ခုနှစ်တွင် သန်လျင်မြို့နယ်စည်ပင်သာယာရေးအဖွဲ့က မြေသားလမ်းဖောက်လုပ်ခဲ့ခြင်းဖြစ်ပြီး ကျေးရွာမှ အလှူရှင်တစ်ဦးက မြေသားလမ်းပေါ်တွင် ဂဝံထပ်ခင်းခြင်း ဆောင်ရွက်ခဲ့သည်။"** ဟု ပြင်ဆင်ဖတ်ရှုပါရန်။

စာတည်း

## အောင်မြေသာစံမြို့နယ်၌ ဗို့အားပြည့်ဝစွာအသုံးပြုနိုင်ရေး ထရန်စဖော်မာ တိုးချဲ့တပ်ဆင်



**မန္တလေး ဇွန် ၉**

မန္တလေးလျှပ်စစ်ဓာတ်အားပေးရေးကော်ပိုရေးရှင်းက မန္တလေးခရိုင်အတွင်း ပြည်သူများ လျှပ်စစ်ဓာတ်အားပြည့်ဝစွာ သုံးစွဲနိုင်ရေးနှင့် လျှပ်စစ်ဓာတ်အား ပြတ်တောက်မှုလျော့နည်းစေရေးအတွက် မန္တလေးခရိုင် လျှပ်စစ်မန်နေဂျာရုံးက ကြီးကြပ်၍ အောင်မြေသာစံမြို့နယ် အိုးဘိုဓာတ်အားခွဲရုံတွင် ၁၀ အမ်ဗွီအေ ထရန်စဖော်မာအား ၂၀ အမ်ဗွီအေ ထရန်စဖော်မာဖြင့် အစားထိုးလဲလှယ်ခြင်းလုပ်ငန်းများကို အောင်မြေသာစံမြို့နယ် လျှပ်စစ်အင်ဂျင်နီယာနှင့် အဖွဲ့က ယနေ့ နံနက် ၈ နာရီက ဆောင်ရွက်လျက်ရှိပြီး အောင်မြေသာစံမြို့နယ်မှ ရပ်ကွက်အချို့ ဓာတ်အားပြတ်တောက်လျက်ရှိပြီး အချိန်စော၍ ဓာတ်အားပြန်ပေးနိုင်ရန် ဆောင်ရွက်လျက်ရှိသည်။

**မောင်ပြည်သူ(မန္တလေး)**

## အပိုဝင်ငွေရရှိစေရန် ကောက်ရိုးမှို စိုက်ပျိုးနည်းပြသ

**ကျိုက်ဒုံ ဇွန် ၉**

ကရင်ပြည်နယ် ကျိုက်ဒုံမြို့တွင် ယမန်နေ့ နံနက်ပိုင်းက ကျိုက်ဒုံမြို့ စိုက်ပျိုးရေးဦးစီးဌာနမှ လက်ထောက်ဦးစီးမှူး ဦးခင်ဇော်က ဝက်ဒုံကျေးရွာရှိ တောင်သူများအား ကောက်ရိုးမှို စိုက်ပျိုးနည်းများ ပြသခဲ့သည်။

**အပိုဝင်ငွေများရရှိစေရေး**

ထိုသို့ စိုက်ပျိုးနည်းစနစ်ပြသခြင်းသည် တောင်သူများအနေဖြင့် မိမိတို့၏ နေအိမ်ခြံဝင်းများတွင် မိသားစုအပိုဝင်ငွေများ ရရှိစေရေးအတွက် ဆောင်ရွက်ပေးခြင်းဖြစ်ကြောင်း သိရသည်။

**သန်းထွန်းနိုင်(ကျိုက်ဒုံ)**

## ကိုဗစ်-၁၉ ရောဂါကာကွယ်ရေး ငါးရိက္ခာများစားသုံးပေး အသိပညာပေးဆိုင်းဘုတ်များစိုက်ထူ

**မန္တလေး ဇွန် ၉**

မန္တလေးခရိုင် ခုနစ်မြို့နယ်အတွင်း လူစည်ကားရာနေရာများတွင် ကိုဗစ်-၁၉ ရောဂါကာကွယ်ရေး ငါးရိက္ခာများစားသုံးပေး အသိပညာပေးဆိုင်းဘုတ်များ စိုက်ထူသွားမည်ဖြစ်ကြောင်း မန္တလေးခရိုင် ငါးလုပ်ငန်းဦးစီးဌာနမှူး ဒုတိယညွှန်ကြားရေးမှူး ဦးသော်ထွန်းဦးက ပြောကြားသည်။

အဆိုပါ အသိပညာပေးဆိုင်းဘုတ်များ ပိုစတာများ၊ လက်ကမ်းစာစောင်များ၊ စိုက်ထူဖြန့်ဝေခြင်းများကို ဇွန် ၇ ရက်က အမရပူရမြို့နယ် ပတ္တမြားကွက်သစ်ရပ်ကွက်တွင် စတင်ပြုလုပ်ခဲ့ပြီး မန္တလေးခရိုင် မြို့နယ်ခုနစ်မြို့နယ်၌ ကျယ်ကျယ်ပြန့်ပြန့်ဆောင်ရွက်သွားမည်ဖြစ်သည်။

နိုင်ငံတော်၏ အတိုင်ပင်ခံပုဂ္ဂိုလ် ဒေါ်အောင်ဆန်းစုကြည်က မေ ၈ ရက်တွင်ပြုလုပ်ခဲ့သည့် ကိုဗစ်-၁၉ ရောဂါကာကွယ်၊ ထိန်းချုပ်၊ ကုသရေး အမျိုးသားအဆင့် ဗဟိုကော်မတီ ညှိနှိုင်းအစည်းအဝေး၌ "ကိုဗစ်-၁၉ ရောဂါ ကာကွယ် ထိန်းချုပ်ရေးကာလမှာ ငါးစားသုံးခြင်းက ကျန်းမာရေးအတွက် ကိုယ်ခံအားကို အထူးကောင်းမွန်စေကြောင်း လမ်းညွှန်ချက်အရ ငါးစားသုံးမှုကြောင့် ရရှိလာမယ့် အကျိုးကျေးဇူးတွေကို ပြည်သူတွေ ကျယ်ကျယ်ပြန့်ပြန့် သိရှိစေဖို့ အခုလိုအစီအစဉ်တွေနဲ့ ဆောင်ရွက်သွားမှာ ဖြစ်ပါတယ်"ဟု ပြောကြားသည်။



မန္တလေးခရိုင် ငါးလုပ်ငန်းဦးစီးဌာနအနေဖြင့် ငါးသယံဇာတတိုးပွားစေရေး၊ အင်းအိုင်များ တိမ်ကောပျောက်ကွယ်မှုမရှိစေရေး၊ ငါးသယံဇာတမျိုးတုံးမှုမရှိစေရေး တိုင်းဒေသကြီးဦးစီးဌာနမှ ရသင့်ရထိုက်သော အခွန်အခများရရှိစေရေး၊ ရေလုပ်သားများ ဘဝမြင့်မားစေရေးနှင့် ဆင်းရဲနွမ်းပါးမှု လျှော့ချရေးတို့ကို ဆောင်ရွက်လျက်ရှိကြောင်း သိရသည်။ **မင်းထက်အောင် (မန်းကိုယ်ပွား)**



## ကိုဗစ်-၁၉ ကာလအတွင်း မြန်မာနိုင်ငံမီးသတ်တပ်ဖွဲ့သို့ ဆီလှူဒါန်း

**ရန်ကုန် ဇွန် ၉**

ကိုဗစ်-၁၉ ကမ္ဘာ့ကပ်ရောဂါ ကာကွယ်ထိန်းချုပ်မှုဆောင်ရွက်နေစဉ်အတွင်း မြန်မာနိုင်ငံဆီကုန်သည်နှင့် ဆီလုပ်ငန်းရှင်များအသင်းက ယမန်နေ့နံနက်ပိုင်းက မြန်မာနိုင်ငံမီးသတ်တပ်ဖွဲ့ဌာနချုပ် ရန်ကုန်တိုင်းဒေသကြီးရှိ မြို့နယ်မီးသတ်စခန်းများ၊ ရန်ကုန်-နေပြည်တော် အမြန်လမ်းမီးသတ်တပ်ဖွဲ့ဝင်များအတွက် ပွတ်ဒီ(ဟင်းရွက်ဆီ) ၂၁၀၃ ဘူး၊ ဆူနာ(နေကြာဆီ) ၆၄ ဘူးတို့ကို မရမ်းကုန်းမြို့နယ် အုတ်ပုံဆိပ်လမ်းရှိ မြန်မာနိုင်ငံမီးသတ်တပ်ဖွဲ့ဌာနချုပ်သို့ သွားရောက်လှူဒါန်းခဲ့ကြောင်း သိရသည်။

မြန်မာနိုင်ငံဆီကုန်သည်နှင့် ဆီလုပ်ငန်းရှင်များအသင်း ဒုတိယဥက္ကဋ္ဌ ဦးအောင်မြင့်ဦးနှင့် အသင်းဗဟိုအလုပ်အမှုဆောင်များက မီးသတ်ဦးစီးဌာန ညွှန်ကြားရေးမှူးချုပ် ဦးမြတ်သူထံ ပေးအပ်လှူဒါန်းခဲ့သည်။ **မြင့်မောင်**

## ကနဦးပတ်ဝန်းကျင်ထိခိုက်မှုဆန်းစစ်ခြင်း(IEE)အစီရင်ခံစာအား အကြံပြုနိုင်ရန်ဖိတ်ခေါ်ခြင်း

အရှေ့တောင်အာရှဒေသ သဘာဝဘေးအန္တရာယ်ကြောင့် ဆုံးရှုံးနိုင်ခြေစီမံခန့်ခွဲခြင်း စီမံကိန်း (SEADRM Project)၊ အပိုင်း(၂)ဖြစ်သော မြို့ပြရေကြီးရေလျှံမှုအန္တရာယ်များအား စီမံခန့်ခွဲခြင်းစီမံကိန်း၏ IEE အစီရင်ခံစာအား အများပြည်သူအနေဖြင့် ကျောက်တံတား၊ ပန်းဘဲတန်း၊ လသာ၊ လမ်းမတော်၊ ဗိုလ်တထောင်မြို့နယ် အထွေထွေအုပ်ချုပ်ရေးဦးစီးဌာနများ၏ ကြော်ငြာသင်ပုန်းနှင့် ycdc.gov.mm ဝက်ဘ်ဆိုက်တို့တွင် လေ့လာဖတ်ရှုနိုင်ပြီး ယခုကြေညာပြီး (၁)လအတွင်း အစီရင်ခံစာအပေါ် သုံးသပ်အကြံပြုချက်များကို အီးမေးလ်လိပ်စာ dwmaproject@gmail.com မှတစ်ဆင့် ဆက်သွယ်ရေးသားပေးပို့နိုင်ပါသည်။

**ရေစီးရေလာနှင့်ရေဆိုးစီမံခန့်ခွဲမှုလုပ်ငန်းတာဝန်ခံအဖွဲ့**
**ရန်ကုန်မြို့တော်စည်ပင်သာယာရေးကော်မတီ**

---

## ရန်ကုန်တိုင်းဒေသကြီး၊ မှော်ဘီမြို့နယ်၊ အမှတ်(၆)ရပ်ကွက် မြောင်းတကာကျေးရွာ၊ ကျွဲကူးကွက်သစ်လမ်း၊ အမှတ်(၆၅၇)၊ ကွင်းအမည်-အင်းတလုံး၊ ဦးပိုင်အမှတ်-(၅၆/ ဃ/၅ )မြေရီယာ အကျယ်အဝန်း (အလျား ၆၀ပေxအနံ ၁၀၀ပေ)ရှိ မြေကွက်နှင့် ယင်းမြေကွက်ပေါ်ရှိ ရေမီး၊ ရေမော်တာ၊ အုတ်နံရံ၊ အုတ်ရေမြောင်း၊ သီးစားပင်အပါအဝင် အကျိုးခံစားခွင့်အရပ်ရပ်နှင့်ပတ်သက်၍ ကန့်ကွက်နိုင်ကြောင်း အများသိစေရန် ကြေညာခြင်း

အထက်ဖော်ပြပါ မြေကွက်နှင့်ပတ်သက်၍ ဥပဒေနှင့်အညီ တရားဝင်လက်ဝယ်ထားရှိ ပိုင်ဆိုင်လွှဲပြောင်းရောင်းချပိုင်ခွင့်ရှိသူ ဦးသန်းနု[၁၂/ ပဘတ(နိုင်)၀၀၀၀၈၇] ကိုင်ဆောင်သူထံမှ ကျွန်ုပ်၏မိတ်ဆွေ ဒေါ်ရာဇီယာ(ခ) ဒေါ်ရီရီဝင်း[၁၂/ပဘတ(နိုင်)၀၃၀၆၄၆]က ဝယ်ယူမည်ဖြစ်သောကြောင့် စရန်ငွေတစ်စိတ်တစ်ဒေသကို ပေးချေပြီးဖြစ်ပါသည်။ အဆိုပါအရောင်းအဝယ်နှင့်ပတ်သက်၍ ကန့်ကွက်လိုသူများရှိပါက တရားဝင်စာရွက်စာတမ်းအထောက်အထားမူရင်းများနှင့်တကွ ကျွန်ုပ်တို့ထံသို့ ယနေ့မှ (၇)ရက်အတွင်း လာရောက်ကန့်ကွက်နိုင်ပါသည်။ သတ်မှတ်ရက်ကျော်လွန်ပါက အရောင်းအဝယ်ကို ဥပဒေနှင့်အညီ ပြီးမြောက်အောင် ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း ကြေညာအပ်ပါသည်။ **လွှဲအပ်ညွှန်ကြားချက်အရ-**

**ဦးရန်နိုင်(စဉ်-၄၆၁၆)**
**LL.B, DBL,DIPL,DL-101(WIPO)**
**အထက်တန်းရှေ့နေ**
**Pioneer Law Firm**
**အခန်း-၄၀၁၊ တိုက်ခန်း-၅၊ ၁၅၄လမ်း၊ တာမွေမြို့နယ်၊ ရန်ကုန်မြို့။**
**ဖုန်း-၀၉-၄၂၁၁၁၅၂၈၃၊ ၀၉-၉၇၂၈၀၈၀၀၁၅**

---

## ဖခင်အမည်မှန်

ထားဝယ်ခရိုင်၊ ရေဖြူမြို့နယ်၊ နဘုလည်ဒေသ၊ ပရဒတ်ကျေးရွာနေ မောင်သန့်ဇင်အောင်၏ ဖခင် ဦးသန်းဝင်း၏ အမည်မှန်မှာ ဦးသီးရွှေ[၆/ ရဖန(နိုင်)၀၁၄၆၅၂] ဖြစ်ပါသည်။

**ဦးသီးရွှေ**

---

## ကန့်ကွက်ရန်ကြော်ငြာ

ရန်ကုန်မြို့၊ လှိုင်မြို့နယ်၊ မြကန်သာအိမ်ရာရှိ တိုက်အမှတ်(၈)၊ အခန်းအမှတ်(၀၀၂)ကို ပိုင်ဆိုင်သူ ဦးမောင်မောင် (HLG-028699) ထံမှ ဦးညီညီ [၁၂/လမန(နိုင်) ၁၀၀၆၈၀]၊ ဦးညီညီထံမှ ဒေါ်သင်းသင်းအေး [၁/မကန(နိုင်)၀၉၁၆၀၆]က အရောင်းအဝယ် စာချုပ်စာတမ်း အဆင့်ဆင့်ဖြင့် ဝယ်ယူထားပြီးဖြစ်သဖြင့် ဒေါ်သင်းသင်းအေးက ပိုင်ရှင်အမည်ပြောင်းလဲ၍ ပိုင်ဆိုင်မှု ထုတ်ပေးပါရန် လျှောက်ထားလာပါသည်။ ခွင့်ပြုရန်မသင့်ကြောင်း ကန့်ကွက်လိုပါက ကြော်ငြာပါသည့်နေ့မှ (၁၄)ရက်အတွင်း စာရွက်စာတမ်းအထောက်အထားများဖြင့် တင်ပြကန့်ကွက်နိုင်ပါသည်။

**အိမ်ရာဖွံ့ဖြိုးရေးဌာနခွဲ**
**မြို့ပြနှင့်အိမ်ရာဖွံ့ဖြိုးရေးဦးစီးဌာန**

---

## ကန်ထရိုက်တာ ဦးမျိုးသက် [၁၂/သကတ(နိုင်)၁၄၅၅၆၈]၊ အမှတ်(၃၅)၊ မာန်ပြေ(၆)လမ်းအရှေ့၊ (၃)ရပ်ကွက်၊ သာကေတမြို့နယ်၊ ရန်ကုန်မြို့နေသူနှင့် အများသိစေရန်ကြေညာခြင်း

ရန်ကုန်မြို့၊ သာကေတမြို့နယ်၊ (၃)ရပ်ကွက်၊ မာန်ပြေ(၇)လမ်း၊ တိုက်အမှတ်(၂၅)၊ မြေညီထပ်နေ ဒေါ်ခင်မာကြည်[၁၃/တကန(နိုင်)၀၅၄၄၃၈]၏ လွှဲအပ်ညွှန်ကြားချက်အရ အောက်ဖော်ပြပါအတိုင်း ကြေညာအပ်ပါသည်။

အထက်ပါကျွန်ုပ်၏အမှုသည်ဖြစ်သူ **ဒေါ်ခင်မာကြည်**နှင့် ကန်ထရိုက်တာ **ဦးမျိုးသက်**တို့သည် ရန်ကုန်မြို့၊ သာကေတမြို့နယ်၊ မြေတိုင်းရပ်ကွက်-၃/မာန်ပြေ၊ လူနေရပ်ကွက်အမှတ်-၃/မာန်ပြေ၊ မြေကွက် အမှတ်(၂၈၉/က-ခ)၊ မြေကွက်လိပ်စာအမှတ်၊ မာန်ပြေ(၇)လမ်း၊ (၃)ရပ်ကွက်ဟုခေါ်တွင်သော၊ နှစ်(၆၀) မြေငှားဂရန်တွင် ဒေါ်စန်းမြင့်အမည်ပေါက် အကျယ်အဝန်းပေ(၁၅x၆၀)ရှိ မြေရှင် **ဒေါ်ခင်မာကြည်** ပိုင်ဆိုင်သော မြေကွက်ပေါ်တွင် ကန်ထရိုက်တိုက်ဆောက်လုပ်ရန် နှစ်ဦးသဘောတူ RC (၁)ခန်းတွဲ (၃) ထပ် တိုက်ဆောက်လုပ်ခြင်း သဘောတူကတိစာချုပ်ကို ၂၅-၃-၂၀၁၈ရက်က ချုပ်ဆိုခဲ့ကြကြောင်း သိရှိရပါသည်။

အဆိုပါ နှစ်ဦးသဘောတူ RC(၁)ခန်းတွဲ (၃)ထပ်တိုက်ဆောက်လုပ်ခြင်း သဘောတူကတိစာချုပ် (ထပ်တိုးပြင်ဆင်ချက်စာပိုဒ်-၁)တွင် "အခန်းပေးအခန်းယူစနစ်ဖြင့် တိုက်တည်ဆောက်ခြင်းအား ၃၁-၃-၂၀၁၉ရက်တွင် အပြီးတည်ဆောက်ပြီး၊ ၁-၄-၂၀၁၉ရက်တွင် အခန်းရှင်အား အပ်ရမည်ဖြစ်ကြောင်းနှင့် နှစ်ဦးသဘောတူ RC(၁)ခန်းတွဲ (၃)ထပ် တိုက်ဆောက်လုပ်ခြင်း သဘောတူကတိစာချုပ် စာပိုဒ်-၅ တွင် ကန်ထရိုက်တာသည် စာချုပ်ပါစည်းကမ်းချက်များအတိုင်း အဆောက်အအုံအား ဆောက်လုပ်ပေးမည်ဖြစ်ပြီး၊ ဆောက်လုပ်ခြင်းမရှိပါက ကန်ထရိုက်တာမှ မြေရှင်နေထိုင်ရန်နေအိမ်ကို ယခင်မူလပုံစံအတိုင်း ပြန်လည်ဆောက်လုပ်ပေးမည်ဖြစ်ကြောင်းနှင့် မြေရှင်သို့ပေးအပ်ထားသော အိမ်ငှားရမ်းခစရိတ်အပါအဝင် ကုန်ကျစရိတ်အရပ်ရပ်အား ဆုံးရှုံးခံမည်ဖြစ်ကြောင်း သဘောတူညီပါသည်ဟု သဘောတူကတိပြုထားသည့်အပြင်၊ (ထပ်တိုးပြင်ဆင်ချက် စာပိုဒ်-၂)တွင် သတ်မှတ်ကာလအတွင်း မပြီးစီးပါက တိုက်ခန်းတည်ဆောက်သူဘက်မှ တစ်လလျှင် ကျပ်သိန်းခွဲ (၁၅၀၀၀၀)တည်ဆောက်ခြင်းကာလ မပြီးမချင်းပေးပါမည်ဟု သဘောတူကတိပြုထားခဲ့ကြောင်း သိရှိရပါသည်။

ထို့နောက် ၁၅-၂-၂၀၁၉ရက်တွင်မှ အဆိုပါ မြေနေရာတွင် **ကန်ထရိုက်တာ ဦးမျိုးသက်**မှ Foundation ချခြင်းလုပ်ငန်းကို စတင်ဆောင်ရွက်ခဲ့ပြီး၊ ၆-၁၁-၂၀၁၉ရက်တွင် Foundation ချခြင်းလုပ်ငန်းပြီးစီးချိန်မှစ၍ ယခုချိန်အထိ **ကန်ထရိုက်တာ ဦးမျိုးသက်**မှာ လာရောက်ခြင်းမရှိတော့ဘဲ၊ နှစ်ဦးသဘောတူ RC(၁)ခန်းတွဲ (၃)ထပ်တိုက်ဆောက်လုပ်ခြင်း သဘောတူကတိစာချုပ်ပါအတိုင်း ကန်ထရိုက်တိုက်ဆောက်လုပ်ခြင်းလုပ်ငန်းကိုလည်း လုံးဝလာရောက်ဆောင်ရွက်ခြင်း မရှိတော့ကြောင်းသိရှိရပါသည်။

ထိုသို့ နှစ်ဦးသဘောတူ RC(၁)ခန်းတွဲ (၃)ထပ်တိုက်ဆောက်လုပ်ခြင်း သဘောတူကတိစာချုပ်အား **ကန်ထရိုက်တာ ဦးမျိုးသက်**ဘက်မှ ကန်ထရိုက်တိုက်ဆောက်လုပ်ခြင်းလုပ်ငန်းကိုလည်း လုံးဝလာရောက်ဆောင်ရွက်ခြင်းမရှိတော့ဘဲ ဖောက်ဖျက်မှုကြောင့် အဆိုပါနှစ်ဦးသဘောတူ RC(၁)ခန်းတွဲ (၃)ထပ်တိုက်ဆောက်လုပ်ခြင်း သဘောတူကတိစာချုပ်မှာ ယခုကြော်ငြာပါရှိသည့်နေ့မှစ၍ ပျက်ပြယ်သွားပြီဖြစ်ပါသည်။

သို့ဖြစ်ပါ၍ အဆိုပါကန်ထရိုက်တိုက်တွင် အခန်းများ ကြိုတင်ဝယ်ယူထားသူများရှိပါက **ကန်ထရိုက်တာ ဦးမျိုးသက်**နှင့်သာ ဖြေရှင်းဆောင်ရွက်ကြရန်ဖြစ်ပါကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။ **ဒေါ်ခင်မာကြည်[၁၃/တကန(နိုင်)၀၅၄၄၃၈]၏ လွှဲအပ်ညွှန်ကြားချက်အရ-**

**ဦးမျိုးရန်အောင် (LL.B)**
**အထက်တန်းရှေ့နေ(စဉ်-၄၆၉၉၉)**
**အမှတ်(၇၇)၊ ဒုတိယထပ်၊ ဌာနာလမ်း၊အလုံမြို့နယ်၊ ရန်ကုန်မြို့။ ဖုန်း-၀၉-၉၆၆၆၆၃၇၆၇**

---

## ပဌမအကြိမ်မြောက် ဆွမ်းလောင်းလှူခြင်းနှင့် ပစ္စည်းလေးပါး အထောက်အပံ့အလှူအား သာဓုအနုမောဒနာ ခေါ်ဆိုနိုင်ပါရန်

ရန်ကုန်တိုင်းဒေသကြီး၊ မြောက်ဥက္ကလာပမြို့နယ်နေ ဖခင်ကြီး သီရိသုဓမ္မ မဏိဇောတဓရ မုံရွာဆရာမိုး၏ (၇၇)နှစ်မြောက် မွေးနေ့အထိမ်းအမှတ်အလှူအဖြစ် ရန်ကုန်တိုင်းဒေသကြီး၊ မှော်ဘီမြို့နယ်၊ မဟာဝိဟာရကျောင်းတိုက်အတွင်းရှိ စာသင်စာချ သံဃာတော်အရှင်သူမြတ်အပါး(၁၀၀၀)ကျော်တို့အား ပဌမအကြိမ်မြောက် ဆွမ်းလောင်းလှူခြင်းနှင့် သံဃာတော်အပါး(၁၀၀၀)ကျော်တို့အတွက် ပစ္စည်းလေးပါး အထောက်အပံ့အလှူအဖြစ် ဒုတိယအကြိမ်မြောက် အလှူငွေ ကျပ်သိန်း(၁၀၀)အား လှူဒါန်းပြီး ရေစက်သွန်းချ အမျှအတန်းပေးဝေခဲ့သည့် ကောင်းမှုကုသိုလ်များအား ရဟန်းရှင်လူ ပြည်သူအများ သာဓုခေါ်ဆိုနိုင်ပါရန် ကုသိုလ်အမျှ ပေးဝေအပ်ပါသည်။

**သီရိသုဓမ္မ မဏိဇောတဓရ မုံရွာ ဆရာမိုး**
**သား - ဗိုလ်မှူးကျော်ကိုကိုရှိန်း + သမီး ဒေါ်မိုးပြည့်ပြည့်ဖြိုး**
**မြေး - မောင်ကျော်ကိုကိုဆက်နိုင်၊ မောင်သုဝေယံရှိန်းနှင့် မောင်မိုးပြည့်စုံဟိန်း**
**(မုံရွာဆရာမိုး တိုင်းရင်းဆေးဝါးထုတ်လုပ်ရေးနှင့် KS DIAMOND - Diamonds & Jewellery) မိသားစုများ**

---

## ကန့်ကွက်နိုင်ကြောင်းအများသိစေရန် ကြေညာခြင်း

ရန်ကုန်မြို့၊ ဒဂုံမြို့သစ်(တောင်ပိုင်း)မြို့နယ်၊ အမှတ်(၁၁၁၂)၊ ကျွန်းရွှေမြိုင်(၆)လမ်း၊ ၁၈/ D ရပ်ကွက်ရှိ အကျယ်အဝန်း ပေ (၂၀x၆၀) ရှိ အိမ်ခြံမြေ အား မသီသီထွန်း[၁၂/ဥကမ(နိုင်)၂၀၉၃၁၇]ထံမှ မဖြူဇင်ဦး[၁၂/ မဂတ(နိုင်) ၀၉၅၃၆၉]က ဝယ်ယူရန်အတွက် စရန်ငွေတစ်စိတ်တစ်ဒေသကို ပေးချေ ပြီးဖြစ်ပါသည်။ အထက်ပါ မြေကွက်နှင့်ပတ်သက်၍ ကန့်ကွက်လိုသူများရှိပါက ခိုင်လုံသော အထောက်အထားမူရင်းစာရွက်စာတမ်းများနှင့်တကွ ကျွန်ုပ်ထံသို့ ဤကြော်ငြာပါသည့်ရက်မှစ၍ (၁၄)ရက်အတွင်း လာရောက်ကန့်ကွက်နိုင်ပါသည်။ ကန့်ကွက်မှုမရှိပါက ဥပဒေနှင့်အညီ ဆက်လက်အရောင်းအဝယ် ပြုလုပ်သွားမည်ဖြစ်ပါကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

**မဖြူဇင်ဦး[၁၂/မဂတ(နိုင်)၀၉၅၃၆၉]**
**ဖုန်း-၀၉-၂၅၀၆၆၆၀၁၁၊ ၀၉-၄၂၅၃၁၁၂၄၀**

---

## ပျောက်ဆုံးကြောင်း

တိုက်ကြီးမြို့နယ်၊ ရှမ်းစုရပ်ကွက်၊ အမှတ်(၂၇၄)နေ ကိုရဲဇော်ကို [၁၂/တကန (နိုင်) ၂၂၅၉၇၆]၏ သဘောသားရုံးချုပ် (ရန်ကုန်)မှ ထုတ်ပေးသော Certificate No.GSP 109583 (မူရင်း)မှာ ၂၀-၅-၂၀၂၀ ရက်တွင် ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိပါက အကြောင်းကြားပေးပါရန်။

**ဖုန်း- ၀၉ ၂၆၀ ၂၇၁၉၄၁**

---

## ဖခင်အမည်မှန်

ပဲခူးတိုင်းဒေသကြီး၊ ကျောက်ကြီးမြို့နယ်၊ ကျွဲတလင်းကျေးရွာအုပ်စု မေတာကုန်းကျေးရွာ အထက(ခွဲ) ကျွဲတလင်းကျောင်း နဝမတန်းမှ နေဘ်နှင်းသဇင်ဦး၏ဖခင်အမည် မှန်မှာ စောဒါးမူး [၇/ကကန (နိုင်) ၀၅၄၉၁၃] ဖြစ်ပါကြောင်း။ **စောဒါးမူး**

---

## ကန့်ကွက်နိုင်ပါကြောင်း

ရန်ကုန်မြို့၊ ရွှေပြည်သာမြို့နယ်၊ မြေတိုင်းရပ်ကွက်အမှတ်-၁၁၊ မြေကွက်အမှတ်-၅၄၊ အကျယ်(၆၀X၆၀)၊ မြေအမျိုးအစား-ပါမစ်မြေပေါ်ရှိ အမှတ်(၅၄)၊ နှင်းဆီလမ်း၊ ၄/၁၁-ရပ်ကွက်၊ ရွှေပြည်သာမြို့နယ်၊ ရန်ကုန်မြို့ဟုခေါ်တွင်သော မြေကွက်အကျိုးခံစားခွင့် အရပ်ရပ်တို့အား မြို့မြေစာရင်းတွင် Dr.ရီရီမြင့် (AE-၂၁၆၁၃၃) [၉/ ပမန(နိုင်)၀၈၃၈၅၅] အမည်ဖြင့် ချထားပေးခြင်းခံရပြီး ၎င်းထံမှ(၁၅-၁၂-၁၉၉၉)ရက်စွဲပါ မြေကွက် အပြီးအပိုင်အရောင်းအဝယ်သဘောတူကတိစာချုပ်အရ လက်ဝယ်ထားရှိ ပိုင်ဆိုင်သူ ဒေါ်ရင်ရင်ပြုံး[၇/တငန(နိုင်)၀၀၄၃၂၈]မှ မိမိတစ်ဦးတည်းပိုင်ဆိုင်၍ လွှဲပြောင်းရောင်းချပိုင်ခွင့်ရှိကြောင်း ဝန်ခံပြောဆိုသဖြင့် ကျွန်ုပ်တို့မိတ်ဆွေက ဝယ်ယူရန် စရန်ငွေ တစ်စိတ်တစ်ဒေသပေးချေထားပြီးဖြစ်ပါ၍ အကျိုးသက်ဆိုင်ခွင့်ရှိသူ မည်သူမဆိုခိုင်လုံသော စာရွက်စာတမ်းအထောက်အထားမူရင်းများနှင့်တကွ ကျွန်ုပ်တို့ထံသို့ (၇)ရက်အတွင်း ကန့်ကွက်အရေးဆိုနိုင်ပါသည်။ ကန့်ကွက်ခြင်းမရှိပါက ဥပဒေနှင့်အညီအရောင်းအဝယ်ဆက်လက်ပြုလုပ်သွားမည်ဖြစ်ကြောင်း သိစေအပ်ပါသည်။

**လွှဲအပ်ညွှန်ကြားချက်အရ-**

| | |
|---|---|
| **ဦးကျော်မင်းနိုင်** | **ဦးကောင်းမြတ်ဇော်** |
| **အထက်တန်းရှေ့နေ (စဉ်-၄၈၈၈၀)** | **တရားလွှတ်တော်ရှေ့နေ (စဉ်-၁၂၇၉၂)** |

**အမှတ်(၄၆)၊ပထမထပ်(ဝဲ)၊မဟာဗန္ဓုလပန်းခြံလမ်း၊ကျောက်တံတားမြို့နယ်၊ ရန်ကုန်မြို့**

---

## ရန်ကုန်မြို့၊ သဃ်န်းကျွန်းမြို့နယ်၊ မြေတိုင်းရပ်ကွက် အမှတ်(၂၄) လူနေရပ်ကွက်အမှတ်(သုဝဏ္ဏ)၊ မြေကွက်အမှတ်(၁/A-17) မြေအမျိုးအစား (နှစ် ၆၀ ဂရန်) အကျယ်အဝန်း (အလျား ၁၇၁'+၂၅' / ၂၀'+၁၂' x အနံ ၁၄၉' / ၁၃၂' ၊ဧရိယာ(၂၈၉၃၃ စတုရန်းပေ) (၀.၆၆၄)ဧကရှိ မြေကွက်နှင့် ယင်းမြေကွက်ပေါ်၌ ဆောက်လုပ်ထားသော ရန်ကုန်မြို့၊ သဃ်န်းကျွန်းမြို့နယ်၊ (၂၄) ရပ်ကွက်၊ သံသုမာလမ်းသွယ်၊ အမှတ် (G-6)ဟုခေါ်တွင်သော အဆောက်အဦအပါအဝင် အကျိုးခံစားခွင့်အားလုံးတို့၏ အရောင်းအဝယ်ပြုလုပ်ခြင်းနှင့် ပတ်သက်ပြီး ကန့်ကွက်နိုင်ပါကြောင်း အများသိစေရန်ကြေညာခြင်း

အထက်ဖော်ပြပါ မြေနှင့်အဆောက်အဦအပါအဝင် အကျိုးခံစားခွင့် အရပ်ရပ်အားလုံးတို့ကို ဒေါ်ဥမ္မာကျော်[၁၀/မလမ(နိုင်)၁၄၃၁၉၁]နှင့် ဦးကျော်ဇောဝင်း[၁၂/လသန(နိုင်)၀၁၄၈၀၇]တို့က တရားဝင် အမည်ပေါက်ပိုင်ဆိုင်ကြောင်း၊ မိမိတို့မှသာ တရားဝင်ပိုင်ဆိုင်ပြီး လွှဲပြောင်းရောင်းချပိုင်ဆိုင်ခွင့်ရှိကြောင်း၊ အခြားသူများထံ ရောင်းချထားခြင်း၊ လွှဲပြောင်းထားခြင်း၊ ပေါင်နှံထားခြင်း၊ အမွေဆိုင်အရှုပ်အရှင်းနှင့် အမှုအခင်းများဖြစ်ပွားနေခြင်းတို့မှ ကင်းရှင်းပြီး လွှဲပြောင်းရောင်းချပိုင်ခွင့်ရှိသူများဖြစ်ကြောင်း၊ ပိုင်ဆိုင်ကြောင်း စာရွက်စာတမ်းမူရင်း (ဂရန်မူရင်း) အထောက်အထားများတင်ပြ၍ အရောင်းအဝယ်ပြုလုပ်ရန် ကျွန်ုပ်၏မိတ်ဆွေထံသို့ ကမ်းလှမ်းခဲ့ရာ ကျွန်ုပ်မိတ်ဆွေဖြစ်သူကလည်း ဝယ်ယူရန် သဘောတူညီပြီး အရောင်းအဝယ်ပြုလုပ်သည့် တန်ဖိုးငွေ၏ တစ်စိတ်တစ်ဒေသကို စရန်ငွေအဖြစ် ပေးချေခဲ့ပြီးဖြစ်ပါသည်။

သို့ဖြစ်ပါ၍ အထက်ဖော်ပြပါမြေကွက်နှင့် ယင်းမြေကွက်ပေါ်ရှိအဆောက်အဦအပါအဝင် အကျိုးခံစားခွင့်နှင့်ပတ်သက်၍ အရောင်းအဝယ်ပြုလုပ်ခြင်းကို ကန့်ကွက်လိုပါက ဤကြော်ငြာပါသည့်နေ့မှစ၍ (၇)ရက်အတွင်း ကျွန်ုပ်ထံသို့ အထောက်အထားစုံလင်စွာဖြင့် လူကိုယ်တိုင် လာရောက်ကန့်ကွက်နိုင်ပါကြောင်းနှင့် သတ်မှတ်ရက်ကျော်လွန်ပြီး ကန့်ကွက်သူမရှိပါက အရောင်းအဝယ်ပြုလုပ်ခြင်းကို ပြီးမြောက်အောင်မြင်သည်အထိ ဥပဒေနှင့်အညီ ဆက်လက်ဆောင်ရွက်သွားပါမည်ဖြစ်ကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

**လွှဲအပ်ညွှန်ကြားချက်အရ-**

**ဒေါ်တင်ဇာလွင်(LL.B)**
**တရားလွှတ်တော်ရှေ့နေ(စဉ်-၁၂၄၂၇)**
**အမှတ်-၇၁၀၊ ၂၅-လမ်း၊ (၅)ရပ်ကွက်၊ တောင်ဥက္ကလာပမြို့နယ်**
**09-8622327, 09-783535003**

---

## ကန့်ကွက်နိုင်ပါကြောင်း

ရန်ကုန်မြို့၊ ဒဂုံမြို့သစ်(အရှေ့ပိုင်း)မြို့နယ်၊ မြေတိုင်းရပ်ကွက်အမှတ်-၁၅၊ လူနေရပ်ကွက်အမှတ်(-)၊ မြေကွက်အမှတ်-၇၁၅၊ ဧရိယာ(၀.၀၅၅)ဧက၊ မြေအမျိုးအစား-နှစ်(၆၀)ဂရန်မြေပေါ်ရှိ အမှတ်(၇၁၅)၊ သဇင်(၂)လမ်း၊ ၁၅-ရပ်ကွက်၊ ဒဂုံမြို့သစ် (အရှေ့ပိုင်း)မြို့နယ်၊ ရန်ကုန်မြို့ဟုခေါ်တွင်သော မြေကွက်အကျိုးခံစားခွင့် အရပ်ရပ်တို့ကို မြို့မြေစာရင်း၏ အမည်ပေါက်ပိုင်ရှင်များဖြစ်ကြသော ဦးဟန်တင့်အောင်[၁၂/ဥကမ(နိုင်)၁၉၀၆၄၁]နှင့် ဒေါ်မြတ်စုမွန်[၉/ခအဇ(နိုင်)၀၁၀၈၉၉]တို့မှ တရားဝင် ပူးတွဲပိုင်ဆိုင်၍ လွှဲပြောင်းရောင်းချပိုင်ခွင့်ရှိကြောင်း ဝန်ခံပြောဆိုသဖြင့် ကျွန်ုပ်တို့မိတ်ဆွေကဝယ်ယူရန် စရန်ငွေတစ်စိတ်တစ်ဒေသ ပေးချေထားပြီး ဖြစ်ပါ၍ အကျိုးသက်ဆိုင်ခွင့်ရှိသူ မည်သူမဆို ခိုင်လုံသောစာရွက်စာတမ်း အထောက်အထားမူရင်းများနှင့်တကွ ကျွန်ုပ်တို့ထံသို့ (၇)ရက်အတွင်း ကန့်ကွက်အရေးဆိုနိုင်ပါသည်။ ကန့်ကွက်ခြင်းမရှိပါက ဥပဒေနှင့်အညီ အရောင်းအဝယ်ဆက်လက်ပြုလုပ်သွားမည်ဖြစ်ကြောင်း သိစေအပ်ပါသည်။

**လွှဲအပ်ညွှန်ကြားချက်အရ-**

| | |
|---|---|
| **ဦးကျော်မင်းနိုင်** | **ဦးကောင်းမြတ်ဇော်** |
| **အထက်တန်းရှေ့နေ(စဉ်-၄၈၈၈၀)** | **တရားလွှတ်တော်ရှေ့နေ(စဉ်-၁၂၇၉၂)** |

**အမှတ်(၄၆)၊ ပထမထပ်(ဝဲ)၊ မဟာဗန္ဓုလပန်းခြံလမ်း၊ ကျောက်တံတားမြို့နယ်၊ ရန်ကုန်မြို့။**

---

## ကန့်ကွက်နိုင်ပါကြောင်း

ရန်ကုန်မြို့၊ ဒဂုံမြို့သစ်(မြောက်ပိုင်း)မြို့နယ်၊ မြေတိုင်းရပ်ကွက်အမှတ်(၄၁)၊ မြေကွက်အမှတ်(၁၁၆၁)၊ မဥ္ဇူသကလမ်း၊ မြေအကျယ်အဝန်း (၄၀'-၈''x၆၀') ဧရိယာ (၀.၀၅၆) ဧကရှိ နှစ်(၆၀)ဂရန် မြေကွက်နှင့် ယင်းမြေကွက်ပေါ်ရှိ အဆောက်အဦအပါအဝင် အကျိုးခံစားခွင့်အရပ်ရပ်အားလုံးအား ဂရန်အမည်ပေါက် ပိုင်ရှင်ဖြစ်သော ဒေါ်သိန်းလှမြင့်[၇/သဝတ(နိုင်) ၀၅၈၂၂၃]မှ ပိုင်ဆိုင်မှု အရှုပ်အရှင်းကင်းရှင်း၍ ပြန်လည် လွှဲပြောင်းရောင်းချပိုင်ခွင့်ရှိကြောင်း ဝန်ခံကတိပြုပြောကြားလာသဖြင့် ကျွန်ုပ်၏မိတ်ဆွေမှ အပြီးအပိုင်ဝယ်ယူရန်အတွက် စရန်ငွေအဖြစ် (ရောင်းဖိုးငွေ၏ တစ်စိတ်တစ်ဒေသကို) ပေးချေထားပြီးဖြစ်ပါသည်။ ကန့်ကွက်လိုသူများရှိပါက ခိုင်လုံသော စာချုပ်စာတမ်းမူရင်း အထောက်အထားများဖြင့် ဤကြော်ငြာပါသည့်နေ့မှစ၍ (၁၄)ရက်အတွင်း ကျွန်ုပ်ထံ လာရောက်ကန့်ကွက်နိုင်ပါသည်။ ကန့်ကွက်သူမရှိပါက ဤအရောင်းအဝယ်အား ဥပဒေနှင့်အညီ ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

**ဝယ်ယူသူ၏ လွှဲအပ်ညွှန်ကြားချက်အရ-**
**ဒေါ်မွန်မွန်ချို (LL.B)**
**တရားလွှတ်တော်ရှေ့နေ (စဉ်-၁၂၂၆၈)**
**အမှတ်(၄၅၀/ခ)၊ ဒုတိယထပ်၊ ကောလိယလမ်း၊ (၁၃) ရပ်ကွက်၊ တောင်ဥက္ကလာပမြို့နယ်၊ ရန်ကုန်မြို့။**
**ဖုန်း-၀၉-၂၅၀၆၈၅၇၁၇၊ ၀၉-၇၉၇၆၄၀၆၁၆**

## ဝမ်းနည်းကြေကွဲခြင်း
### ဘုရား၊ ရဟန်း၊ သိမ်၊ ကျောင်း ဒါယိကာမကြီး
### ဒေါ်သိန်းတင်
### အသက်(၈၈) နှစ်

မန္တလေးမြို့၊ မဟာအောင်မြေမြို့နယ်၊ မဟာမြိုင်ရပ်ကွက်၊ သိပ္ပံလမ်း၊ အမှတ် မ-၁/၁၂နေ ဦးတင်ယု၏ဇနီး၊ KBZ Bank /KBZ Group၏ နာယက ဦးအောင်ကိုဝင်း-ဒေါ်နန်းသန်းထွေးတို့၏ ချစ်လှစွာသောမိခင် ဒေါ်သိန်းတင်သည် ၇-၆-၂၀၂၀ ရက်(တနင်္ဂနွေနေ့)၊ ညနေ ၅:၄၀ နာရီတွင် ကွယ်လွန်သွားကြောင်း သိရှိရပါသဖြင့် ကျန်ရစ်သူ မိသားစုနှင့်အတူ ထပ်တူထပ်မျှ ဝမ်းနည်းကြေကွဲရပါသည်။

**ပါမောက္ခဒေါက်တာဝင်းမြတ်အေးနှင့်ဇနီး ပါမောက္ခဒေါက်တာမြသီတာ**

## ဝမ်းနည်းကြေကွဲခြင်း
### ဘုရား၊ ရဟန်း၊ သိမ်၊ ကျောင်း ဒါယိကာမကြီး
### ဒေါ်သိန်းတင်(မန္တလေး)
### အသက်(၈၈)နှစ်

မန္တလေးမြို့၊ မဟာအောင်မြေမြို့နယ်၊ မဟာမြိုင်ရပ်ကွက်၊ သိပ္ပံလမ်း၊ အမှတ် မ-၁/၁၂ နေ ဦးတင်ယု၏ ဇနီး၊ KBZ Bank/KBZ Group၏ နာယကကြီး ဦးအောင်ကိုဝင်း-ဒေါ်နန်းသန်းထွေးတို့၏မိခင်၊ ဒေါ်နန်းလိုင်းခမ်း(ဒုတိယအမှုဆောင်အရာရှိချုပ်-KBZ Bank)၊ ဒေါ်နန်းခမ်းနောင့်(ဒုတိယအမှုဆောင်အရာရှိချုပ်-KBZ Bank)နှင့် ဒေါ်နန်းမိုဟွမ် (အမှုဆောင်ဒါရိုက်တာ-KBZ Bank) တို့၏ အဘွားဖြစ်သူ ဒေါ်သိန်းတင်သည် ၇-၆-၂၀၂၀ (တနင်္ဂနွေနေ့)၊ ညနေ (၅:၄၀)နာရီတွင် ကွယ်လွန်သွားပါသဖြင့် မိသားစုနှင့် ထပ်တူထပ်မျှ ဝမ်းနည်းကြေကွဲရပါသည်။

**အုပ်ချုပ်မှုဒါရိုက်တာနှင့် အရာထမ်း၊ ဝန်ထမ်းများ**
**Myanmar Billion Group (MBG)**
**Yamonnar Oo Resort Hotel (Ngwe Saung Beach)**

ကျောက်မြောင်း၊
တာမွေမြို့နယ်
မြေညီ-ရောင်းမည်
သိန်း (၆၀၀)
ဖုန်း-၀၉-၇၆၅၁၅၈၆၃၂

## ပျောက်ဆုံးကြောင်း

Heli Myanmar Co., Ltd ၏ ထုတ်ကုန် သွင်းကုန် ကတ်မူရင်းသည် ရုံးခန်း အပြောင်းအရွှေ့တွင် ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိပါက ဆက်သွယ်ပေးပါရန်။ ကျေးဇူးဆပ်ပါမည်။

**ဖုန်း-၀၉-၄၂၀၇၁၃၀၅၉**

## ကန့်ကွက်နိုင်ကြောင်း ကြော်ငြာခြင်း

နေပြည်တော်၊ ဥတ္တရသီရိမြို့၊ သဲကျွန်းရပ်ကွက်၊ မြေတိုင်းရပ်ကွက် အမှတ်-၁၂/သဲကျွန်းအနောက်ရပ်၊ မြေဧရိယာ(၀.၀၅၅)ဧက၊ မြေကွက်အမှတ်(ဥသ-၄၀၄၉)၊ ဦးခင်ငွေ(ဘ) ဦးချစ်ဟန် အမည်ပေါက် နှစ်(၃၀) မြေငှားစာချုပ် မြေကွက်ကိုဒေါ်သီတာကျော် [၁၀/သထန(နိုင်)၀၉၈၂၂၆] (ဘ) ဦးကျော်ညွန့်မှ နေပြည်တော် စာချုပ်စာတမ်းမှတ်ပုံတင်ရုံး၏ အထွေထွေကိုယ်စားလှယ်လွှဲစာ အမှတ် ၁၀၃/၂၀၂၀(၁၄-၁-၂၀၂၀)တင်ပြ၍ ဦးပိုင်စိုးဝင်း [၉/ပမန(နိုင်)၁၄၄၈၃၀] (ဘ) ဦးစိန်ဝင်း အမည်ဖြင့် မှတ်ပုံတင် အရောင်းအဝယ်စာချုပ်ချုပ်ဆိုရန် မြေပုံ/မြေရာဇဝင်ရေးကူးခွင့် လျှောက်ထားလာပါသဖြင့် ကန့်ကွက်လိုသူများအနေဖြင့် တရားဝင်ပိုင်ဆိုင်မှုစာချုပ်စာတမ်းများ၊ တရားရုံးအမိန့်ဒီကရီများ၊ အထောက်အထားခိုင်လုံစွာတင်ပြ၍ နေပြည်တော် စည်ပင်သာယာရေးကော်မတီ၊ မြို့ပြစီမံကိန်းနှင့် မြေစီမံခန့်ခွဲမှုဌာနသို့ ကြော်ငြာစာပါသည့်နေ့မှစ၍ (၁၅)ရက်အတွင်း လာရောက် ကန့်ကွက်နိုင်ကြောင်းနှင့် သတ်မှတ်ကာလအတွင်း ကန့်ကွက်မှုမရှိပါက ဌာန၏လုပ်ထုံးလုပ်နည်းများနှင့်အညီ မြေပုံ/မြေရာဇဝင်ရေးကူးခွင့်လျှောက်ထားလာမှုအား ဆက်လက်ဆောင်ရွက်ပေးသွားမည်ဖြစ်ကြောင်း ကြော်ငြာလိုက်သည်။

**မြို့ပြစီမံကိန်းနှင့် မြေစီမံခန့်ခွဲမှုဌာန**
**နေပြည်တော်စည်ပင်သာယာရေး**
**ကော်မတီ**

## ဝမ်းနည်းကြေကွဲခြင်း
### ဘုရား၊ ရဟန်း၊ သိမ်၊ ကျောင်း ဒါယိကာမကြီး
### ဒေါ်သိန်းတင်
### အသက်(၈၈) နှစ်

မန္တလေးမြို့၊ မဟာအောင်မြေမြို့နယ်၊ မဟာမြိုင်ရပ်ကွက်၊ သိပ္ပံလမ်း၊ အမှတ် မ-၁/၁၂နေ ဦးတင်ယု၏ ဇနီး၊ ဦးအောင်ကိုဝင်း-ဒေါ်နန်းသန်းထွေးတို့၏ ချစ်လှစွာသောမိခင် ဒေါ်သိန်းတင်သည် ၇-၆-၂၀၂၀ ရက် (တနင်္ဂနွေနေ့)၊ ညနေ ၅:၄၀ နာရီတွင် ကွယ်လွန်သွားကြောင်း သိရှိရပါသဖြင့် ကျန်ရစ်သူ မိသားစုနှင့်အတူ ထပ်တူထပ်မျှ ဝမ်းနည်းကြေကွဲရပါသည်။ **ဒုတိယရဲဗိုလ်ချုပ်ကြီးအောင်ဝင်းဦးနှင့်ဇနီးဒေါ်စန်းစန်းထွန်း**

## ဝမ်းနည်းကြေကွဲခြင်း
### ဘုရား၊ ရဟန်း၊ သိမ်၊ ကျောင်း ဒါယိကာမကြီး
### ဒေါ်သိန်းတင်
### အသက်(၈၈) နှစ်
### (မန္တလေး)

KBZ Bank/KBZ Group၏ နာယကကြီး ဝဏ္ဏကျော်ထင်၊ စည်သူ၊ သရေစည်သူ၊ ဦးအောင်ကိုဝင်း - အဂ္ဂမဟာသီရိသုဓမ္မသိင်္ဂီ ဒေါ်နန်းသန်းထွေး (လူမှုထူးချွန်ပထမဆင့်) တို့၏ မိခင်၊ ဒေါ်နန်းလိုင်းခမ်း (ဒုတိယအမှုဆောင်အရာရှိချုပ်-KBZ Bank)၊ ဒေါ်နန်းခမ်းနောင့် (ဒုတိယအမှုဆောင်အရာရှိချုပ်-KBZ Bank)နှင့် ဒေါ်နန်းမိုဟွမ် (အမှုဆောင်ဒါရိုက်တာ-KBZ Bank)တို့၏အဘွားဖြစ်သူ ဒေါ်သိန်းတင် အသက်(၈၈)နှစ်သည် ၇-၆-၂၀၂၀ (တနင်္ဂနွေနေ့)တွင် ကွယ်လွန်သွားကြောင်း သိရှိရပါသဖြင့် မိသားစုနှင့် ထပ်တူထပ်မျှ ဝမ်းနည်းကြေကွဲရပါသည်။

**ဥက္ကဋ္ဌနှင့် ဒါရိုက်တာအဖွဲ့**
**Ever Winner Co.,Ltd**

## အထူးဝမ်းနည်းကြေကွဲခြင်း
### ဘုရား၊ ရဟန်း၊ သိမ်၊ ကျောင်း၊ ဒါယိကာမကြီး
### ဒေါ်သိန်းတင် (မန္တလေး)
### အသက် (၈၈) နှစ်

မန္တလေးတိုင်းဒေသကြီး၊ မန္တလေးမြို့၊ မဟာအောင်မြေမြို့နယ်နေ ဦးတင်ယု၏ဇနီး၊ ကမ္ဘောဇဘဏ်လီမိတက် နာယကကြီး ဝဏ္ဏကျော်ထင်၊ စည်သူ၊ သရေစည်သူ ဦးအောင်ကိုဝင်း (KBZ BANK/KBZ GROUP)-အဂ္ဂမဟာသီရိသုဓမ္မသိင်္ဂီ ဒေါ်နန်းသန်းထွေး (လူမှုထူးချွန်ပထမဆင့်) တို့၏မိခင်ကြီး ဒေါ်နန်းလိုင်းခမ်း၊ ဒေါ်နန်းခမ်းနောင့်နှင့် ဒေါ်နန်းမိုဟွမ် တို့၏အဘွား ဒေါ်သိန်းတင် (၈၈) နှစ်သည် ၇-၆-၂၀၂၀ရက် (တနင်္ဂနွေနေ့)၊ ညနေ ၅:၄၀ နာရီတွင် ကွယ်လွန်သွားကြောင်း သိရှိရပါသဖြင့် မိသားစုများနှင့် ထပ်တူထပ်မျှ ဝမ်းနည်းကြေကွဲရပါသည်။

**ဦးတင်ရွှေ- (ဒေါ်ချယ်ရီ)-ဒေါ်လှလှငွေ(Golden Cherry အထည်ဆိုင်)**
**သားများ ကိုဇင်လင်းဦး၊ ကိုသက်ဇော်အောင်၊ ကိုဇေယျာဖြိုး၊**
**မောင်နိုင်ဟိန်းထက်**
**ယုဇနပလာဇာ (R 21,R 22) ရန်ကုန်**

## အထူးဝမ်းနည်းကြေကွဲခြင်း
### ဘုရား၊ ရဟန်း၊ သိမ်၊ ကျောင်း ဒါယိကာမကြီး
### ဒေါ်သိန်းတင်
### (မန္တလေး)
### အသက် (၈၈) နှစ်

KBZ BANK/KBZ GROUP ၏နာယကကြီး ဦးအောင်ကိုဝင်း-ဒေါ်နန်းသန်းထွေးတို့၏မိခင်၊ ဒေါ်နန်းလိုင်းခမ်း (ဒုတိယအမှုဆောင်အရာရှိချုပ်-KBZ Bank)၊ ဒေါ်နန်းခမ်းနောင့် (ဒုတိယအမှုဆောင်အရာရှိချုပ်-KBZ Bank)နှင့် ဒေါ်နန်းမိုဟွမ် (အမှုဆောင် ဒါရိုက်တာ-KBZ Bank)တို့၏အဘွားဖြစ်သူ ဒေါ်သိန်းတင် အသက် (၈၈) နှစ်သည် ၇-၆-၂၀၂၀ရက် (တနင်္ဂနွေနေ့) ညနေ ၅:၄၀ နာရီတွင် ကွယ်လွန်သွားကြောင်း သိရှိရပါသဖြင့် မိသားစုနှင့်ထပ်တူထပ်မျှ ဝမ်းနည်းကြေကွဲရပါသည်။

**KBZ Stirling Coleman Securities Co.,Ltd**

## အထူးဝမ်းနည်းကြေကွဲခြင်း
### ဘုရား၊ ရဟန်း၊ သိမ်၊ ကျောင်း ဒါယိကာမကြီး
### ဒေါ်သိန်းတင်
### အသက် (၈၈) နှစ်
### (မန္တလေး)

KBZ GROUP ၏ နာယကကြီး ဦးလေး ဦးအောင်ကိုဝင်းနှင့် ဇနီး ဒေါ်လေးဒေါ်နန်းသန်းထွေးတို့၏မိခင်ကြီး ဒေါ်သိန်းတင် အသက်(၈၈) နှစ်သည် ၇-၆-၂၀၂၀ရက် (တနင်္ဂနွေနေ့) ညနေ ၅:၄၀ နာရီတွင် ကွယ်လွန်သွားကြောင်း ကြားသိရသည့်အတွက် ကျန်ရစ်သူမိသားစုနှင့်အတူ ထပ်တူထပ်မျှ အထူးဝမ်းနည်းကြေကွဲရပါကြောင်း။

**ဦးအောင်စိုးသာ- ဒေါ်ခိုင်ပြည့်စုံကြိုင် မိသားစု**
**မြန်မာစီးပွားဆက်လုပ်ငန်းစု**

## ဝမ်းနည်းကြေကွဲခြင်း
### ဘုရား၊ ရဟန်း၊ သိမ်၊ ကျောင်း ဒါယိကာမကြီး
### ဒေါ်သိန်းတင်
### (မန္တလေး)
### အသက်(၈၈)နှစ်

